# အခန်း(၂၈၆) - ခုလုခုလု ဖြစ်သွားအောင် လုပ်သွားခြင်း...

"ကျိရောင်ဖန်..... ငါတို့ရဲ့ လက်ထပ်ပွဲကို အခုပဲ ဖျက်တယ်..."

တန်ပင်ဂျီက ရုတ်တရုတ် ပြောလိုက်သည်။

ကျိရောင်ဖန်က တန်ပင်ဂျီကို ကြည့်လိုက်ပြီး ဒေါသထွက်နေသော လေသံနှင့်......

"အပျက်မ...၊ မင်း ဘာပြောတာလဲ...."

တန်ပင်ဂျီက အေးစက်နေသော လေသံနှင့်.....

"ကျိုရောင်ဖန်.. မီးနဂါး အင်ပါယာက ငါတို့ တန်ထန် အင်ပါယာကို ခြိမ်းခြောက်လို့ ဒီလက်ထပ်ပွဲ ဖြစ်လာတာ...... အခု နင်က ငါ့ကို အကျပ်ကိုင်နိုင်သေးတယ်လို့ ထင်နေတာလား......"

"အပျက်မ....."

"မင်း စောင့်နေ....."

ကျိုရောင်ဖန်က အလွန် ဒေါသ ထွက်နေသည်။

ယခုလက်ရှိ အခြေအနေတွင် တန်ပင်ဂျီ၏ အပြုအမူက ကျိုးရောင်ဖန်၏ အနာကို ဆားနှင့် ပက်လိုက်သလို ဖြစ်နေသည်။

"နင်က မီးနဂါး အင်ပါယာရဲ့ ဧကရာဇ် ဖြစ်လာရင်တောင် နင့် ဖိဖုရားလုပ်ဖို့ စိတ် မဝင်စားဘူး....."

တန်ပင်ဂျီက ချာခနဲ နေအောင် လှည့်ထွက် သွားသည်။

မကြာခင် ကျိုးရောင်ဖန်က ဒယ်အိုး ဖင်ကဲ့သို့ မည်းနက်နေသော မျက်နှာနှင့် ထွက်သွားသည်။

ပတ်ဝန်းကျင်မှ သူ့ကို ကြည့်နေသော အကြည့်များကြောင့် လူရှင်တော် တစ်ယောက်ကဲ့သို့ ခံစား နေရသည်။

ညဥ့်နက်သွားသည့် အချိန်တွင် ကျိရောင်ဖန်က လက်အောက် ငယ်သား အနည်းငယ်နှင့်အတူ ချမ်ဂျူးမြို့မှ တိတ်တိတ်လေး ထွက်ခွာသွားသည်။ ရာဇပလ္လင်ကို အမွေ ဆက်ခံနိုင်ရန် မီးနဂါး အင်ပါယာသို့ အလျင်အမြန် ပြန်ရမည်......

ချမ်ဂျူးမြို့မှ ထွက်ခွာရန် အန္တရာယ် ရှိနေသော်လည်း ရာဇပလ္လင်၏ သွေးဆောင်မှုက ကျိုရောင်ဖန် အတွက် အလွန် ဆွဲဆောင်မှု ရှိနေသည်။

တန်ပင်ဂျီက ချင်ယန်ထံ ရောက်လာသည်။

"ချင်ယန်၊ နင့်ကို လျှို့ဝှက်ချက် တစ်ခု ပြောစရာ ရှိတယ်.... နှစ်ယောက်တည်း သီးသန့် ပြောလို့ ရမလား...."

တန်ပင်ဂျီက ပါးစပ်မှ ထုတ်ပြောလိုက်သည်။

"ကဲ ပြော....."

တိတ်ဆိတ်နေသော အခန်းထဲ ဝင်သွားပြီးနောက် ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။ ယခုအခါ သူက ယွမ်ဟိုင်နယ်ပယ်တွင် ရှိနေသဖြင့် တန်ပင်ဂျီက သူ့ကို လျှော့တွက်လိုက်မည် ဆိုပါက အသေဆိုးနှင့် သေသွားလိမ့်မည်။

"ချင်ယန်..... ကျိရောင်ဖန်က ငါ့ခန္ဓာကိုယ်ကို လုံးဝ မယူရသေးဘူး...."

"ငါ့ရဲ့ ပထမဦးဆုံး အကြိမ်ကို နင့်ကို ပေးမယ်... ငါ့ကို လွှတ်ပေးပါ... တန်ထန် အင်ပါယာကိုလည်း လွှတ်ပေးပါ..... ဒီလိုဆို အဆင်ပြေ နိုင်မလား..."

တန်ပင်ဂျီက တောင်းပန်စကား ပြောရင်း သူမ၏ လှပသော စကတ်ကို ဆွဲချွတ် ချလိုက်သဖြင့် ဆွဲဆောင်ရှိသည့် သူမ ရတနာက ကွက်ကွက် ကွင်းကွင်း ပေါ်လွင်လာသည်။

ဘာရယ် မဟုတ် ချင်ယန်က တရုတ်ဆိုင်တွင် မနက်ပိုင်း ကြော်နေကျ စမူဆာကိုပင် သတိရ သွားသည်။

ထို့နောက် ချင်ယန်က တန်ပင်ဂျီကို ရွံရှာသလို ကြည့်လိုက်ပြီး.....

"တန်ပင်ဂျီ... သာမန် အမျိုးသမီးသာ တစ်ယောက်က ဒီလို လုပ်ပြရင် ငါ စိတ်ထဲထားမှာ မဟုတ်ဘူး...."

"ဒါပေမဲ့ မင်းဆိုရင်တော့ သေရမယ်...."

တန်ပင်ဂျီ၏ မျက်လုံးထဲတွင် မျည်ရည်များ ပြည့်လျှံလာ၍ စီးကျလာပြီး......

"ချင်ယန်.... ငါမှားခဲ့တယ် ဆိုတာ တကယ် သိပါတယ်..... ငါ မှားခဲ့တာတွေကလည်း အများကြီးပါ။ နင့်က ငါ့ကို ပြင်းပြင်းထန်ထန် နှိမ့်ချပြီး ကျွန်တစ်ယောက် လုပ်ဆိုလည်း

လုပ်ပါ့မယ်..... ဒါပေမဲ့ ကျေးဇူးပြုပြီး တန်ထန် အင်ပါယာကိုတော့ ချမ်းသာပေးပါ...."

"ချင်ယန်.. ငါတို့ စေ့စပ်ပွဲ လုပ်ထားတယ်လေ... နင်ငါ့ကို အရမ်း လွမ်းနေတယ် မဟုတ်လား....."

တန်ပင်ဂျီက အလွန် လှပသည်။ လှပသော မိန်းကလေး တစ်ယောက်က မျက်ရည်များနှင့် တိုက်ခိုက်လာမည် ဆိုပါက ယောကျ်ားများက အကြိမ်ကြိမ် လဲ သေသွားနိုင်သည်။ အထူးသဖြင့် ယခုလက်ရှိ ကိုယ်လုံးတီး ဖြစ်နေသည့် တန်ပင်ဂျီက ပြောလာသည့် အချိန်တွင် ဖြစ်သည်။

သို့သော် ချင်ယန်၏ မျက်လုံးများက အေးစက်ဆဲ အေးစက်မြဲပင်.... ။

"ချင်ယန်... ဘာဖြစ်လို့ ငါ့ကို သတ်မှရမှာလဲ...."

တန်ပင်ဂျီက မျက်ရည်များ သုတ်လိုက်ပြီး သူမ နားမလည်နိုင်သည့် အချက်ကို ထုတ်မေးလိုက်သည်။

" အရင် အချိန်တုန်းက ငါ့အမေ ဘယ်လို အဆိပ်မိခဲ့တာလဲ ဆိုတာကို မေ့သွားပြီလား...."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

တန်ပင်ဂျီက တုန်လှုပ်သွားပြီး ထိတ်လန့်နေသော အမူအရာနှင့် ချင်ယန်ကို ကြည့်လိုက်သည်။

'ချင်ယန်က ဒါကို ဘယ်လို သိတာလဲ....”

“မင်းရဲ့ သိုင်းဝိညာဉ်က ပင်ဝမ် အဆိပ် အင်းဆက်က..... ငါ့ရဲ့ ပင်ကိုယ်ပါရမီကို ဝါးမြို ချင်နေတာ မေ့သွားပြီလား.....”

တန်ပင်ဂျီ၏ မျက်နှာက ဖြူဖျော့သွားပြီး ချွေးစေးများ ထွက်လာသည်။

တန်ပင်ဂျီက ချင်ယန် မသိသေးသည့် အရာအချို့ ရှိနေသေးသည်ဟု ထင်နေခဲ့သည်။ ထို့ကြောင့် ချင်ယန်ထံ လာပြီး ကိုယ်လုံးတီး ချွတ်ပြကာ ချင်ယန်နှင့် လိင်ဆက်ဆံရန် စိတ်ကူးနေခြင်း ဖြစ်သည်။ တန်ထန် အင်ပါယာ အားကောင်းလာသည့် အချိန်အထိ စောင့်မည်။ ထိုအခါ ချင်ယန်ကို သတ်ပစ်နိုင်မည့် အခွင့်အရေး ရှိနေသေးသည်။

ယခုမူ သူမက တစ်ဖက်သတ် အတွေးနှင့် လေထဲ တိုက်အိမ် ဆောက်နေခြင်းသာ ဖြစ်ကြောင်း ကောင်းကောင်း သိသွားသည်။

သူမက ရှီယန်ကို အဆိပ်ခတ်လိုက်သဖြင့် ရှီယန်က နေမကောင်းဖြစ်ပြီး ကျင့်ကြံခြင်း အခြေခံ ပျက်ဆီးသွားသည့် အကြောင်းနှင့် ချင်ယန်၏ ပင်ကိုယ် ပါရမီအား ဝါးမြို ချင်နေသည့် အကြောင်းကိုပင် သိနေသည်။

ချင်ယန် အခွင့်အရေး ယူနိုင်အောင် ကိုယ်လုံးတီး ချွတ်ပြထားသည်။ ချင်ယန်က သခင်နှင့် ကျေးကျွန်

စာချုပ် ချုပ်ဆိုချင်သည်ဟု ပြောလျှင်ပင် သူမက သဘောတူ လက်ခံရန် စဉ်းစားထားသည်။

"တန်ပင်ဂျီ၊ ငါ့ကို ကြည့်စမ်း...."

ချင်ယန်က တန်ပင်ဂျီ၏ မျက်လုံးကို တည့်တည့် စိုက်ကြည့်ပြီး ပြောလိုက်သည်။

တန်ပင်ဂျီ၏ မျက်လုံးများက ငေးငေးငိုင်ငိုင် ဖြစ်သွားသည်။ ချင်ယန်နှင့် သူမ၏ ခွန်အား ကွာခြားချက်က အလွန် ကြီးမားနေသဖြင့် ခဏလေးအတွင်းမှာပင် ချင်ယန်၏ စိတ်ညှို့ခြင်းကို ခံလိုက်ရသည်။

"မင်းက အကယ်ဒမီက စစ်ဆင်ရေး တစ်ခု ရွေးလိုက်.. စစ်ဆင်ရေး လုပ်မယ်ဆိုပြီး ဒီည ချမ်ဂျူး အကယ်ဒမီက ထွက်သွားရမယ်...."

"စစ်ဆင်ရေး လုပ်နေတဲ့ အချိန်မှာ သေဖို့ သင့်တော်တဲ့ အခြေအနေ တစ်ခုကို မင်း ရွေးချယ်ရမယ်..... အပြင်လူတွေက မတော်တဆ ဖြစ်ပြီး သေသွားတယ်လို့ ထင်အောင် လုပ်ရမယ်..."

"ဟုတ်ကဲ့...."

တန်ပင်ဂျီက ငေးငေးငိုင်ငိုင် အမူအရာနှင့် ပြန်ပြောလိုက်သည်။

ချင်ယန်က  အရေးမစိုက်သော လေသံနှင့်.....

"မင်း အဝတ်အစားတွေ ဝတ်ပြီး ထွက်သွားတော့...."

တန်ပင်ဂျီက အဝတ်အစားများကို အမြန် ပြန်ဝတ်ပြီး  ထွက်ခွာသွားသည်။

အကယ်၍ အဆင်ပြေမည် ဆိုလျှင် ချင်ယန်က တန်ပင်ဂျီကို ကိုယ်တိုင် ကိုယ်ကျ သတ်ပစ် ချင်နေသေးသည်။ မသတ်ခင် ပြင်းပြင်းထန်ထန် နှိပ်စက်အုံးမည်။

ယခုမူ တန်ပင်ဂျီက ချမ်ဂျူး အကယ်ဒမီ၏ ကျောင်းသား တစ်ယောက် ဖြစ်နေသည်။

ထောင်ကွမ်ယွီနှင့် ရန်ခွန်တို့က သူ့ကို မျက်လုံး ဒေါက်ထောက် ကြည့်နေပြီး အမှားလုပ်မည့် အချိန်ကို စောင့် နေကြသည်။ တန်ပင်ဂျီကို သတ်ပစ်လိုက်သည်နှင့် ထောင်ကွမ်ယွီနှင့် ရန်ခွန်တို့က ချင်ယန်ကို ချမ်ဂျူး အကယ်ဒမီမှ ထုတ်ပယ်ပြီး အများသိအောင် ကြေငြာလိမ့်မည်။

ထို့အပြင် ရှန်းမိသားစုကလည်း တန်ထန် အင်ပါယာတွင် ရှိနေသေးသည်။

ချင်ယန်က ရှီမိသားစု ပျက်သုန်းမည့် အရေးကို ဂရုမစိုက်ပေ။ ရှောင်ကျူဝမ်တို့ ညီအစ်မ နှစ်ယောက်ကလည်း သူမတို့၏ ရှောင်မိသားစု အပေါ်တွင် ခံစားချက် မရှိပေ။ ရှန်းယုလင်းကသာ သူမ မိသားစုအပေါ် ခံစားချက် ရှိသည်.။

ချင်ယန်က တန်ပင်ဂျီကို တိုက်ရိုက် သတ်လိုက်ပါက ရှန်းမိသားစုနှင့် မင် မိသားစုက ကြီးကြီးမားမား ဘေးဒုက္ခ ဖြစ်သွားလိမ့်မည်။

“ချင်ယန်.... နင်က တောင့်ခံနိုင်တာပဲ....”

ချင်ယန်က အခန်းထဲမှ ထွက်လာသည်နှင့် ရှောင်ကျူဝမ်က စပ်ဖြဲဖြဲ အမူအရာနှင့် ချင်ယန်ကို ကြည့်ပြီး ပြောလိုက်သည်။

"ကြားလိုက်တာလား..."

ချင်ယန်က ဒေါသ ထွက်နေသော အမူရာနှင့် ပြောလိုက်သည်။

ရှောင်ကျူဝမ်က နှုတ်ခမ်းကို တွန့်ကွေး လိုက်ပြီး.....

ငါက ခိုးနားထောင်ဖို့ အစီအစဉ် မရှိပါဘူး...... ဒါပေမဲ့ အခုက်လက်ရှိ ငါ့ရဲ့ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟူနယ်ပယ် အဆင့် (၉) ဖြစ်နေတော့ မကြားချင်လည်း ကြားနေရတယ်..."

"နောက်ပြီးတော့ မင်းအတွက် နည်းနည်းလေး စိုးရိမ်တယ်...... တကယ်လို့ တန်ပင်ဂျီသာ ဒီလိုမျိုး မဟုတ်ရင် ဘယ်လိုလုပ်မလဲ...."

ချင်ယန်က မျက်လုံးပြူးပြီး ကြည့်လိုက်သည်။

ရှောင်ကျူယင်က....

"အစ်မ.. မင်းတို့ ဘာတွေ ပြောနေတာလဲ..... ဘာကို တောင့်ခံနိုင်တာလဲ...."

"ဘာမှ မဟုတ်ပါဘူး....."

ရှောင်ကျူဝမ်က ပြုံးပြီး ခေါင်းခါလိုက်သည်။ ယခုလေးတင် တန်ပင်ဂျီက တိတ်ဆိတ်နေသော အခန်းလေးထဲတွင် အဝတ်အစား အားလုံး ချွတ်ခဲ့သည်။ ထိုအကြောင်းကို ရှောင်ကျူယင်နှင့် ရှင်းယုလင်းတို့ကို မသိစေချင်ပေ။ သူမတို့ နှစ်ယောက်က ငယ်ငယ်လေးသာ ရှိသေးသည်။

"ချင်ယန်၊ ငါ အိပ်တော့မယ်.... တံခါး မပိတ်ထားဘူးနော်....."

ရှောင်ကျူဝမ်က ချင်ယန်ကို မျက်စပစ်ပြရင်း အသံပို့လွှတ်ကာ ပြောလိုက်သည်။

ချင်ယန်က အသက် ခပ်ပြင်းပြင်းလေး ရှူပြီး ထကြွလာသော ညီလေးကို ပြန်ချိုးနှိမ် လိုက်ရသည်။

'ဒီနတ်သမီးကတော့..'

တန်ပင်ဂျီတွင် ကင်းမြီးကောက် အသည်းနှလုံး ရှိသော်လည်း အလွန် လှပသည်ဟု ပြောရမည်။

သူမ ခန္တာကိုယ်ကို တွေ့လိုက်သည့် အချိန်၌ ချင်ယန် ခန္တာကိုယ်တွင် တုံ့ပြန်မှု အချို့ ရှိခဲ့သည်။

ယခုအခါ ရှောင်ကျူဝမ်က သူ့ကို လာစနေသည်။ ချင်ယန်က ရှောင်ကျူဝမ် အပေါ် ခံစားချက် ရှိသဖြင့် သူမကို ကုတင်ပေါ် တွန်းလှဲ ပစ်ချင်နေသည်။

ရုပ်ရည်အားဖြင့် ဆိုလျှင် ယခုလက်ရှိ ရှောင်ကျူဝမ်က တန်ပင်ဂျီထက် သာလွန်နေသည်။ ရှောင်ကျူဝမ်က အသက် (၂၀) ရှိပြီး တန်ပင်ဂျီက အသက် (၁၅)နှစ်သာ ရှိသေးသည်။ ခန္တာကိုယ်

ကောက်ကြောင်းအရ ရှောင်ကျူဝမ်က အပုံကြီး သာနေသည်။

'စိတ်လျှော့.... စိတ်လျှော့...'

'မိုးထဲ လေထဲမှာ ဒူးချောင်လို့ မရဘူး...'

ချင်ယန်က စိတ်တည်ငြိမ်စေရန် တိတ်တိတ်လေး ဝင်သက်၊ ထွက်သက် မှတ်နေလိုက်သည်။

ရှောင်ကျူဝမ်က သူ့အသက်ကို ကယ်တင်ခဲ့သည်။ သို့သော် ပြန်လည် မမွေးဖွားခင်တွင် ချင်ယန်က စုရှယုနှင့် အတူတူ လက်တွဲပြီး သေခြင်း၊ ရှင်ခြင်း

အများကြီးကို ဖြတ်ကျော်ခဲ့ဖူးသည်။ ထို့ကြောင့် ဆက်ဆံရေးခြင်း နှိုင်းယှဉ်မည် ဆိုပါက ရှောင်ကျူဝမ်နှင့် အခြားလူများက အများကြီး အားနည်း နေသေးသည်။

ယခုလက်ရှိတွင် စုရှယုက အသက် (၁၂) နှစ်ကျော်သာ ရှိသေးသည်။

ထို့အပြင် သူတော်စင် နတ်ဘုရား အင်အားစုက ကြယ် (၉) ပွင့် အင်အားစု ဖြစ်ပြီး နဂါးဟိန်း တိုက်ကြီးမှ မဟုတ်ပေ။

စု မိသားစုက သူတော်စင် နတ်ဘုရား အင်အားစု၏ အင်ပါယာ မိသားစု မဟုတ်သော်လည်း အဆင့် (၈) အင်အားစု ဖြစ်နေသည်။ ထို့အပြင် စု မိသားစုတွင် အဆင့် (၉) တန်ခိုးရှင် ရှိနေသည်။

"ငါ့ မိန်းမကိုပဲ တန်ဖိုးထားရမယ်..... နောက်ထပ် နှစ်နှစ်ကျော်လောက် ထပ်စောင့်ရမယ်..."

"မင် အသက် (၁၄)နှစ် မပြည့်ခင် သေချာပေါက် လာရှာမယ်....."

ချင်ယန်၏ မျက်လုံးများ တလက်လက် တောက်ပလာသည်။ စုရှယု အသက် (၁၄) နှစ်ပြည့်

မွေးနေ့တွင် သူတော်စင် နတ်ဘုရား အင်အားစု၏ အိမ်ရှေ့မင်းသားနှင့် စေ့စပ်ခဲ့သည်။

ချင်ယန် ပြန်လည် မမွေးဖွားခင်က စုရှယုက ထိုစေ့စပ်ပွဲကို ငြင်းဆန်ခဲ့ပြီး အိမ်မှ ထွက်ပြေးခဲ့သဖြင့် နဂါးဟိန်း တိုက်ကြီးသို့ ရောက်လာခဲ့သည်။

စုရှယုက အိမ်မှ ထွက်ပြေးလာခဲ့သဖြင့် သူမ မိသားစုနှင့် ခွဲခွာခဲ့ရသလို သူမ မိဘများနှင့်လည်း ခွဲခွာ ခဲ့ရသည်။ သူမက သူမမိဘများကို အလွန် ချစ်နေသေးကြောင်း ချင်ယန်က သိနေသည်။ သူတို့

လက်ထပ်သည့် အချိန်တွင် စုရှယု၏ မိဘများကို ကောင်းချီး ပေးခိုင်းမည်ဟု မျှော်လင့် ခဲ့သော်လည်း စုရှယုက လုံးဝ လက်မခံခဲ့ပေ။

ချင်ယန်တို့ လက်ထပ်လိုက်သည့် အချိန်တွင် လုံလောက်အောင် မသန်မာ ကြသေးပေ။ ချင်ယန်နှင့် စုရှယုတို့ ခွန်အား အားကောင်းလာပြီး သူတော်စင် နတ်ဘုရား အင်အားစုကို ဖြုတ်ချလိုက်သည့် အချိန်တွင် စုရှယု၏ မိဘများက သေဆုံး သွားခဲ့ပြီ။ သေဆုံးရသည့် အကြောင်းအရင်း ကိုလည်း မသိခဲ့ရပေ။

ထိုအချိန်တုန်းက ချင်ယန်နှင့် စုရှယုတို့က ငွေအများကြီး အကုန်ကျ ခံခဲ့သော်လည်း လက်သည်ကို ရှာမတွေ့ခဲ့ပေ။

စုရှယုက ဝမ်းနည်း ပက်လက် အော်ငိုနေခဲ့သည်။

"ရတနာမိုးလေး...... ဒီဘဝမှာ ငါတို့တွေ အတူတူ ရှိကြမယ်။ မင်းရဲ့ မိဘတွေကလည်း ငါတို့ကို ကောင်းချီး ပေးစေရမယ်....."

"အချိန်တန်ရင် မင်း ဝမ်းမနည်း စေရဘူး...."

(ဘာသာပြန်သူ မှတ်ချက်။ ။ ရတနာ မိုးလေး - ချင်ယန်က သူ့မိန်းမကို ချစ်စနိုး ခေါ်သောနာမည် ဖြစ်သည်။)

ချင်ယန်၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာပြီး မျက်ဝန်းများက နူးညံ့လာသည်။ သူ့မျက်လုံးထဲတွင် မျှော်လင့်ချက် အရိပ်အယောင်များကို မြင် နေရသည်။

ရှောင်ကျူဝမ်က ချင်ယန်ကို ကြည့်နေရင်း အလိုလို ဝမ်းနည်းသွားသည်။ ချင်ယန်က ထိုပုံစံ

ဖြစ်နေသဖြင့် သူ့ နှလုံးသားထဲတွင် တစ်ယောက်ယောက် ရှိနေနိုင်သည်။

သို့သော် ထိုလူက သူမ မဟုတ်ပေ။

ရှောင်ကျူယင်၊ ရှန်းယုလင်းနှင့် လောင်လန်နာပင် မဟုတ်မည်ကို ကြောက်နေမိသည်။

## အခန်း(၂၈၇) - ကောင်းကင်ဘုံ သွေးသစ်ခွ.....

"မင်း ဘယ်သူလဲ..."

တန်ပင်ဂျီက သတိထားပြီး ကြည့်နေသည်။ သူမရှေ့တွင် လူနှစ်ယောက် ပိတ်ရပ်နေသည်။ တန်ပင်ဂျီက သူတို့ထံမှ ကြောက်စရာ ကောင်းသော အော်ရာကို ခံစားနေရသည်။

" မင်းရဲ့ ဘိုးဘေးတွေ..."

သူတို့ထဲမှ တစ်ယောက်က စပ်ဖြဲဖြဲ ပြုံးပြီး ပြောရင်း တန်ပင်ဂျီ အနား ချဉ်းကပ်လာသည်။ ထိုအချိန်တွင် နောက်တစ်ယောက်က လှုပ်ရှားလိုက်သည်။

တန်ပင်ဂျီက သူ့ ခန္ဓာကိုယ် ထုံကျင်သွားသလို ခံစားလိုက်ရပြီး နောက်ထပ် အခိုက်အတန့်တွင် တခါတည်း လဲကျသွားသည်။

"သွားမယ်..."

ထို လူနှစ်ယောက်က တန်ပင်ဂျီကို သယ်ဆောင်ပြီး အမြန် ထွက်ခွာသွားသည်။

ယခုလက်ရှိ၌ မြို့ပြင်တွင် ရှိနေသဖြင့် တန်ပင်ဂျီကို ခေါ်ဆောင်သွားရန် အလွန် လွယ်ကူနေသည်။

"အစ်ကို ဒင်....... ဂူသခင် (၃) သေသွားပြီဆို တကယ်ပဲလား..."

ထိုလူနှစ်ယောက်က မိုးပျံ သားရဲထံ ခေါင်ဆောင်သွားရန် အချိန် သိပ် မကြာလိုက်ပေ။ ထုံးစံအတိုင်း တန်ပင်ဂျီကို အခြားလူများက ခေါ်ဆောင်သွားသည်.

"သေချာ သလောက်ပဲ....."

"မြေကြီးထဲ မီတာ တစ်ရာကျော်လောက် မြုပ်သွားတာ ဘယ်လို လုပ်ပြီး ထွက်လာနိုင်မှာလဲ....."

အစ်ကိုဒင်က သုန်မှုန်နေသော မျက်နှာ အမူအရာနှင့် ပြန်ဖြေလိုက်ပြီး.......

"တန်ပင်ဂျီက အိမ်ရှေ့ မင်းသား ကျိရောင်ဖန်ရဲ့ ကိုယ်လုပ်တော်....။ တစ်ခုခုတော့ သိနိုင်တယ်.... သူ့ကို ပြန်ခေါ်သွားရမယ်.... ဒါမှ ဖြေရှင်းချက် ပေးဖို့ စကားလုံး ရှိမှာ....."

"တန်ပင်ဂျီကလည်း ချင်ယန် အကြောင်း ကောင်းကောင်း သိတယ်..... ဒီကောင်မလေးက တော်တော်လေး လှတာပဲ... ကျွတ်ကျွတ်...."

ဒင်ကူက ခတ္တမျှ စိုက်ကြည့်ပြီးနောက်.....

"မဟုတ်တာ မလုပ်နဲ့.... အခု ဂူသခင် (၃) ရဲ့ ထောက်ပံ့မှု မရှိတော့ဘူး။ ကြည့်နေ၊ ကြည့်စားရမယ့် ဘ၀ ရောက်နေပြီ.... ဂူသခင် (၂) က ကောင်မလေးတွေကို သဘောကျတယ်.... ဒီကောင်မလေးကို ပေးလိုက်ရင်....။ ဂူသခင် (၂)

သာ ဒီကောင်မလေးကို သဘောကျသွားရင် ငါတို့ ဂူသခင် (၂) ရဲ့ နောက်လိုက် ဖြစ်လာလိမ့်မယ်…”

“အစ်ကိုဒင်….။ ဂူသခင် (၂) ပဲလား…. ဂူသခင်ကြီး ဆိုရင်ရော ဘယ်လိုလဲ..”

“ဂူသခင်ကြီးက ဘာမှ မလုပ်တာ နှစ်ပေါင်းများစွာ ကြာနေပြီ…။ အခုဆို ဘယ်ရောက်လို ဘယ်ပေါက် နေမှန်းတောင် မသိဘူး။ ဂူသခင်ကြီးဆီမှာ ခိုလှုံချင်ရင်တော့ မဖြစ်နိုင်ဘူး… ဂူသခင်ကြီးက ဓမ္မကလေးငယ် အဆင့် ဖြစ်နေလောက်ပြီ။ ယွမ်ဟူနယ်ပယ်

တန်ခိုးရှင်တွေ သူ့ လက်အောက် ခိုလှုံလာရင် ဂူသခင်ကြီးက တန်ဖိုးထားမှာ မဟုတ်ဘူး....”

“ဒါတော့ အမှန်ပဲ...”

......

“လောင်လန်နာ၊ ဟွာဝမ်ရှိ.... မင်းတို့နှစ်ယောက်က ငါနဲ့ အပြင်လိုက်ခဲ့....”

“ကျန်တဲ့လူတွေက ချမ်ဂျူး အကယ်ဒမီထဲမှာ ကျန်ခဲ့မယ်...”

“ချမ်ဟိုင် ၊ မင်းလည်း ကျန်ခဲ့...”

နောက်တစ်နေ့တွင် နေ့လည်စာ စားပြီးနောက် ချင်ယန်က ရှောင်ကျူဝမ်နှင့် အခြားလူများကို ပြောလိုက်သည်။

"ချင်ယန်... နောက်တစ်ကြိမ် ဘယ်သွားအုံး မလို့လဲ..."

ရှောင်ကျူဝမ်က စိုးရိမ်နေသော အမူအရာနှင့် ပြောလိုက်သည်။ အလွန် အန္တရာယ်များသော ခရီးမှ ယခုလေးတင် ပြန်ရောက်လာခြင်း ဖြစ်သဖြင့် ရှောင်ကျူဝမ်နှင့် အခြားလူများက ချင်ယန်က

ချမ်းဂျူး အကယ်ဒမီထဲမှ မထွက်သွားရန် မျှော်လင့်နေကြသည်။

ချင်ယန်က တစ်ချက် ပြုံးလိုက်ပြီး ပေါ့ပေါ့ပါးပါး အမူအရာနှင့်....

"စိတ်မပူနဲ့....။ သွေးနတ်ဘုရားဂူက လှုပ်ရှားမယ်ဆိုရင်တောင် တစ်ပတ်လောက် ကြာအုံးမှာ....။ ပြီးတော့ ဟန်ဝမ်ထန်နဲ့ တခြားလူတွေ သေသွားလို့ သွေးနတ်ဘုရားဂူလည်း ကျိန်းသေပေါက် ထိခိုက်သွားမှာပါ။ ဒီတစ်ပတ်အတွင်း တန်ခိုးရှင်တွေ ထပ်လွှတ်ဖို့ မဖြစ်နိုင်သေးဘူး...."

“အခု မင်းတို့က ချမ်ဂျူး အကယ်ဒမီရဲ့ အတွင်းနန်းတော် ကျောင်းသားတွေ ဖြစ်နေပြီ... အရင်းအမြစ်တွေ ပိုများလို့ အကယ်ဒမီထဲမှာပဲ လေ့ကျင့်ကြ.....”

စစ်ဆင်ရေး ပြီးဆုံးပြီးနောက် ရှောင်ကျူဝမ်နှင့် အခြားလူများက အတွင်း နန်းတော် ကျောင်းသားများ ဖြစ်လာပြီဟု အကြောင်း ကြားလာခဲ့သည်။

“သခင်လေး... သတိထားနော်...”

“သခင်လေး.. ငါတို့လည်း ကြိုးစားမယ်....”

ရှောင်ကျူဝမ်နှင့် ရှန်းယုလင်းတို့က အနည်းငယ် ဝမ်းနည်း နေကြသည်။ ချင်ယန်၏ ခွန်အားက အားကောင်းသည်ထက် အားကောင်း လာသဖြင့် သူမတို့က အများကြီး မကူညီ နိုင်တော့ပေ။

ချင်ယန်က တစ်ချက် ပြုံးလိုက်ပြီး ပေါ့ပေါ့ပါးပါး အမူအရာနှင့်...

“အဆင်ပြေမယ်ဆို ဒီတစ်ခေါက် ပြန်လာတဲ့ အချိန်မှာ မင်းတို့လည်း အကျိုးအမြတ် ရလိမ့်မယ်။ အဲ့အခါကျရင် မင်းတို့ရဲ့ တိုးတက်မှုလည်း မြန်ဆန် လာလိမ့်မယ်....”

ချင်ယန်က ကောင်းကင်ဘုံ သွေးသစ်ခွကို သွားယူတော့မည်။

တစ်ချိန်တုန်းက အဆင့် (၉) တန်ခိုးရှင်ဖြစ်ခဲ့သည့် ကောင်းကင်ဘုံ ကေရာဇ်သည် အရွယ်မရောက်သော ကောင်းကင်ဘုံ သွေးသစ်ခွကို ရရှိခဲ့ပြီး နောက်ဆုံးတွင် ကြယ်တာရာ ကမ္ဘာကြီးသို့ တက်လှမ်း သွားသည်။

ယခုအခါ ကောင်းကင်ဘုံ သွေးသစ်ခွက ရင့်မှည့်နေသင့်သည်။

ကောင်းကင်ဘုံ သွေးသစ်ခွတွင် ပန်းပွင့် မည်မျှ ပါမလဲ ဆိုသည်ကို မသိသော်လည်း ရင့်မှည့်နေသော ပွင့်ချပ် တစ်ခုစီတိုင်းက လူတစ်ယောက်၏ ပင်ကိုယ်ပါရမီကို အများကြီး တိုးတက် စေနိုင်သည်။

ထိုအရာက ချင်ယန်ကိုယ်တိုင် အပြင် ရှောင်ကျူဝမ်နှင့် အခြားလူများအတွက် အလွန် အသုံးဝင်သည်။

“သခင်လေး.. ငါတို့ ခွန်အားက မြန်မြန်ဆန်ဆန် တိုးတက် လာနေတာပဲလေ...”

ရှန်းယုလင်းက ပြောလိုက်သည်။

ချင်ယန်က အနည်းငယ် ခေါင်းခါလိုက်ပြီး....

“မလုံလောက် သေးဘူး....”

ယခု ကာလအတွင်းတွင် ချင်ယန်က လူဆိုးအများကြီးကို သတ်ဖြတ်ပြီး ကုသိုလ် စွမ်းအား အများကြီး ရရှိခဲ့သည်။ ယခုအခါ ယွမ်ဟိုင်နယ်ပယ် ရောက်နေပြီ ဖြစ်သောကြောင့် အဆင့်ထပ်တက်ရန် ကုသိုလ် စွမ်းအားများ ပို လိုအပ်လာသည်။ သို့သော် ချမ်ဂျူးမြို့တွင် သွေးအပြစ်သင့်နေသည့် လူများ မရှိတော့ပေ။

သွေးနတ်ဘုရားဂူမှ တန်ခိုးရှင်များ ရောက်လာရန် အချိန် သိပ်ကြာမည် မဟုတ်ပေ။

သွေးနတ်ဘုရားဂူက မည်ကဲ့သို့ လှုပ်ရှား လာမည်ကို မသိသေးပေ။

ထိုအချိန်တွင် ချမ်ဂျူး အကယ်ဒမီက သူတို့ကို ဆက်လက်ခံ မလားဆိုသည်မှာ မေးခွန်း ထုတ်စရာ ဖြစ်လာလိမ့်မည်။

ချင်မိသားစုနှင့် စီကုန်း မိသားစုလည်း ရှိသေးသည်။

'ခွန်အား မြန်မြန်တိုးအောင် လုပ်ပြီး စုရှယုဆီ သွားရမယ်....'

ယခုလက်ရှိတွင် ချင်ယန်၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟိုင်နယ်ပယ် ဖြစ်နေသော်လည်း ချင်ယန် စိတ်ထဲတွင် ခွန်အားများက အရေးတကြီး လိုအပ် နေသေးသည်။

ကောင်းကင်ဘုံ ဝါးမြို့ခြင်း သစ်ပင် ကေရာဇ် သိုင်းဝိဉာဉ် မမွေးဖွားသေးသဖြင့် ခွန်အားကို အရေးတကြီး လိုအပ်နေခြင်း ဖြစ်သည်။

ကောင်ဘုံ သွေးသစ်ခွကို ယခုလက်ရှိ ခွန်အားနှင့် ရရှိသင့်သည်။

"ယုလင်း... မင်းရဲ့ ပင်ကိုယ်ပါရမီ တိုးတက်မှ ဖြစ်မယ်... ဒီလိုမှမဟုတ်ရင် ဝေ့ရှစ်ယွင်က မင်းကို အများကြီး ကျော်တက် သွားလိမ့်မယ်....."

ဝေ့ရှစ်ယွင်က စစ်ဆေးရေးထဲ မပါဝင်ခဲ့သဖြင့် တံခါးပိတ် ကျင့်ကြံနေသည်။

ချမ်ဂျူး အကယ်ဒမီတွင် တံခါးပိတ် ကျင့်ကြံရန် လေ့ကျင့်ရေး အခန်းများ ရှိသည်။ အကယ်၍ ကျောင်းသား တစ်ယောက်က တံခါးပိတ်

လေ့ကျင့်နေမည် ဆိုပါက ချမ်ဂျူး အကယ်ဒမီက စစ်ဆင်ရေးများ မစီစဉ်ပေးပေ။

ရှောင်ကျူဝမ်က......

"ရှစ်ယွင်ရဲ့ ကျင့်ကြံခြင်းအဆင့် ယွမ်ဟူနယ်ပယ် အဆင့် (၉) ရှိနေပြီ။ ခု တံခါးပိတ်ကျင့်ကြံနေတာဆိုတော့... ကျင့်ကြံမှုက ပြန်ထွက်လာရင် ယွမ်ဟိုင်နယ်ပယ် ဖြစ်နေနိုင်တယ်.... တကယ် မြန်လွန်းတယ်....."

"သူ့ရဲ့ အခြေအနေကို ဂရုစိုက်လိုက်အုံး...."

"လောင်လန်နာ၊ ဟွာဝမ်ရို သွားရအောင်...."

ချင်ယန်တို့ သုံးယောက် ချမ်ဂျူး အကယ်ဒမီမှ ထွက်ပြီး ချမ်ဂျူးမြို့မှ လျင်မြန်စွာ ထွက်ခွာသွားကြသည်။

တန်ခိုးရှင်များက သူတို့နောက်မှ လုံးဝ မလိုက်လာကြပေ။

ပုံမှန် ဆိုလျှင် တန်ခိုးရှင်များက ယခုကဲ့သို့ လက်ပိုက် ကြည့်နေကြမည် မဟုတ်ပေ။ ထောင်မိသားစုနှင့် ရန်မိသားစုမှ တန်ခိုးရှင်များက သွေးနတ်ဘုရားဂူ၏ လှုပ်ရှားမှုကို

စောင့်နေကြသောကြောင့် ချင်ယန်ကို စောင့်မကြည့်နေတော့ပေ။

"ချင်ယန်၊ ငါတို့ ဘယ်သွားမှာလဲ...."

လောင်လန်နာက မေးလိုက်သည်။

"တော်တော်လေး ဝေးတဲ့ နေရာတစ်ခု... ငွေရောင် ဝံပုလွေ ဘုရင်ကို စီးသွားရင်တောင် တစ်နေ့လုံး ကြာမယ်လို့ ခန့်မှန်းထားတယ်..."

လောင်လန်နာနှင့် ဟွာဝမ်ရိုတို့၏ မျက်လုံးထဲတွင် အံ့အောသင့်နေသော အမူအရာများ ပေါ်လာသည်။

ငွေရောင် ဝံပုလွေဘုရင်၏ ပျံသန်းမှု အမြန်နှုန်းက သာမန် ယွမ်ဒန်အဆင့် (၅) မိုးပျံသားရဲ အမြန်နှုန်း ရောက်နေသည်။

ခရီးဝေး ပျံသန်းမှုတွင် အနည်းငယ် နှေးကွေးသော်လည်း ယွမ်ဒန် နယ်ပယ် အဆင့် (၄) မိုးပျံသားရဲထက် နှေးကွေးခြင်း မရှိပေ။

ထိုကဲ့သို့ မျိုးပျံ သားရဲတစ်ကောင်က တစ်နေ့လျှင် ကီလိုမီတာ (၃၀,၀၀၀) ခန့် ပျံသန်းနိုင်သည်။

“ထွက်လာစမ်း....”

ချင်ယန်က ငွေရောင် ဝံပုလွေ ဘုရင်ကို ခေါ်ထုတ်ပြီး နောက်ကျောပေါ် တက်ထိုင်လိုက်သည်။ ထုံးစံအတိုင်း သူတို့ သုံးယောက် ထိုင်စီးရန်အတွက် ပြဿနာ မရှိပေ။

မည်ကဲ့သို့ ထိုင်မည်နည်း.....

ဒါက ပြဿနာပင်.....

"ငါ အရှေ့မှာ ထိုင်ချင်တယ်....."

လောင်လန်နာက ဝံပုလွေ နောက်ကျောပေါ် တက်လာပြီး ချင်ယန်ရှေ့တွင် ဝင်လိုက်သည်။

ဝံပုလွေ ဘုရင်၏ နောက်ကျောပေါ်သို့ ဟွာဝမ်ရိုလည်း တက်လာပြီး ချင်ယန်နောက်တွင် ဝင်ထိုင်လိုက်သည်။

"လောင်လန်နာ... ဒီလို လုပ်လို့ မရဘူး.. ငါ့နောက်မှာ ထိုင်...."

ချင်ယန်က ဒီပုံစံအတိုင်း မထိုင်ရဲပေ။ လောင်လန်နာက အလွန် လှပသလို ဟွာဝမ်ရိုကလည်း လုံးကြီးပေါက်လှ ဖြစ်နေသည်။ ထိုပုံစံအတိုင်း ထိုင်သွားပါက လမ်းခရီးတွင် တစ်ခုခု ဖြစ်သွားမည်ကို ချင်ယန် စိုးရိမ်နေသည်။

"ဒီအတိုင်းပဲ ထိုင်မယ်..... ရှေ့က ရှုခင်း ကောင်းတယ်..."

"ဝံပုလွေငတုံး... သွားတော့...."

လောင်လန်နာက ငွေရောင် ဝံပုလွေဘုရင်၏ ခေါင်းကို ပုတ်ပြီး ပြောလိုက်လျှင် ငွေရောင် ဝံပုလွေဘုရင်က ချက်ချင်း ပျံတက်သွားသည်။ ယခုအခါ ငွေရောင် ဝံပုလွေဘုရင်တွင် ဉာဏ်ရည် အနည်းငယ် ရှိလာပြီ ဖြစ်သဖြင့် လောင်လန်နာက ချင်ယန်နှင့် တစ်ဖွဲ့တည်း ဖြစ်ကြောင်း သိနေသည်။

အကယ်၍ ချင်ယန် အမိန့်မပေးပါက လောင်လန်နာ၏ အမိန့်ကို သေချာပေါက် လိုက်နာလိမ့်မည်။

ချင်ယန်က စိတ်ထဲမှ မချိပြုံး ပြုံးလိုက်သည်။ ငွေရောင် ဝံပုလွေ ဘုရင်က လေထဲ ပျံတက်သွားပြီ ဖြစ်သဖြင့် နောက်တစ်ကြိမ် နေရာပြောင်းရန် မလွယ်တော့ပေ။

လောင်လန်နာ၏ မျက်နှာ အမူအရာက အနည်းငယ် စိတ်တို နေပုံရသည်။

"လောင်လန်နာ.... မင်း နစ်နာသွားမှ ငါ့ကို အပြစ် မတင်နဲ့နော်......"

ချင်ယန်က ဒေါသထွက်နေသော အမူအရာနှင့် ပြောလိုက်သည်။

ဟွာဝမ်ရိုက ချစ်စရာ ကောင်းအောင် ပြုံးလိုက်ပြီး.......

"သူဌေး..... သူမက နင့်ကို ဘယ်လို အပြစ်တင်မှာလဲ...... လန်နာက နစ်နာသွားရင် ပျော်တောင် ပျော်နေအုံးမှာ....."

လောင်လန်နာ၏ မျက်နှာက ခရမ်းချဉ်သီး တစ်လုံးကဲ့သို့ နီရဲနေသည်။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ယောက်ျား တစ်ယောက်အတွက် ဤမျှ ရဲတင်းမိလိမ့်မည်ဟု လုံးဝ မထင်ထားခဲ့မိပေ။

"ချင်ယန်က အသက် (၁၆)နှစ် မပြည့်တဲ့လူ တစ်ယောက်မှ မပါဘူး... မင်းက နို့နံ့မစင်တဲ့ ကောင်လေးလား.."

"ရပြီ.. ရပြီ...."

ချင်ယန်က တိတ်တိတ်လေး ဝင်သက်၊ ထွက်သက် မှတ်နေလိုက်သည်။

ချင်ယန်က ဗုဒ္ဓကျင့်စဉ်ကို ရှုမှတ်ပြီး နှာခေါင်းထိပ်မှ ဝင်ထွက်နေသော လေကို သတိထား စောင့်ကြည့်နေသည်။

အစပိုင်းတွင် ထိန်းချုပ် နိုင်သေးသည်။ သို့သော် အရှိန်မြန်လာပြီး လေကြောင်း ပြင်းထန်လာသည့် အချိန်တွင် လောင်လန်နာနှင့် ဟွာဝမ်ရိုကြားမှ အကွာအဝေးက ဖြည်းဖြည်းခြင်း ကျည်းမြောင်း လာသည်။

နူးညံ့လှသော အသားအရေနှင့် မွှေးပျံ့နေသော ရနံ့ကြောင်း ချင်ယန်က စျာန် မလျှော့အောင် အတင်းကြိုးစား နေရသည်။

"ချင်ယန်... နင့် ခန္ဓာကိုယ်မှာ ပြဿနာ ရှိနေလို့လား....."

လောင်လန်နာက အနည်းငယ် စဉ်းစားမရ ဖြစ်လာသဖြင့် ခေါင်းကို ရှုတ်တရတ် နောက်လှည့်ပြီး ချင်ယန်ကို မေးလိုက်သည်။

ချင်ယန်၏ အသက်အရွယ်နှင့် သွေးသား အရဆိုလျှင် ယခုကဲ့သို့ ပူးကပ်နေပါက ခန္ဓာကိုယ်က တစ်ခုခု တုံ့ပြန်ရမည်။

"မင်း...."

ခက်ခက်ခဲခဲ စိတ်ထိန်းနေရသော ချင်ယန်က မျက်လုံး ပြူးသွားသည်။

လောင်လန်နာ လှပသော မျက်နှာနှင့် ရုတ်တရုတ် မေးလိုက်သော အသံကြောင့် မည်ကဲ့သို့ စိတ်ထိန်း နိုင်တော့မည်နည်း....

ရုတ်တရက် ဆိုသလို လောင်လန်နာ၏ မျက်နှာ လှလှလေး နီရဲလာပြီး လည်ပင်းအထိ နီရဲလာသည်။

"ထိုင်နေ... ဆက်သွားမယ်....."

ချင်ယန်က အံကြိတ်ပြီး ပြောလိုက်သည်။

"မလှုပ်နဲ့..."

လောင်လန်နာက ခေါင်း ပြန်လှည့်သွားသည်။ သို့သော် သူမ ခန္ဓာကိုယ်က တွန့်လိမ်လာသည်။

"ငါတော့ သွားပြီ......"

ချင်ယန်က မချိပြုံး ပြုံးလိုက်မိသည်။

သူမတို့ကို ခေါ်လာမိတာ မှားပြီထင်တယ်.....

သို့သော် ရှောင်ကျူဝမ်နှင့် ကျန်သည့်လူများက ကျောင်းသားများ ဖြစ်နေကြသလို သူမတို့၏ ခွန်အားကလည်း အနည်းငယ် အားနည်းနေသေးသည်။ ချမ်ဟိုင်နှင့် အခြားလူများကလည်း ညံ့ဖျင်းလှသည်။

သို့သော် လောင်လန်နာနှင့် ဟွာဝမ်ရိုတို့ နှစ်ယောက်လုံးက ယွမ်ဟိုင် နယ်ပယ်တွင် ရှိနေကြသည်။

ကောင်းကင်ဘုံ သွေးသစ်ခွ သွားယူသည့် လမ်းခရီးတွင် မည်ကဲ့သို့ ဘေးဒုက္ခမျိုး ကြုံလာမလဲ ဆိုသည်ကို ချင်ယန် မသိပေ။

ယန္တရား သားရဲက ခွန်အား ကောင်းသော်လည်း ဉာဏ်ရည် မရှိပေ။ ငွေရောင် ဝံပုလွေဘုရင်က ဉာဏ်ရည် နည်းနည်းလေးသာ ရှိသည်။

အကယ်၍ ချင်ယန်သာ ပြဿနာ ဖြစ်သွားပါက ငွေရောင်ဝံပုလွေ ဘုရင်နှင့် ယန္တာသားရဲတို့တွင် ပြဿနာ ရှိလာလိမ့်မည်။

ထို့ကြောင့် လောင်လန်နာနှင့် ဟွာဝမ်ရိုတို့ကို ခေါ်လာရန် လိုအပ် နေသေးသည်။

## အခန်း(၂၈၈) - ချင်ယန်၏ ပြဿနာ....

"ဒီလို လုပ်လို့ မရဘူး....."

ချင်ယန် ပြန်လည် မမွေးဖွားခင်က လောင်လန်နာသည် ချင်ယန်၏ အချစ်ဦး ဖြစ်ခဲ့ပြီး သုံးနှစ်ကြာ လက်တွဲခဲ့ကာ အလွန် ရင်းနီး ခဲ့ကြသည်။

ယခု လောင်လန်နာ ဘက်မှ လှူပ်ရှားနေသည်။

ချင်ယန်ကလည်း သူမ အပေါ်တွင် ခံစားချက်ရှိနေသဖြင့် တော်တော်လေး ပြဿနာ တက်နေပြီး ပေါင်ကြားမှ အောင့်တက်လာသည်။

ချင်ယန်က စိတ်မထိန်း နိုင်တော့မည်ကို စိုးရိမ်လာသည်။

“ ဆေးလိပ် သောက်လိုက် အုံးမယ်....”

ချင်ယန်က ချက်ချင်း မတ်တပ်ထရပ်ပြီး ငွေရောင်ဝံပုလွေဘုရင်၏ ကျောပေါ်မှ ခုန်ဆင်းသွားသည်။

“ချင်ယန်....”

"သူငွေး...."

လောင်လန်နာနှင့် ဟွာဝမ်ရိုတို့က အလန့်တကြား အော်ဟစ် လိုက်ကြသည်။

ချင်ယန်၏ သိုင်းဝိညာဉ် အမှောင်ထု နတ်ဆိုးနဂါး ချက်ချင်း ပေါ်လာပြီး ချင်ယန်က သူ့ သိုင်းဝိညာအပေါ် ပြုတ်ကျသွားသည်။

မှောင်ထု နတ်ဆိုးနဂါး၏ အရှိန်က နှေးကွေးသဖြင့် ချက်ချင်း ပြုတ်ကျ ကျန်ရစ်ခဲ့သည်။

ငွေရောင် ဝံပုလွေဘုရင်က ပျံသန်းနေသော အရှိန်ကို ချက်ချင်း နှေးချလိုက်သည်။

အမှောင်ထု နတ်ဆိုး နဂါးပေါ်တွင်.....

ချင်ယန်လက်ထဲ၌ ဆေးလိပ်တစ်လိပ် ပေါ်လာသည်။ ထိုဆေးလိပ်ကို ချင်ယန်က ဝယ်ယူခဲ့ခြင်း မဟုတ်ဘဲ ဟန်ဝမ်ထန်၏ သိုလှောင်လက်စွပ်ထဲမှ ရရှိခဲ့ခြင်း ဖြစ်သည်။ အသုံးပြုထားသော ဆေးရွက်ကြီးက မဆိုးပေ။

ချင်ယန်က စုရှယုကို ဆုံးရှုံးသွားပြီးနောက် ဆေးလိပ်နှင့် အရက်ကို မကြာခဏ အဖော်ပြုလေ့ ရှိသည်။

ချင်ယန်က ပြန်လည် မွေးဖွား လာကတည်းက ဆေးလိပ်နှင့် အရက်ကို လက်ဖျားနှင့်ပင် မထိခဲ့သော်လည်း ယခုအခါ လောင်လန်နာ သွေးဆောင်၍ စိတ်များ ထကြွနေသောကြောင့် ဆေးလိပ်သောက်ရင်း အာရုံပြောင်းမှ ဖြစ်တော့မည်။

ချင်ယန်က စုရှယုကို ဆုံးရှုံးပြီးနောက် အခြား မည်သည့် မိန်းမကိုမှ မရှာခဲ့ပေ။ ထိုအချိန်

ကာလက နှစ်ပေါင်း သောင်းနှင့်ချီပြီး ကြာမြင့်ခဲ့သည်။

ချင်ယန်က ကောင်းကင်ဘုံ ဝါးမြို့ခြင်း သစ်ပင်ကေရာဇ် သိုင်းဝိညာဉ်ကြောင့် စွမ်းရည်များ ပြည့်ဝနေ၍သာ......

ထိုကဲ့သို့ မဟုတ်ပါက ယင်နှင့်ယန် မညီမျှဘဲ သေဆုံးသွားနိုင်သည်။

ချင်ယန်သည် ပြန်လည် မမွေးဖွားခင်က ကျင့်ကြံသူ တစ်ယောက် ဖြစ်နေသာကြောင့် ခန္ဓာကိုယ် သန်မာနေခဲ့သည်။ သို့သော် မိန်းမ

တစ်ယောက်မှ မရှာခဲ့ပေ။ ယခုမူ ပြန်လည် မွေးဖွားလာပြီး အလွန် ရှယ်နေသေးသဖြင့် သွေးသား အလွန် ကောင်းမွန်နေသည်။ ထို့ကြောင့် မတောင့်ခံနိုင် ဖြစ်နေခြင်းပင်။

"မဟာ နေကောရာဇ် သုတ္တန်.... စိတ်ဆန္ဒ ပြင်းပြနေတဲ့ အချိန်မှာ မြန်မြန်ဆန်ဆန် လေ့ကျင့် နိုင်တယ်...."

"နဝင်းကိုးလုံး ကောင်းကင်ဘုံ ဝါမျိုးခြင်း ကျင့်စဉ်က ဒီရှုထောင့်မှာ အားနည်းတယ်..."

(ဘာသာပြန်သူ မှတ်ချက်........ ဒယ်အိုးကိုးလုံး ကောင်းကင်ဘုံ ဝါမြို့ခြင်း ကျင့်စဉ်ဆိုတဲ့ နာမည်ကို မကြိုက်ဘူး ပြောကြလို့ ကျင့်စဉ်နာမည် ပြောင်းထားပါတယ်...)

ချင်ယန်က စိတ်ထဲမှ ရေရွတ်လိုက်သည်။

သို့သော်လည်း ခြုံငုံ သုံးသပ်ကြည့်ရမည်ဆိုလျှင် ယခုလက်ရှိ သူ လေ့ကျင့်နေသော နဝင်းကိုးလုံး ကောင်းကင်ဘုံ ဝါမျိုခြင်း ကျင့်စဉ်သည် ပြန်လည် မမွေးဖွားခင်က သူ လေ့ကျင့်ခဲ့သည့် မဟာ နေဧကရာဇ် သုတ္တန်ထက်

ပိုအားကောင်းသော်လည်း မဟာ နေကြေရာဇ် သုတ္တန်တွင် အကျိုးကျေးဇူး အချို့ ရှိနေသေးသည်။

"မြင့်မြတ်သော ဗုဒ္ဓရဲ့ တရားထိုင်တဲ့ နည်းလမ်းကို အသုံးပြုရင် ကောင်းမလား.."

"ယန်နဲ့ယန် လျှို့ဝှက်ကျင့်စဉ်.... ဒါလည်း မကောင်းသေးပါဘူး......"

ချင်ယန် ခေါင်းကိုက်နေသည်။ စုရှယုကို ဆုံးရှုံးခဲ့သည့် အချိန်က သူ့ကိုယ်သူ ထိန်းချုပ်နိုင်စေရန် ကျင့်ကြံခြင်း နည်းစနစ်

အများကြီး ရှာဖွေခဲ့သည်။ ရှာဖွေ၍လည်း တွေ့ခဲ့သည်။

ထိုအချိန်တုန်းက ကြယ်တရာ မဟာကမ္ဘာသို့ ရောက်ရှိနေပြီ ဖြစ်သဖြင့် သူ့ခွန်အားက ယခုလက်ရှိ အချိန်ထက် အများကြီး ပိုမို သန်မာနေသည်။

ထိုကျင့်စဉ်များက ယခုလက်ရှိတွင် အသုံးပြုရန် အဆင် မပြေသေးပေ။

ယခုလက်ရှိ အသုံးပြုနိုင်သော သာမန် ကမ္ဘဌာန်း ကျင့်စဉ်များကလည်း သာမန် အကျိုး

သက်ရောက်မှုသာ ရှိသဖြင့် ဤမျှ ပြင်းထန်နေသည့် စိတ်ခံစားချက်ကို ထိန်းချုပ်ရန် အလွန် ခက်ခဲနေသည်။

"အခုလက်ရှိ ရတနာမိုးလေး ဘယ်လိုနေလဲ မသိဘူး...."

ချင်ယန်က အမှောင်ထု နတ်ဆိုး နဂါးပေါ်တွင် ဆေးလိပ် ထိုင်သောက်ရင်း စဉ်းစားနေသည်။

မီတာ အနည်းငယ် ဝေးသော နေရာတွင် လောင်လန်နှာနှင့် ဟွာဝမ်ရိုတို့က ချင်ယန်ကို ကြည့်နေကြသည်။

"လောင်လန်နာ... ကြည့်ရတာ မင်းနဲ့သူဌေးက ငါ့ကြောင့် နှောင့်နှေးနေတဲ့ ပုံပဲ....."

ဟွာဝမ်ရိုက အသံပို့လွှတ်ပြီး ပြောလိုက်သည်။

လောင်လန်နာက မပွင့်တပွင့် လေသံနှင့်.....

"မဟုတ်ဘူး.... ချင်ယန် နှလုံးသားထဲမှာ တစ်ယောက်ယောက် ရှိနေတဲ့ပုံပဲ..... အရင် ရှောင်ကျူဝမ်လို့ ထင်ခဲ့ဖူးတယ်.... ဒါပေမဲ့ ရှောင်ကျူဝမ်က အပျိုစင်အတိုင်းပဲ နေရှိသေးတယ်။ ချင်ယန် ကိုယ်တိုင်ကလည်း ပြဿနာ မရှိဘူး.....

ပန်းသေတယ် ဆိုတဲ့ကိစ္စက သက်သက် လျှောက်ပြောနေတာ.......”

ဟွာဝမ်ရိုက ထူးဆန်းနေသော မျက်နှာ အမူအရာနှင့်.....

“မင်းက သူ့ဌေးကို ကိုင်ကြည့်လိုက်တာလား...”

လောင်လန်နာ၏ မျက်နှာက နီတက်သွားပြီး.....

“ဟာဝမ်ရို... ငါ့ကို လာစမနေနဲ့..... ချင်ယန်အကြောင်း နင် မသိဘူးလား.....

ချင်ယန်က နင်နဲ့ နေချင်တယ်လို့ ပြောရင် နင်က ငြင်းမှာလား...”

“ဒါက......”

ဟွာဝမ်ရိုက သက်ပြင်းချလိုက်ပြီး.....

“ငါက သူ့ငွေးထက် အများကြီး အသက်ပိုကြီးတယ်။ သူ့ငွေးရဲ့ မျက်လုံးထဲမှာ ငါက မစားကောင်းတဲ့ အသီး ဖြစ်နေမှာပါ...”

ဟွာဝမ်ရို၏ အသက်က (၂၉) နှစ် ဖြစ်သည်။

သို့သော် သူမပုံစံက အသက် (၂၅)နှစ် အရွယ်သာ ရှိသေးပြီး မိန်းမပီသမှု အပြည့် ရှိနေသည်။

လောင်လန်နာက အသံပို့လွှတ်လိုက်ပြီး....

"ဘာ အသက်လဲ.... အခု နင်က ယွမ်ဟိုင်နယ်ပယ် ရောက်နေပြီ... အနည်းဆုံး အသက် (၁၈၀) လောက် နေနိုင်တယ်။ နောင်ပိုင်းမှာလည်း ကျင့်ကြံခြင်းအဆင့် မြင့်တက်လာမှာ သေချာတယ်။ အသက် (၂၀၀)၊ (၃၀၀) လောက်က ပြဿနာ မရှိဘူး....

နင့်အသက်က အသက် (၂၀၀) ရောက်နေရင်လည်း ဒီပုံစံပဲ ရှိနေအုံးမှာပဲ...”

အသက်အရွယ် ကိန်းဂဏာန်း ဆိုသည့်မှာ ကျင့်ကြံသူများအတွက် ပြဿနာ တစ်ခု မဟုတ်ပေ။

အဓိကအားဖြင့် ကျင့်ကြံခြင်း အခြေခံသာ ဖြစ်သည်။

ကျင့်ကြံခြင်းအဆင့် နိမ့်နေမည် ဆိုပါက ယခုလက်ရှိတွင် အသက် ငယ်နေလျှင်ပင် မြန်မြန်ဆန်ဆန် အိုမင်း လာလိမ့်မည်။ အကယ်၍ ကျင့်ကြံခြင်း အဆင့် မြင့်မားနေမည် ဆိုပါက

အသက် (၂၀၀) ကျော် (၃၀၀) ဖြစ်နေသော်လည်း အသက် နှစ်ဆယ်ကျော် မိန်းကလေး တစ်ယောက်ကဲ့သို့ ဖြစ်နေလိမ့်မည်။

ဟွာဝမ်ရိုက ထူးဆန်းသော လေသံနှင့်....

"လောင်လန်နာ.. နင်က ဒီလို ပြောနေမှတော့ ငါနဲ့ သူ့ဒွေးကြားမှာ ဆက်ဆံရေး မဖြစ်လာနိုင်ဘူးလို့ ထင်နေလို့လား..."

လောင်လန်နာက နှုတ်ဆိတ်နေသည်။

ခဏအကြာ လောင်လန်နာက အသံ ပို့လွှတ်လိုက်ပြီး.....

"ချင်ယန် နှလုံးသားထဲက လူက ငါတို့ထဲက တစ်ယောက် မဟုတ်ရင်.... အချိန်တန်လို့ သူ့နှလုံးသားထဲက ကောင်မလေးနဲ့ တွေ့သွားပြီး တစ်ဖက်လူက ငါတို့ကို မလိုလားရင် သူ့အနားမှာ နေနိုင်အုံးမယ်လို့ ထင်လား..."

"ထွက်သွား ရမှာပေါ့...."

ဟွာဝမ်ရို မျက်နှာ ပျက်သွား၏။

အမှန်ပင်… သူမက ထွက်သွားချင်စိတ် မရှိပေ။

ချင်ယန်က အလွန် ကောင်းမွန်လှသည်။

လွန်ခဲ့သော လအနည်းငယ်က ဟွာဝမ်ရှိသည့် မူလ အစစ်အမှန် နယ်ပယ် သာရှိပြီး ယွမ်ဟူနယ်ပယ်သို့ မရောက်သေးပေ။ ယခုအခါ ယွမ်ဟိုင်နယ်ပယ် ရောက်နေပြီး နတ်ရတနာလည်း အသက်ဝင် နေသည်။ သာမန် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် တစ်ယောက်က သူမပြိုင်ဘက် လုံးဝ မဟုတ်ပေ။

အခြား အကျိုးအမြတ်များ မဆိုထားနှင့် အသက်ရှည်ခြင်းကပင် ကြီးမားသော အကျိုးအမြတ် ဖြစ်နေခဲ့ပြီ......

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်များက ဆယ်စုနှစ်များစွာ အသက် ပို ရှည်ကြသည်။ အချိန်တန်၍ ယွမ်ဒန် နယ်ပယ် ရောက်သွားပါက အနည်းဆုံး အသက် တစ်ရာကျော် ပိုရှည်ကြသည်။

ကျင့်ကြံသူများ အတွက်မူ အသက်တစ်နှစ် ပိုမို နေထိုင်နိုင်ရန် ကြီးမားသော စျေးနှုန်းများ ပေးဆောင်နိုင်ကြသည်။

“မထွက်သွားချင်ဘူး....”

“ဒါဆိုရင် ချင်ယန်ကို ဂရုစိုက်တာ ပိုကောင်းမယ်..... နင် ဘယ်လိုထင်လဲ....”

လောင်လန်နာက အသံပို့လွှတ်ပြီး ပြောလိုက်သည်။

ဟာဝမ်ရိုက ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။ အကယ်၍ ချင်ယန်ကို ပိုမို ဂရုစိုက်မည် ဆိုပါက ချင်ယန်နှင့် သူမကြားတွင် ဆက်ဆံရေးတစ်ခု မတည်ဆောက် နိုင်လျှင်ပင်

အချိန်တန်ပါက ချင်ယန် အနားတွင် ဆက်လက်နေထိုင်ရန် ပိုမို အဆင်ပြေလိမ့်မည်။

"လောင်လန်နာ... နင်နဲ့ ရှောင်ကျူဝမ်တို့က ပိုကြိုးစားကြ.... နင်တို့ကို ငါ အားပေးနေမယ်.."

ဟွာဝမ်ရိုက အသံပို့လွှတ်ပြီး ပြောလိုက်သည်။

လောင်လန်နာက ကြိတ်ပြီး မျက်စောင်းထိုးလိုက်ကာ.....

"ဟွာဝမ်ရို... တကယ်လို့ နင်ထွက်သွားချင်ရင် နင့်ဘာသာ နင် လုပ်...."

“ဘာပဲဖြစ်ဖြစ်.. နင်က တခြား ယောက်ျား မရှာနိုင်ဘူး.... တခြား ယောက်ျား ရှာတွေ့ပြီ ဆိုလည်း နင်ထွက်သွားဖို့ အချိန်တန်ပြီ....”

လောင်လန်နာက အသံပို့လွှတ်ပြီး ပြောလိုက်သည်။

“လောင်လန်နာ... ဒီအကြောင်း မပြောတော့ဘူး... အရင်က ချင်ယန် ဆေးလိပ်သောက်တာ မြင်ဖူးလား..... သူ့ ကြည့်ရတာ ဆေးလိပ် သောက်ဖူးတဲ့ပုံပဲ.....”

"မတွေ့ဖူးဘူး.... သူ ဆေးလိပ်သောက်တာ တစ်ခါမှ မတွေ့ဖူးဘူး..."

လောင်လန်နာက မြို့သခင် တစ်ယောက် ဖြစ်ခဲ့ဖူးသည်။ သူမ ပေါ်လာပါက သူမရှေ့တွင် မည်သူမှ ဆေးလိပ် မသောက်ရဲကြပေ။

"ချင်ယန် နှလုံးသားထဲမှာ လူတစ်ယောက် တကယ် ရှိနေတာပဲ....."

"ထူးဆန်းတယ်... ချင်ယန်က တန်ထန် အင်ပါယာက တစ်ခါမှ မထွက်သွားဖူးဘူး။ အဲ့လူက

တန်ထန် အင်ပါယာက ဆိုရင် ငါတို့ ရှာတွေ့ပါတယ်...”

ဟွာဝမ်ရိုက စဉ်းစားမရ ဖြစ်နေသည်။

လောင်လန်နာလည်း ထူးဆန်း နေသည်။

သို့သော် သူမတို့ နှစ်ယောက် ခေါင်း ပေါက်ကွဲအောင် စဉ်းစားလျှင်ပင် ချင်ယန် ပြန်လည် မွေးဖွားလာသည့် အကြောင်းကို သိရှိရန် မဖြစ်နိုင်ပေ။

“တန်ထန် အင်ပါယာက မဟုတ်ဘူး.... ချမ်ဂျူး ကျွန်းဆွယ်က လူတောင် မဖြစ်နိုင်ဘူး....”

နောက်ဆုံး၌ ဆယ်မိနစ်ခန့် ကြာပြီးနောက် ချင်ယန် ဆေးလိပ် နှစ်လိပ်လည်း ကုန်သွားပြီး စိတ်တည်ငြိမ် လာသည်။

အမှောင်ထု နတ်ဆိုးနဂါးက ငွေရောင် ဝံပုလွေဘုရင် အနား ချည်းကပ်လာပြီး ချင်ယန်က ငွေရောင် ဝံပုလွေဘုရင် အပေါ် ပြန်ရောက်လာသည်။

ဒီတစ်ကြိမ်တွင် ချင်ယန်က ရှေ့ဆုံးမှ ထိုင်လိုက်သည်။

လောင်လန်နာက သူ့နောက်တွင် ထိုင်နေကာ အနည်းငယ် ဆွေနေသေးသည်။ သို့သော်လည်း ချင်ယန်က ခက်ခက်ခဲခဲ ထိန်းချုပ် နိုင်နေသည်။

“လောင်လန်နာ... ပြဿနာ မရှာနဲ့တော့ .. တတ်နိုင်သမျှ အမြန်ဆုံး သွားရအောင်...”

“တကယ်လို့ အချိန် နှောင့်နှေးသွားရင် ငါတို့ ပြန်မရောက်ခင် သွေးနတ်ဘုရား ဂူက

တန်ခိုးရှင်တွေ ချမ်ဂျူး ဘက်ခြမ်းကို ရောက်လာမလား မသိနိုင်ဘူး....”

ချင်ယန်က လေးနက်စွာ ပြောလိုက်သည်။

“ငါနဲ့ ဘာမှမဆိုင်ဘူး.. နင့် သမ္မာဓိနဲ့ပဲ ဆိုင်တယ်.. ဟွန့်.....”

လောင်လန်နာက ပြန်အော်လိုက်သည်။

ချင်ယန်က ကြိတ်ပြီး မျက်လုံး ပြူးသွားသည်။

‘နင့်ရဲ့ ပေါက်စီ နှစ်လုံးနဲ့ ငါ့ကို လာပွတ်နေတာလေ.... ဒါကိုမှ ငါ့ခန္ဓာကိုယ်က

မတုံ့ပြန်ရင် ငါ့ ခန္ဓာကိုယ်မှာ တကယ် ပြဿနာ ရှိသွားမှာပေါ့...’

“ချင်ယန်... နင် စိတ်မထိန်းနိုင်ရင် ဟွာဝမ်ရိုနဲ့ အောက်က တောထဲကို အရင် သွားလိုက်ပါလား...”

“လောင်လန်နာ.. နင့်မှာ အဲ့စိတ်ကူး ရှိနေရင် နင့်ဘာသာနင် လုပ်ပါလား.. ဘာဖြစ်လို့ ငါ့ကို လာဆွဲထည့်နေတာလဲ...”

ဟွာဝမ်ရိုက ရှက်သွားပြီး ကမန်းကတန်း ပြန်ပြောလိုက်သည်။

"ပါးစပ် ပိတ်တော့...."

ချင်ယန်က သိပ်ပြီး စိတ်မဆိုးတော့ပေ။ အကယ်၍ ပြော၍မနိုင်ပါက နောက်တစ်ကြိမ် ဆေးလိပ် ထပ်သောက်ရုံသာ ရှိသည်။

ကျင့်ကြံသူ တစ်ယောက်အတွက် ဆေးလိပ် သောက်ခြင်းက ပုံရိပ်ကို ကြီးကြီးမားမား မထိခိုက်စေသော်လည်း ထို အရာက ဆေးလိပ်သောက်ခြင်း၊ မသောက်ခြင်းထက် ပို အရေးကြီးနေသည်။

## အခန်း(၂၈၉) - ဝူလန် အင်ပါယာ
## သွေးမျိုးဆက်....

"ချင်ယန်.... ဒီနေရာလား..."

လောင်လန်နာ စဉ်းစားမရ ဖြစ်နေသည်။

နောက်ဆုံးတွင် တစ်နေကုန် ပျံသန်းပြီးနောက် ချင်ယန်က သာမန်နေရာ တစ်ခုတွင် ဆင်းသက်လိုက်သည်။

အနီးအနားတွင် မက်စောက်သော တောင်များ၊ နက်ရှိုင်းသော မြစ်များ မရှိပေ။

ပတ်ပတ်လည်တွင် သာမန် တောင်ကုန်းများသာ ရှိပြီး တိရစ္ဆာန်များနှင့် အပင်များ အားလုံးကလည်း သာမန်သာ ဖြစ်နေသည်။

လောင်လန်နာနှင့် ဟွာဝမ်ရိုတို့ နှစ်ယောက်သည် ချင်ယန်က ကီလိုမီတာ (၃၀,၀၀၀) ခန့် ပျံသန်းလာပြီး ဘာလုပ်ချင်မှန်း အမှန်တကယ် မသိပေ။

“ဒီနေရာမှာ ရှိနိုင်တယ်....”

ချင်ယန်က မီတာ ငါးရာပင် မမြင့်သော တောင်ကုန်း တစ်ခုပေါ်နေ၍ လျှိုမြောင်တစ်ခုကို လှမ်းကြည့်ရင်း စိတ်ထဲမှ တွေးနေသည်။

မီတာ တစ်သောင်းကျော် မြင့်မားသော ချမ်ဂျူး ကျွန်းဆွယ် တောင်ထပ်နှင့် နှိုင်းယှဉ်ပါက အလွန်ကို မထင်မရှား ဖြစ်လွန်းနေသည့်။

"သူဌေး၊ ဒီနေရာမှာ ပစ္စည်းကောင်းတွေ ရှိလို့လား...."

ဟွာ၀မ်ရိုက မေးလိုက်သည်။

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်ပြီး....

“ဟုတ်တယ်..... ဒီထဲမှာ ပစ္စည်းကောင်းတွေ ရှိနိုင်တယ်.... အရမ်းကောင်းတဲ့ ပစ္စည်းတွေပဲ.... ငါ့ဆီမှာရှိတဲ့ ရတနာ အားလုံး ပေါင်းလိုက်ရင်တောင် အဲ့ထက် တန်ဖိုး ပို ရှိသေးတယ်....”

လောင်လန်နာနှင့် ဟွာဝမ်ရိုတို့၏ မျက်လုံးထဲတွင် အံ့အော ထိတ်လန့်သွားသော အမူအရာများ ပေါ်လာသည်။

သွေးနတ်ဘုရားဂူနှင့် ရှောင်မိသားစုတို့၏ ထိပ်တန်း တန်ခိုးရှင်များက ချင်ယန် လက်ထဲတွင် သေခဲ့ပြီး ချင်ယန်လက်ထဲတွင် ပစ္စည်းကောင်း အများကြီး ရှိနေသည်ကို သူမတို့နှစ်ယောက် သိနေကြသည်။

ထိုပစ္စည်း ပစ္စည်း အားလုံး ပေါင်းလိုက်လျှင်ပင် ထိုထက်ပိုပြီး တန်ခိုးဖိုး ကြီးနေသဖြင့် မည်ကဲ့သို့ ရတနာမျိုး ဖြစ်နေမည်နည်း……

“နောက်ကျရင် သိလိမ့်မယ်….”

ချင်ယန်က ရတနာ မြေပုံကို ပြန်စဉ်းစားပြီး တည်နေရာ အနေအထားကို တွက်ချက်ကာ နောက်ဆုံးတွင် ကျောက်နံ့ရံ တစ်ခုရှေ့၌ မတ်တပ်ရပ်လိုက်သည်။

"ဒီနေရာပဲ....."

ချင်ယန်က စိတ်ထဲမှ တိုးတိုးလေး ပြောလိုက်သည်။ ထို့နောက် ချီစွမ်းအားကို ကျောက်နံ့ရံထဲသို့ လျှင်မြန်စွာ ထည့်သွင်းလိုက်သည်။

အစပိုင်းတွင် ကျောက်နံ့ရံပေါ်၌ မည်သည့် အရာမှ မရှိသော်လည်း ချီစွမ်းအား တစ်ဝက်ခန့်

ထည့်သွင်းပြီးသောအခါ အလင်ရောင်များ စတင်ဖြာထွက်လာသည်။

ထို့နောက် ကျောက်နံရံက နောက်ဆုတ်ဝင်သွားပြီး ရုပ်တုတစ်ခု ပေါ်လာသည်။

အမျိုးသားတစ်ယောက် ရုပ်တုပင်......

ကျောက်စိမ်းနှင့် ထွင်းထုထားပြီး ကွက်ကွက်ကွင်းကွင်း ရှိလွန်းလှသည်။

"ဝူလန် ကောရီ သူတော်စင်မ....."

ချင်ယန်၏ မျက်လုံးက တောက်ပလာသည်။ ကောလဟာလများ အရ အင်ပါယာ ဖျက်ဆီးခံရသည့် အချိန်တွင် ဝူလန် ဧကရီ သူတောင်စင်မက ကောင်းကင်ဘုံ သွေးသစ်ခွကို ဝှက်ထားခဲ့သည်။

ရုတ်တရက် ဆိုသလို ရုပ်တုက ပါးစပ်ပေါက် ပွင့်လာသဖြင့် လောင်လန်နှာနှင့် ဟွာဝမ်ရိုတို့ ထိတ်လန့် သွားကြသည်။

"ကျေးဇူးပြုပြီး ငါ့ လက်ဖဝါးပေါ် သွေးတစ်စက် ချလိုက်ပါ....."

"ဝူလန် အင်ပါယာရဲ့ အင်ပါယာ မိသားစု သွေးမျိုးဆက် ရှိတဲ့လူပဲ ဝင်နိုင်တယ်...."

ရုပ်တု၏ ပါးစပ်က ရုတ်တရက် ပွင့်လာရုံ သာမက အတွင်းထဲမှ အသံတစ်ခုလည်း ထွက်ပေါ်လာသည်။

ရုပ်တု၏ စကားသံကိုကြားလျှင် ချင်ယန် မျက်မှောင် ကြုတ်သွား၏။ ဒါက အံ့အောစရာ မဟုတ်ပေ။ ယန္တရား ပညာတစ်ခုသာ ဖြစ်သည်။ သူ၏ ယန္တရားသားရဲကလည်း ယခုအချိန်အထိ တိုက်ခိုက် နိုင်သေးသည်။

သို့သော် ရုပ်တု ပြောလိုက်သော စကားကြောင့် ချင်ယန်က အနည်းငယ် အံ့အော မှင်သက်သွားသည်။

ချင်ယန်က ပြန်လည် မမွေးဖွားခင်တွင် ကောင်ကင်ဘုံ ကေရာဇ်က ဒီနေရာထဲ ဝင်ရောက်ပြီး ကောင်းကင်ဘုံ သွေးသစ်ခွကို ရရှိခဲ့သဖြင့် ဤကဲ့သို လိုအပ်ချက်မျိုး မရှိဘူးဟု ထင်နေခဲ့မိသည်။

ကောင်းကင်ဘုံ ကေရာဇ်က ဝူလန် အင်ပါယာ၏ သွေးမျိုးဆက် ပိုင်ဆိုင်ထားခြင်းသာ ဖြစ်လိမ့်မည်။

ထိုကဲ့သို့ မဟုတ်ပါက ထိုနေရာကို မည်ကဲ့သို့ ရှာတွေ့မည်နည်း.....

ထိုအချိန်တုန်းက ချမ်ဂျူး ကျွန်းဆွယ် တစ်ခုလုံးသည် ဂူလန် အင်ပါယာ၏ အုပ်ချုပ်မှု အောက်တွင် ရှိခဲ့သည်။ ယခုအခါ နှစ်ပေါင်း ကိုးထောင် ကြာမြင့်ခဲ့ပြီ ဖြစ်သဖြင့် သွေးမျိုးဆက်များ အများကြီး ပြန့်ပွား သွားနိုင်သည်။ သို့သော် အင်ပါယာ မိသားစု သွေးမျိုးဆက် အနည်းငယ် ရှိရုံဖြင့် မဝင်ရောက်နိုင်ဘူးဟု ခန့်မှန်းရသည်.။

"ချင်ယန် ... ဘာလုပ်ကြမလဲ..."

"အင်ပါယာ သွေးမျိုးဆက် မရှိရင် မဝင်ရောက်နိုင်ဘူး ထင်တယ်..."

လောင်လန်နာက ပြောလိုက်သည်။

ချင်ယန်က ခါးသီးစွာ ပြုံးလိုက်သည်။

အတင်းအကြပ် ဝင်ဖို့လား......

ထိုကဲ့သို့ အစီအစဉ်မျိုး မချမှတ် ထားခဲ့ပေ....

ထိုအချိန်တုန်းက ဝူလန် အင်ပါယာသည် ကြယ်ကိုးပွင့် အင်အားစု မဟုတ်သော်လည်း ကြယ်

(၈) ပွင့် အထွတ်အထိပ် အင်အားစု တစ်ခု ဖြစ်ခဲ့သည်။ မည်သို့ပင် ဆိုစေကာမူ ဝူလန် ဧကေရီကလည်း ကြယ်ရှစ်ပွင့် တန်ခိုးရှင်သာ ဖြစ်နိုင်သည်။

ကောင်းကင်ဘုံ သွေးသစ်ခွ ကဲ့သို့ ရတနာအတွက် အကာအကွယ် အစီအရင်က မည်ကဲ့သို့ ညှံ့ဖြင်းမည်နည်း.... ထို့အပြင် ကြယ်ရှစ်ပွင့်လည်း ဖြစ်နေသေးသည်။

အချိန်ကာလ အတော်ကြာခဲ့ပြီ ဆိုသော်လည်း အဆင့် (၇) ဓမ္မကလေးငယ် အဆင့် တန်ခိုးရှင်ပင်

အတင်းအကျပ် ထိုးဖောက် ဝင်ရောက်မည် ဆိုပါက သေဆုံးခြင်းနှင့်သာ အဆုံးသတ် သွားလိမ့်မည်။

ထို့အပြင် အတင်းအကျပ် ထိုးဖောက် ဝင်ရောက်သွားမည် ဆိုပါက ကောင်းကင်ဘုံ သွေးသစ်ခွက ပျက်ဆီး သွားနိုင်ဖွယ် ရှိသည်။

"သေရော....."

ချင်ယန်က ပါးစပ်မှ ထုတ်ဆဲလိုက်ပြီး သူ့ကို လှည့်စားနေသည့် ကံတရားကို မိုးမွှန်အောင် ဆဲဆို ပစ်လိုက်သည်။

မျဉ်းဖြောင့်အတိုင်း တိုင်းမည် ဆိုပါက ကောင်းကင်ဘုံ သွေးသစ်ခွက်ခဲ့သို့ ရတနာက သူနှင့် မီတာ သုံးရာပင် မဝေးတော့ဘူးဟု ခန့်မှန်းရသည်။ သို့သော် ရယူရန် မဖြစ်နိုင် ဖြစ်နေသည်။

“ချင်ယန်… နင့်ရဲ့ ပင်ကိုယ်ပါရမီက အရမ်း သန်မာနေတယ် ဆိုတော့ အင်ပါယာ မိသားစုရဲ့ သွေးမျိုးဆက် ဖြစ်နိုင်တယ်..”

လောင်လန်နာက ပြောလိုက်သည်။

“ဘယ်လို ဖြစ်နိုင်မှာလဲ….”

ချင်ယန်က မချိုပြုံး ပြုံးပြီး ပြန်ပြောလိုက်သည်။ ထို့နောက် လက်ညှိုးကို ကိုက်ဖောက်ပြီး ရုပ်တု လက်ဖဝါးအပေါ် သွေးတစ်စက် ချပေးလိုက်သည်။

စမ်းသပ်မှု ပြုလုပ်နေသည့် အချိန်အတွင်း ရုပ်တု၏ ဘယ်ဘက်လက် အလင်းရောင်များ ဖြာထွက်နေသည်။

"အင်ပါယာ မိသားစုရဲ့ သွေးမျိုးဆက် မရှိဘူး…"

"ဝင်ခွင့် မရှိပါ……"

ရုပ်တုက ပြောလိုက်သည်။

ချင်ယန်၏ မျက်နှာ အမူအရာက မည်းမှောင်သွားသည်။ လောင်လန်နာက အလားတူ ပြုလုပ်ပြီး အမြန်ကြိုးစား လိုက်သည်။ သူမတွင်လည်း အင်ပါယာ မိသားစု သွေးမျိုးဆက် မရှိပေ။

သွေးမျိုးဆက် ပျံ့နှံ့ပြီး လူဦးရေ ဆယ်သန်းကျော်ရှိလျှင်ပင် ချမ်ဂျူး ကျွန်းဆွယ်တစ်ခု လုံးတွင် လူဦးရေက ဘီလီယံ တစ်ရာကျော် ရှိနေသည်။

အခွင့်အရေးက အပုံ တစ်သောင်းပုံ တစ်ပုံသာ ရှိသည်။

"ဟွာဝမ်ရီ... မင်းလည်း စမ်းကြည့်လိုက်...."

ချင်ယန်က ပြောလိုက်သည်။

သို့သော် ဟွာဝမ်ရှိအပေါ် မျှော်လင့်ချက် သိပ်မထားပေ။ ဟွာဝမ်ရှိကလည်း သူ့ကိုယ်သူ မျှော်လင့်ချက် မထားခဲ့ချေ။ ဟွာဝမ်ရှိတွင် ဝူလန် အင်ပါယာ မိသားစု သွေးမျိုးဆက် ရှိလိမ့်မည်ဟု မမျှော်လင့်ထားပေ။

တစ်စက္ကန့်...

နှစ်စက္ကန့်....

ချင်ယန်နှင့် လောင်လန်နာ တို့က သူတို့နှစ်ယောက်၏ စမ်းသပ်မှု ပြီးဆုံးသွားပြီ ဖြစ်သဖြင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ သူတို့ နှစ်ယောက်၏ စမ်းသပ်မှု အချိန်က သိပ်မကြာခဲ့ပေ။

ဟွာဝမ်ရို၏ သွေးက ကျောက်စိမ်းရုပ်တု လက်ဖဝါးထဲ စိမ့်ဝင်သွားသည်မှာ ငါးစက္ကန့် ကြာနေပြီ.....

"အင်ပါယာ သွေးမျိုးဆက် ရှာတွေ့ပါတယ်... သွေးမျိုးဆက် ပါဝင်မှုက (၃၀) ရာခိုင်နှုန်း..."

"လမ်းကြောင်း တစ်ကို ဖွင့်ပေးထားပါတယ်..."

ရုပ်တုထံမှ အသံ ထွက်ပေါ်လာပြီးနောက် ရုပ်တု ထွက်ပေါ်လာသည့် လမ်းကြောင်းတွင် ကျောက်ပြားများ ပေါ်လာသည်။

ချင်ယန်က မမျှော်လင့်ထားသခြင့် အလွန် ဝမ်းသာနေသည်။

ဟွာဝမ်ရိုက ဝူလန် အင်ပါယာ၏ သွေးမျိုးဆက်ကို အမှန်တကယ် ပိုင်ဆိုင်ထားသည်။

"သွားကြမယ်..."

ချင်ယန်က ဦးဆောင်ပြီး ကျောက်ပြား လမ်းကြောင်းပေါ် တက်သွားသည်.။

ဟွာဝမ်ရိုနှင့် လောင်လန်နာတို့က မိနစ်ဝက်ခန့် အံ့အောမှင်သက်နေပြီးနောက် အသိစိတ် ပြန်ဝင်လာကာ ချင်ယန်နောက်သို့ လိုက်သွား ကြသည်။

“သူဌေး...... ငါ.. ငါ့မှာ ဝူလန် အင်ပါယာရဲ့ သွေးမျိုးဆက် ပိုင်ဆိုင်နေတာလား....”

ချင်ယန်က ခေါင်းညိတ်လိုက်ပြီး....

"သံသယ ဖြစ်စရာ မရှိဘူး..... မင်းရဲ့ သွေးမျိုးဆက် ပါဝင်မှုက (၃၀) ရာခိုင်နှုန်းဆိုတော့ အရမ်းများတယ်...."

" သုံးဆယ် ရာခိုင်နှုန်းက အရမ်း များတာလား..."

ချင်ယန်က ရယ်မောလိုက်ရင်း.....

"အရမ်း များတာပေါ့......။ ယေဘူယျ အားဖြင့်တော့ ကလေးတွေရဲ့ သွေးမျိုးဆက် ပါဝင်မှုက ငါးဆယ် ရာခိုင်းနှုန်းပဲ ရှိတယ်.....။ မြေးနဲ့ မျိုးဆက်တွေမှာ သွေးမျိုးဆက် ပါဝင်မှုက (၃၀) ရာခိုင်နှုန်းပဲ ရှိတယ်... မဆိုးဘူး ဆိုရင် မျိုးဆက်

ငါးဆက် ကြာပြီးရင် သွေးမျိုးဆက် ပါဝင်မှုက ဆယ်ရာခိုင်နှုန်းထက် နည်းသွားလိမ့်မယ်....”

“ဒါပေမဲ့ သွေးမျိုးဆက်က မျိုးဆက် တစ်ခုကနေ အခြား မျိုးဆက်တစ်ခုကို အမွေ ဆက်ခံနိုင်တယ်... မျိုးဆက် ကြာပြီးတဲ့ အချိန်မှာတောင် သွေးမျိုးဆက် (၅၀) ရာခိုင်နှုန်း ပိုများတဲ့လူလည်း ပေါ်လာနိုင်တယ်။ ဒါပေမဲ့ မျိုးဆက် ပြန့်ပွားမှု အရမ်းများနေရင်တော့ သွေးမျိုးဆက် ပါဝင် (၃၀) ရာခိုင်နှုန်း ဖြစ်နိုင်တဲ့ အလားအလာက အရမ်း နည်းပါးတယ်...”

"မင်းရဲ့ သွေးမျိုးဆက် ပါဝင်မှုက ဝူလန် အင်ပါယာက မင်းသမီး တချို့ထက်တောင် ပိုများတယ်လို့ ခန့်မှန်းလို့ ရတယ်.."

"ငါတို့တွေ လမ်းကြောင်း အသစ်က ဝင်နိုင်တဲ့အတွက် ကျေးဇူး တင်ပါတယ်။ ဒီလမ်းကြောင်းက အလုံခြုံဆုံးနဲ့ အကျိုးအမြတ် အများဆုံး ရနိုင်တယ်လို့ ခန့်မှန်းလို့ ရတယ်....."

ချင်ယန်က အနည်းငယ် စိတ်လှုပ်ရှား နေသည်။

ယခု ခရီးစဉ်တွင် ကောင်းကင်ဘုံ သွေးသစ်ခွဲသာမက အခြား အရာများလည်း ရရှိနိုင်သည်။

လောင်လန်နာက.....

"ချင်ယန်.... ငါက ဘာဖြစ်လို့ ဝူလန် အင်ပါယာကို တစ်ခါမှ မကြားဖူး ရတာလဲ...."

ဟွာဝမ်ရိုကလည်း ချင်ယန်ကို လှမ်း ကြည့်လိုက်သည်။

ချင်ယန်က တစ်ချက် ပြုံးလိုက်ပြီး ပေါ့ပေါ့ပါးပါး အမူအရာနှင့်……

“ဘာဖြစ်လို့လဲ ဆိုတော့ ဝူလန် အင်ပါယာက ပျက်သုန်းသွားတာ အရမ်း ကြာနေပြီ… လွန်ခဲ့တဲ့ နှစ်ပေါင်း ကိုးထောင်ကတည်းက ဝူလန် အင်ပါယာက ပျက်ဆီးခဲ့တာ….. ဟွာဝမ်ရို တကယ်လို့ နင့်ကို လွန်ခဲ့တဲ့ နှစ်ပေါင်း ကိုးထောင်ကျော်မှာ မွေးမယ်ဆိုရင် မင်းသမီးတစ်ပါး ဖြစ်နိုင်သေးတယ်… အခုတော့ စိတ်မကောင်း စရာပဲ….”

"သူဌေး.. ငါ့ကို လာစမနေနဲ့..."

ယခု လက်ရှိတွင် ဟွာဝမ်ရိုက အနည်းငယ် အူကြောင်ကြောင် ဖြစ်နေသည်။

ချင်ယန်တို့အဖွဲ့က စကားပြောလာရင်း ခန်းမကြီး တစ်ခုသို့ ရောက်ရှိလာသည်။ လျှင်မြန်စွာ ပျောက်ကွယ်သွားသော ကျောက်စိမ်း ရုပ်တုလည်း ပြန်ပေါ်လာသည်။

"အချိန်တိုက်တဲ့ စက်က ပျက်ဆီးသွားပြီ..... အမှန်တိုင်း ပြောပါ... ဝူလန် အင်ပါယာ ပျက်ဆီးသွားတာ ဘယ်လောက် ကြာပြီလဲ..."

"ဒါ ဒီနေရာရဲ့ မိတ်ဆက်ခြင်း အစီအရင်ပဲ... တကယ်လို့ မင်းလိမ်ရင် နှင်ထုတ် ခံရမယ်..."

ကျောက်စိမ်း ရုပ်တုက နောက်တစ်ကြိမ် ထပ်ပြောလိုက်သည်။

"စီနီယာ သူတော်စင်မ...... ဝူလန် အင်ပါယာ ပျက်ဆီးသွားတာ နှစ်ပေါင်း ကိုးထောင် ကျော်နေပြီ.... ဘယ်နနှစ်လဲ အတိအကျတော့ ငါလည်း မသိဘူး..."

ကျောက်စိမ်း ရုပ်တုက မလှုပ်ရှားတော့ပေ။

အချိန် အတော်ကြာပြီးနောက် ကျောက်တုံး အခန်းတစ်ခုထဲမှ သက်ပြင်းချသံ တစ်ခု ထွက်ပေါ်လာသည်။ ထို အသံက ယခုလက်ရှိ အသံနှင့် မတူဘူး လူတစ်ယောက်က မတ်တပ်ရပ်ပြီး စကား ပြောနေသော အသံတစ်ခုနှင့် တူနေသည်။

တကယ့် မိန်းမ တစ်ယောက်၏ အသံပင်....

"ဒီလောက်တောင် ကြာသွားပြီလား..."

"ဒါဆိုရင် ဝူလန် အင်ပါယာကို ပြန် တည်ထောင်ဖို့ မလိုတော့ပါဘူး..... ဒီနေရာက

ရတနာကာလည်း ရင့်မှည့် နေလောက်ပြီ.... မင်းတို့ ယူသွားလို့ ရတယ်...."

"ဟူး...."

ထိုအမျိုးသမီးက သက်ပြင်းချရင်း ပြောလိုက်သည်။

လောင်လန်နာနှင့် ဟွာ၀မ်ရိုတို့က ချင်ယန်ကို ဇ၀ေဇ၀ါ မျက်လုံးများနှင့် ကြည့်နေကြသဖြင့် ချင်ယန်က အသံပို့လွှတ်ပြီး......

"ဒီအသံက အချိန် တော်တော်ကြာ ကတည်းက မှတ်တမ်း တင်ထားတဲ့ အသံပဲ။ ငါတို့ ဖြေပေးနေတဲ့ အဖြေတွေက လွန်ခဲ့တဲ့ နှစ်ပေါင်း ကိုးထောင်ကျော်က အဖြေတွေပဲ။ ငါတို့သာ တခြား အဖြေတွေ မေးမယ်ဆိုရင် သူမက ဘာမှ ပြောမှာ မဟုတ်ဘူး..."

"အင်ပါယာ မိသားစုရဲ့ မျိုးဆက် ရှေ့တိုးလာပါ..."

ကျောက်စိမ်း ရုပ်တုက နောက်တစ်ကြိမ် ထပ်ပြောလိုက်သည်။

ဟွာဝမ်ရိုက ရုပ်တုရှေ့သို့ လမ်းလျှောက်သွားသည်။

"မင်း.. ငါ့အနောက်က အခန်းထဲ ဝင်သွား… ကျန်တဲ့လူတွေက ဝင်ခွင့် မရှိဘူး.. ဝင်ရင် သေရမယ်…"

ရုပ်တု နောက်ဘက်တွင် မုခ်ပေါက်တစ်ခု ရုတ်တရက် ပေါ်လာသည်။

ဟွာဝမ်ရိုက ချင်ယန်ကို လှည့်ကြည့်လိုက်ရာ ချင်ယန်က ခေါင်းညိတ်ပြသဖြင့် ဟွာဝမ်ရိုက ထိုအထဲသို့ လမ်းလျှောက် ဝင်သွားသည်။

ကျောက်တံခါးကလည်း ချက်ချင်း ပြန်ပိတ်သွားသည်။

"ကျန်တဲ့လူတွေက ကျေးဇူးပြုပြီး ဘယ်ဘက်က လေ့ကျင့်ရေး အခန်းထဲ ဝင်လိုက်ပါ...."

"မင်းတို့မှာ အချိန် သုံးရက်ရှိတယ်.... ဘယ်လောက် အကျိုးအမြတ် ရလဲ ဆိုတာကတော့ မင်းတို့အပေါ်မှာပဲ မူတည်တယ်..."

ရုပ်တုက ၎င်း၏ ဘယ်ဘက်တွင် မုခ်ပေါက်တစ်ခု ဖွင့်ပြီး ပြောလိုက်သည်။

ချင်ယန်နှင့် လောင်လန်နာတို့က တစ်ယောက် မျက်နှာ ၊ တစ်ယောက်ကြည့်ပြီး ထို မုခ်ပေါက်ထဲ ဝင်သွားကြသည်။

ချင်ယန်တို့က ကျောက်တုံး အခန်းထဲ ရောက်လာကြသည်။

သူတို့ အနောက်ဘက်မှ ကျောက်တံခါး ပိတ်သွားသည်နှင့် ဝိညာဉ်ချီ အမြောက်အများ ထွက်ပေါ်လာသည်။ အချိန်တိုလေး အတွင်းမှာပင် အခန်းတစ်လုံး၌ ဝိညာဉ်ချီများက သာမန် မျက်လုံးနှင့် မြင်နိုင်သည်အထိ ထူထပ်လာသည်။

ထို့အပြင် ချင်ယန်သည် ယွမ်ဟိုင်နယ်ပယ် အဆင့် (၁) သို့ အတင်းကျပ် မြှင့်တက်ထားသည့် မတည်ငြိမ်မှုများလည်း လျှော့ကျ သွားသည်ကို သိလိုက်ရသဖြင့် အံ့အောသင့်သည်။

"လန်နာ... မြန်မြန် လေ့ကျင့်.... ဒီနေရာမှာ တစ်ရက် လေ့ကျင့်ရင် အပြင်မှာ နှစ်လ၊ သုံးလလောက် လေ့ကျင့်တာနဲ့ အတူတူပဲ...."

ချင်ယန်၏ အသံက အမှန်တကယ် ပျော်ရွှင်နေသည်။ ယခုလက်ရှိတွင် လောင်လန်နာက ယွမ်ဟိုင်နယ်ပယ် အဆင့် (၁) ရှိနေသဖြင့်

သုံးရက်ကြာ လေ့ကျင့်ပြီးပါက ယွမ်ဟိုင်နယ်ပယ် အဆင့် (၃) သို့ ရောက်ရှိရန် ပြဿနာ မရှိပေ။

လောင်လန်နာ၏ ပင်ကိုယ် ပါရမီကြောင့် အခြား သက်ရောက်မှုနှင့် မတော်တဆမှုများ မရှိပါက ယွမ်ဟိုင်နယ်ပယ် အဆင့် (၃)ကို ရောက်လိမ့်မည်ဟု တွေးထားသည်။

"တတ်နိုင်သမျှ မြန်မြန် လေ့ကျင့်ရမယ်....."

လောင်လန်နာက ချက်ချင်း လေ့ကျင့်လိုက်သည်။ သူမလည်း ဒီနေရာ၏ အကျိုး ကျေးဇူးများကို နားလည်နေသည်။

# အခန်း(၂၉၀) - ပိုလှလာသော ဟွာဝမ်ရှိ....

"နဝင်းကိုးပါး ကောင်းကင်ဘုံ ဝါးမြို့ခြင်း ကျင့်စဉ်.... ဝါးမြို့ လိုက်စမ်း..."

ချင်ယန်က စိတ်ထဲမှ တိတ်တိတ်လေး ကြုံးဝါး လိုက်သည်။ သူ၏ ကျင့်ကြံခြင်း ကျင့်စဉ်ကို အပြည့်အဝ လည့်ပတ် လိုက်သောကြောင့် သူ့ဘေးနားတွင် ကြီးမားလှသော အိုးအလွတ်ကြီး နှစ်လုံး ပေါ်လာသည်။

အတွင်းဘက် သုံးချောင်းထောက် အိုးက အချင်း နှစ်မီတာခန့် ရှိပြီး အဖြူရောင် ခပ်ဖျော့ဖျော့ သမ်းနေသည်။

အပြင်ဘက် သုံးချောင်းထောက် အိုးက အချင်း သုံးမီတာခန့်ရှိပြီး အဝါရောင် ခပ်ဖျော့ဖျော့ သမ်းနေသည်။

လောင်လန်နာနှင့် ချင်ယန်တို့က ယွမ်ဟိုင် နယ်ပယ်တွင် အတူတူ ရှိနေကြသည်။ သူမက သွေးမျိုးဆက် ပိုင်ဆိုင်ထားပြီး ကျင့်ကြံခြင်း ကျင့်စဉ်လည်း အလွန် ကောင်းမွန်သည်။

သို့သော် ချင်ယန်က ဝိညာဉ်ချီကို စတင်စုပ်ယူလိုက်သည်နှင့် အခန်းထဲရှိ ဝိညာဉ်ချီများက ချင်ယန်ထံ အရှူးအမူး တိုးဝင်သွားသည်။

ဤနေရာရှိ ဝိညာဉ်ချီက အရည်အသွေး အလွန်ကောင်းမွန်ပြီး အညစ်အကြေး နည်းပါးလွန်းသည်။ အနည်းငယ်သာ ညစ်ညမ်းနေသည့် ဝိညာဉ်ချီများကို သုံးချောင်ထောက် အိုးများက သန့်စင်နိုင်သဖြင့် ချင်ယန်အတွက် ဝိညာဉ်ချီများ စုပ်ယူရန် အလွန်လွယ်ကူနေသည်။

"ဝိညာဉ်ချီ ထောက်ပံ့မှုက သေချာပေါက် လုံလောက်တယ်..."

ချင်ယန်က စိတ်ထဲမှ ကြိတ်ပြောလိုက်သည်။ သူက ဝိညာဉ်ချီများကို အလွန် လျင်မြန်စွာ စုပ်ယူနေသော်လည်း ကျောက်တုံး အခန်းထဲသို့ လျင်မြန်စွာ ပြန်လည် ဖြည့်တင်းနေသော ဝိညာဉ်ချီများကြောင့် အခန်းထဲရှိ ဝိညာဉ်ချီ သိပ်သည်းမှုကို ထိန်းသိမ်း ထားနိုင်သေးသည်။

ထိုအချက်ကြောင့် ချင်ယန်က အလွန် ယုံကြည်မှု ရှိပြီး ရဲတင်းသွားသည်။

ငွေရောင် ဝံပုလွေဘုရင် အတွက်လား.....

ချင်ယန်က ဂရု မစိုက်ပေ။

ငွေရောင် ဝံပုလွေဘုရင်က ဟန်ဝမ်ထန်နှင့် အခြားသူများ အလောင်းကို စားသောက်ထားသည်။ ထိုအလောင်းများကို အစာချေဖျက်ရုံဖြင့် ၎င်း၏ ခွန်အား တိုးပွား လာနိုင်သည်။

အချိန်မှာ တစ်မိနစ်ပြီး တစ်မိနစ် ကုန်ဆုံးနေပြီး.. ချင်ယန်တို့ နှစ်ယောက်က ရပ်တန့်ခြင်း မရှိဘဲ အရူးအမူး လေ့ကျင့် နေကြသည်။

ယခုအချိန်တွင် အနားယူခြင်းက ကြီးကြီးမားမား ဖြုန်းတီးခြင်းသာ ဖြစ်သည်။

"ဘုန်း...."

အချိန်များ ကြာလာသည်နှင့် အမျှ လောင်လန်နာ၏ အော်ရာက ပေါက်ကွဲ ထွက်လာပြီး သူမ၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟိုင်နယ်ပယ် အဆင့် (၂) သို့ ရောက်ရှိ သွားသည်။

ချင်ယန်၏ မျက်နှာပေါ်တွင် အပြုံးပါးပါးလေး တစ်ခု ရှိနေသည်။ ယနေ့တွင် လောင်လန်နာက

ယွမ်ဟိုင်နယ်ပယ် အဆင့် (၂) သို့ ရောက်သွားသဖြင့် အကြာခင် ယွမ်ဟိုင်နယ်ပယ် အဆင့် (၃) သို့ သေချာပေါက် ရောက်လိမ့်မည်။

ယွမ်ဟိုင်နယ်ပယ် အဆင့်လေး အတွက်ကမူ မျှော်လင့်ချက် လုံး၀ မရှိသေးပေ။

နှစ်ရက်....

သုံးရက်.....

မသိလိုက်ဘဲ သုံးရက်တာ ကာလက လျင်မြန်စွာ ကုန်ဆုံး သွားခဲ့သည်။

ကျောက်တုံး အခန်းထဲရှိ ဝိညာဉ်ချီများက လျင်မြန်စွာ ပျောက်ကွယ်သွားသည်။

"စိတ်မကောင်း စရာပဲ....”

လောင်လန်နာက သက်ပြင်းတစ်ချက် ချပြီး မျက်လုံး ဖွင့်လိုက်သည်။ သူမက သက်ပြင်း ချလိုက်သော်လည်း သူမ မျက်လုံးထဲတွင် စိတ်လှုပ်ရှားမှုများ ပြည့်နှက် နေသည်။

ဤသုံးရက် အတွင်းတွင် လောင်လန်နာ၏ ကျင့်ကြံခြင်းအဆင့်က ယွမ်ဟိုင်နယ်ပယ် အဆင့် (၄)နှင့် သိပ်မဝေးတော့ပေ။

"ချင်ယန်...... မင်း အဆင်ပြေလား..."

လောင်လန်နာက အနည်းငယ် စဉ်းစားမရသော အမူအရာနှင့် ချင်ယန်ကို ကြည့်လိုက်သည်။ ချင်ယန်ထံမှ ထွက်ပေါ်လာသည့် အစွမ်းထက် အော်ရာကို လုံးဝ မခံစားမိခဲ့ပေ။

'ချင်ယန် အဆင့် မတက်သွားဘူးလား...'

'ဒါက လုံးဝ မဖြစ်နိုင်ပါဘူး....'

လောင်လန်နာက ချင်ယန်၏ ဝိညာဉ်ချီ စုပ်ယူမှုကို သတိထားမိသည်။ သူမထက် နှစ်ဆ ပိုမြန်နေသေးသည်။

ယွမ်ဟိုင် နယ်ပယ်က ယွမ်ချီ ပမာဏအပေါ်တွင် မူတည်သည်။

ချင်ယန်၏ စုပ်ယူမှုနှုန်းဆိုလျှင် ချီများကို သန့်စင်လျှင်ပင် သူမထက် ပိုမြန်သင့်သည်။

"ငါက ယွမ်ဟိုင်နယ်ပယ် အဆင့် (၅) ရောက်နေပြီ... ဟား...ဟားး..."

ချင်ယန်က ကျယ်လောင်စွာ အော်ရယ်ရင်း ပြောလိုက်သည်။

လောင်လန်နာက မျက်လုံး ပြူးသွားသည်။ သူမက ယွမ်ဟိုင်နယ်ပယ် အဆင့်(၄) ကိုပင် မရောက်သေးပေ။ ချင်ယန်က ယွမ်ဟိုင်နယ်ပယ် အဆင့် (၅) သို့ အမှန်တကယ် ရောက်ရှိသွားသည်။

ဒါက......

"ချင်ယန်.... နင်က တစ်ဆို့မှု မကြုံဘူးလား..."

လောင်လန်နာ စဉ်းစားမရ ဖြစ်နေသည်။

အဆင့်တစ်ခု တက်သွားတိုင်း ထစ်ဆို့မှုနှင့် ကြုံတွေ့ရတတ်သည်။ ထိုအချိန်တွင် ဝိညာဉ်ချီ စုပ်ယူမှုက နှေးကွေးသွားသည်။ တစ်ဆို့မှုကို ကျော်ဖြတ်ပြီးမှ ဝိညာဉ်ချီကို လျင်မြန်စွာ ထပ်မံ စုပ်ယူနိုင်သည်။

ယခုနေရာတွင် လောင်လန်နာက အဆင့်တက်ရန် ပိုမို လွယ်ကူသည် ခံစားရသော်လည်း တစ်ဆို့မှုများ ရှိနေသေးသည်။ သူက ဒီသုံးရက် အတွင်းတွင် ထစ်ဆို့မှု အချိန်ကာလအတွက် နာရီပေါင်းများစွာ ပေးခဲ့ရသည်။

"ကြုံတွေခဲ့တယ်.. ဒါပေမဲ့ အလွယ်တကူ ကျော်ဖြတ် နိုင်ခဲ့တယ်..."

ချင်ယန်က ပြုံးပြီး ပြန်ပြောလိုက်သည်။

'ထစ်ဆို့မှုက သူ့အတွက် ပြဿနာလား....'

ချင်ယန်က အခြေခံအုတ်မြစ် ခိုင်မာနေသေရွေ့ ထစ်ဆို့မှုများကို လုံးဝ လျစ်လျူရှုပြီး မြန်မြန်ဆန်ဆန် အဆင့်တက်နိုင်သည်။

ဤနေရာရှိ အထူးရတနာက ကုသိုလ် စွမ်းအားနှင့် အကျိုး အာနိသင်ခြင်း တူညီနေသည်။

"ဝုန်း.. ဒုန်း..."

ကျောက်တံခါး ပြန်ပွင့်သွားပြီး ချင်ယန်တို့ နှစ်ယောက်က ပြန်ထွက် လာကြသည်။

ထိုအချိန်တွင် ဟွာဝမ်ရို ရှိနေသော ကျောက်တံခါး ပြန်ပွင့်လာပြီး ဟွာဝမ်ရိုလည်း ပြန်ထွက်လာသည်။

"အသင့်ပြင်ထား...... အမွေးတိုင် တစ်တိုင်စာ ကြာရင် လမ်းကြောင်း ပြန်ပွင့် လာလိမ့်မယ်... အပြင်ဘက်က ရန်သူတွေကိုလည်း သတိထား...."

ရုပ်တုက သတိပေးလိုက်သည်။

ချင်ယန်က ဟွာဝမ်ရိုကို လှမ်းကြည့်လိုက်ရာ ဟွာဝမ်ရို၏ ကျင့်ကြံခြင်း အဆင့်က သူ့ထက် ပိုမြင့်နေသည်ကို မြင်လိုက်ရပြီး အံ့အော သင့်သွားသည်။ ယခုလက်ရှိတွင် ဟွာဝမ်ရို၏ ကျင့်ကြံခြင်းအဆင့် ယွမ်ဟိုင်နယ်ပယ် အဆင့် (၇) သို့ ရောက်နေသည်။

ထို့အပြင် ဟွာဝမ်ရိုက ခန္ဓာကိုယ်ကို ခွဲပြီး အရိုးများ လဲလှယ်ခဲ့ပုံရကာ ယခုအခါ သူမ အသေးအရေက ပိုမို နုဖပ်နေပြီး သူမရုပ်ပုံက

ထူးထူးခြား လှုပနေသည်။ သူမ၏ အသေးအရေကလည်း ကျောက်စိမ်း ကဲ့သို့ ချောမွေ့နေသည်။

"ဟွာဝမ်ရို... မင်း စိတ်ဝိညာဉ် အရည် စိမ်ခဲ့တာလား...."

ချင်ယန်က အမှန်တကယ် အံ့အောသင့် နေသည်။ ဟွာဝမ်ရို ခန္ဓာကိုယ်ပေါ်မှာ စိတ်ဝိညာဉ် အရည် သဲလွန်စကို ရနေသည်။

"ဟုတ်တယ်... သူဌေး...."

ဟာဝမ်ရိုက ခေါင်းညိတ် လိုက်သည်။

လောင်လန်နာက အံ့အောသင့် နေသော လေသံနှင့်.....

“ဟွာဝမ်ရို.... အခု နင်က ငါ့ထက် ပိုလှသွားပြီ.....”

လောင်လန်နာ၏ စကားများက အနည်းငယ် ချဲ့ကားနေသည်။ ယခုအခါ ဟွာဝမ်ရို၏ အလှက တစ်ဆင့်တက်သွားပြီး သူမနှင့် အတူတူသာ ရှိနေသည်။

စိတ်ဝိညာဉ် အရည်နှင့် ပေါင်းစပ်လိုက်သောကြောင့် ဟွာဝမ်ရို၏ အသက်စွမ်းအားက အားကောင်း လာခဲ့သည်။ ယခင်က သူမ ရုပ်ရည်သည် အသက် နှစ်ဆယ့်လေး၊ နှစ်ဆယ့်ငါးနှစ်ခန့် ဖြစ်သော်လည်း ယခုအခါ အသက် (၂၁)၊ (၂၂) အရွယ်သာ ရှိတော့သည်။

ဟွာဝမ်ရိုကလည်း ချမ်ဂျူးမြို့က အသက်ရေကန်ထဲတွင် ရက်အနည်းငယ် ကြာအောင် ဝင်စိမ်ခဲ့သည်။ အသက် ရေကန်တွင် စိတ်ဝိညာဉ်

အရည် ပါဝင်သော်လည်း သိပ်သည်းမှုက တစ်ရာခိုင်နှုန်းပင် မပိုချေ။

ယခုတစ်ကြိမ်တွင် ဟွာဝမ်ရိုက် အသက်အလုံးထဲ စိမ်ခဲ့သောကြောင့် စိတ်ဝိညာဉ် အရည်၏ သိပ်သည်းမှုက သေချာပေါက် (၁၀) ရာခိုင်နှုန်းထက် ပိုများလိမ့်မည်။

(၂၀) ရာခိုင်နှုန်းပင် ဖြစ်နိုင်သည်။

ထို့ကြောင့် အကျိုး သက်ရောက်မှုက အလွန် ကွာခြားလွန်းသည်။

"ဘာဖြစ်လို.... နင့်ထက် ပိုလှရမှာလဲ...."

ဟွာဝမ်ရိုက စိတ်ထဲတွင် အလွန် ပျော်နေသည်။ မည်သည့် အမျိုးသမီးက ပိုမလှချင်ဘဲ ရှိမည်နည်း....

"သူဌေး.. ဒါက နင့်အတွက်....."

ဟွာဝမ်ရိုက စကားပြောနေရင်း ရတနာသေတ္တာ တစ်ခု ထုတ်ယူလိုက်သည်။ ထို ရတနာသေတ္တာက ထွင်းဖောက် မြင်နေရသဖြင့် အနီရောင် တောက်ပနေသည့် ပန်းတစ်ပွင့်ကို မြင်နေရသည်။

"ကောင်းကင်ဘုံ သွေးသစ်ခွ...."

ချင်ယန်၏ မျက်လုံးထဲတွင် စိတ် လှုပ်ရှားမှုများ ပေါ်လာသည်။

'ဟွာဝမ်ရိုက ကောင်းကင်ဘုံ သွေးသစ်ခွကို အမှန်တကယ် ရခဲ့တာပဲ...'

"ဟွာဝမ်ရို.. ဒါက..."

ချင်ယန်က တွန့်ဆုတ်သည်။

အကယ်၍ ဟွာဝမ်ရိုသာ မရှိပါက သူတို့ အထဲဝင်နိုင်မည် မဟုတ်ပေ။ ယခုအခါ

အကျိုးအမြတ် အများကြီး ရရှိထားပြီး ကျင့်ကြံခြင်း အဆင့်လည်း အများကြီး တိုးတက် လာခဲ့သည်။

ဟွာ၀မ်ရိုက အင်ပါယာ မိသားစု သွေးမျိုးဆက် ပိုင်ဆိုင်ထားသဖြင့် ဒီနေရာရှိ အရာများက သူမ၏ ဘိုးဘေးများ ချန်ထားခဲ့ခြင်း ဖြစ်နေသည်။

ဟွာ၀မ်ရိုက.....

"သူဌေး.. ငါ့မှာ ဝူလန် အင်ပါယာ သွေးမျိုးဆက် ရှိတယ် ဆိုပေမဲ့ နှစ်ပေါင်းက ကိုးထောင်ကျော် ကြာသွားပြီ.... တကယ်လို့ သူဌေးသာ ငါ့ကို

မခေါ်လာရင် ဒီလောက်များတဲ့ အကျိုး အမြတ်တွေကို ဘယ်လို ရနိုင်မှာလဲ..”

“ပြီးတော့ သူဌေးက ဒီနေရာကို သိနေတယ်။ သူဌေးသာ မရှိဘူးဆိုရင် အချိန်ပေးပြီး လိုက်ရှာလည်း ရှာတွေ့မှာ မဟုတ်ဘူး….”

“သူဌေး.. ယူလိုက်ပါ…. အချိန်တန်ရင် ငါ့ကို ပွင့်ချပ်တစ်ချပ် ပြန်ပေးပေါ့….”

“ငါ့လက်ထဲကနေ ရန်သူ လုသွားရင် မကောင်းဘူး…”

ယခုလက်ရှိ အချိန်တွင် ဟွာဝမ်ရိုက အများကြီး တိုးတက်လာခဲ့ပြီ ဖြစ်သဖြင့် ကောင်းကင်ဘုံ သွေးသစ်ခွကို ယူထားရန် မသင့်တော်ပေ။ ထို့အပြင် ချင်ယန်တို့နှင့် လိုက်လာခဲ့ခြင်း ဖြစ်နေသည်။

"ကောင်းပြီလေ..."

ချင်ယန်က ခေါင်းညိတ်လိုက်ပြီး ရတနာ သေတ္တာကို ယူကာ သိမ်းလိုက်သည်။

ဟွာဝမ်ရိုက....

"သူဌေး.. ဒီနေရာကနေ ရတနာတစ်ခုလည်း ရလာသေးတယ်.... အဲ့ ရတနာက ပစ်ခတ်မှုနဲ့ ကာကွယ်မှု ပေါင်းစပ်ထားတဲ့ ရတနာ အမျိုးအစားပဲ..... သခင်ကို တိုက်ရိုက် အသိအမှတ်ပြုလိုက်လို့ နင့်ကို ပေးလို့ မရတော့ဘူး..."

"ရပါတယ်... ဘာ ရတနာမျိုးလဲ..."

ချင်ယန်က အနည်းငယ် သိချင်နေသည်။

ဟွာဝမ်ရိုက တစ်ချက် တွေးလိုက်ရာ သူမလက်ထဲတွင် လခြမ်းပုံစံ အရာတစ်ခု ပေါလာသည်။ သူမက ထိန်းချုပ်လိုက်ရာ လခြမ်းပုံစံ

အရာက ချက်ခြင်း ပျံထွက်သွားပြီး မျက်စိတစ်မှိတ် အတွင်းမှာပင် နံရံပေါ်၌ အပေါက်တစ်ခု ပေါ်လာသည်။

အပေါက်က တော်တော်လေး နက်သည်။

ထို့နောက် တစ်စက္ကန့် အတွင်းမှာပင် ထိုအရာက ဟွာဝမ်ရှိလက်ထဲ ပြန် ရောက်လာသည်။

ဟွာဝမ်ရှိ ခန္ဓာကိုယ်ကို အဖြူရောင် အလင်းများက ဖုံးအုပ်သွားသည်။ ထို အလင်းရောင်က အားနည်းပုံ ရသော်လည်း ခုခံ ကာကွယ်နိုင်စွမ်း ပြင်းထန် လွန်းသည်။

"သွေးမျိုးဆက် ရတနာ...."

"ဒီရတနာက ကျင့်ကြံမှု အဆင့်အပေါ် မူတည်ပြီး ချိန်ညှိနိုင်သေးတယ်... ပစ္စည်းကောင်းလေးပဲ.."

ချင်ယန်က အနည်းငယ် ပြုံးပြီး ပြောလိုက်သည်။ ထိုလခြမ်းကွေးက ကြယ်ရှစ်ပွင့် ရတနာတစ်ခု ဖြစ်လိမ့်မည်ဟု ခန့်မှန်းလိုက်သည်။

ယခု လောလောဆယ်တွင် ချိတ်ပိတ်ထားသောကြောင့် အဆင့် (၆) သာ ရှိနေသေးသည်။

ဟွာဝမ်ရို ယွမ်ဒန် နယ်ပယ် ရောက်သွားပါက အဆင့် (၇) ဖြစ်သွားလိမ့်မည်ဟု ခန့်မှန်းရသည်။

ဟွာဝမ်ရို၏ ကျင့်ကြံခြင်းအဆင့် မွေးကင်းစ အရွယ်သာ ဖြစ်နေပါက ထိုရတနာက ချိတ်ပိတ် နေလိမ့်မည်။

ကျင့်ကြံခြင်းအဆင့် မြင့်တက်လာသည်နှင့် အမျှ ထို ရတနာကလည်း မြင့်တက် လာလိမ့်မည်။

ဒါက မျိုးဆက်လူငယ်အတွက် ဝူလန် ကောရီ သူတော်စင်မက ပြင်ဆင်ပေးထားခြင်း ဖြစ်သည်။

ကောင်းကင်ဘုံ သွေးသစ်ခွက အစိက ပြင်ဆင်ပေးထားသောအရာ ဖြစ်သည်။

သို့သော်လည်း နှစ်ပေါင်း ကိုးထောင် ကြာပြီးမှ ဖွင့်မည့်လူ ပေါ်လာလိမ့်မည်ဟု မည်သူက ထင်မည်နည်း........

ကောင်းကင်ဘုံ သွေးသစ်ခွကလည်း ရင့်မှန်နေခဲ့ပြီ.....

"ဟွာဝမ်ရို... အခုလက်ရှိ နင့်ရဲ့ ကျင့်ကြံခြင်း အဆင့်က ဘယ်အဆင့်လဲ...."

လောင်လန်နာက အမှန်တကယ် သိချင်စိတ်နှင့် မေးလိုက်သည်။ ယခု လက်ရှိတွင် သူမ၏ ကျင့်ကြံခြင်းအဆင့်က နိမ့်နေသဖြင့် ဟွာဝမ်ရို၏ ကျင့်ကြံခြင်း အဆင့်ကို မမြင်နိုင် ဖြစ်နေသည်။

ဟွာဝမ်ရိုက ပြုံးလိုက်ပြီး....

“ယွမ်ဟိုင် နယ်ပယ် အဆင့် (၇)...”

“ဒီလောက် မြင့်တာလား...”

လောင်လန်နာ၏ မျက်လုံးထဲတွင် တုန်လှုပ်မှုများ ပြည့်နှက်သွားသည်။ သူမက ယွမ်ဟိုင် နယ်ပယ်

အဆင့် (၁)မှ အဆင့် (၃) အထိ မြင့်တက်လာခဲ့သဖြင့် သူမကိုယ် သူမ အလွန်မြန်ဆန်နေပြီဟု ထင်နေမိခဲ့သည်။

ဤနေရာကို ဝင်လာခဲ့သည့် အချိန်တွင် ဟွာ၀မ်ရိုနှင့် သူမက ကျင့်ကြံခြင်းအဆင့် တူသော်လည်း ယခုအခါ ဟွာ၀မ်ရို၏ ကျင့်ကြံခြင်းအဆင့်က သူမထက် အများကြီး သာလွန်သွားခဲ့ပြီ။

ဟွာ၀မ်ရိုက ချစ်စရာ ကောင်းအောင် ပြုံးလိုက်ပြီး.....

"လောင်လန်နာ စိတ်မပူနဲ့.. သူဌေးက နင့်ကို ချစ်ပါတယ်.... အချိန်တန်ရင် ငါရဲ့ ကျင့်ကြံခြင်း အဆင့်ကို လိုက်မီအောင် လုပ်ပေးလိမ့်မယ်...."

"ချင်ယန်..... အခု ဟွာဝမ်ရိုက အရမ်း လှနေပြီနော်..... သူမကို တွန်းမလှဲသေးဘူးလား..."

လောင်လန်နာက ချက်ချင်း ပြန်လည် ချေပလိုက်သည်။

"ငါက နင့်လောက် ဘယ်လို လှမှာလဲ.."

"သူဌေး နင့်မျက်လုံး ကောင်းပါတယ်..... ဘယ်သူက ပိုလှလဲ ဆိုတာ ပြောစမ်းပါအုံး...."

အမျိုးသမီး နှစ်ယောက်က ရယ်မောရင်း စကာနိုင် လုနေကြသည်။

ချင်ယန်က အဝေးမှ တိတ်တဆိတ် ကြနေသော်လည်း ပိုဆိုးပက်စက် လှသည့် မိန်းမလှလေး နှစ်ယောက်၏ ဆွဲဆောင်မှုကြောင့် သူ့စိတ်ကို အနိုင်နိုင် ထိန်းနေရသည်။

"အဆင်သင့် ပြင်ထား..... နောက်ထပ် ဆယ်စက္ကန့် ဆိုရင် ပွင့်တော့မယ်..."

မကြာခင် ကျောက်စိမ်း ရုပ်တုက နောက်တစ်ကြိမ် သတိ ပေးလာသည်။

ဆယ်စက္ကန့်က လျင်မြန်စွာ ကုန်ဆုံးသွားပြီး လမ်းကြောင်းတစ်ခု ပေါ်လာသည်။

ထို အခိုက်အတန့်တွင် ချင်ယန်က တစ်ခုထက်မက ပိုများသော သတ်ဖြတ်ခြင်း ရည်ရွယ်ချက်များကို ခံစားလိုက်ရသည်။

"သတိထား.... အပြင်မှာ ရန်သူတွေ ရှိနေတယ်..."

ချင်ယန်က ရုတ်တရက် အသံပို့လွှတ်ပြီး ပြောလိုက်သဖြင့် လောင်လင်နာနှင့် ဟွာဝမ်ရိုတို့က စိတ်ထစ် သွားကြသည်။

ချင်ယန်က သတိထားရန် ပြောနေသဖြင့် ရန်သူ၏ အင်အားက အားမနည်းနိုင်ပေ။

ချင်ယန် မျက်မှောင်ကြုတ် နေသည်။

ဉာဲခရီး၏ အကျိုးအမြတ်ကို အလွယ်တကူ အသုံးချ နိုင်လိမ့်မည်ဟု သူက ထင်နေခဲ့သည်။

သို့သော် မမျှော်လင့်ထားသော ပြဿနာများ ရောက်လာ လိမ့်မည်ဟု မထင်ထားခဲ့ချေ။

## အခန်း(၂၉၁) - အလစ်ချောင်း တိုက်ခိုက်ခြင်း....

အပေါက် ပွင့်လာသော်လည်း ချင်ယန်တို့ အဖွဲ့က ချက်ချင်း မထွက်လာသေးပေ။

ချင်ယန်က ဟွာဝမ်ရှိနှင့် လောင်လန်နာတို့ကို ကူညီပြီး သူမတို့၏ အော်ရာကို ဖုံးကွယ်ပေးလိုက်သည်။

အပြင်မှ လူများက ဂူထဲ မဝင်လာကြပေ။

အကယ်၍ သူတို့ အထဲဝင်သွားမည် ဆိုပါက တိုက်ခိုက် ခံရနိုင်ခြေ များနေသည်။

"ချင်ယန်.... အပြင်မှာ ဘယ်သူတွေလဲ..."

လောင်လန်နာက အသံပို့လွှတ်ပြီး မေးလိုက်သည်။ ချင်ယန်က သတိထားနေသဖြင့် သာမန်လူများတော့ မဖြစ်နိုင်ပေ။

"လက်ထောက် နန်းတော်မှူး ထောင်....."

"လာ ထွက်သွားကြမယ်..."

ချင်ယန်က တိုးတိုးလေး ပြောလိုက်သည်။ ဒီနေရာမှ မထွက်ဘဲ ပေကပ်နေခြင်းက အလုပ် မဖြစ်ပေ။

"သူဌေး... ငါတို့နောက် လိုက်လာလို့ ငါတို့ တည်နေရာကို ရှာတွေ့ သွားတာလား..."

ဟွာ၀မ်ရိုက မျက်နှာက အမှန်တကယ် လေးလံနေသည်။

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ် လိုက်သည်။ ထိုအတိုင်းသာ ပြောရလိမ့်မည်။

သူတို့ ရောက်လာသည့် အချိန်တွင် မည်သူမှ မရှိသော်လည်း အလွန် အစွမ်းထက်သည့် ခြေရာခံ ရတနာကို အသုံးပြုခြင်း ဖြစ်နိုင်သည်။

ခြေရာခံ ရတနာကို ဟွာဝမ်ရိုအပေါ် ပစ်မှတ် ထားလိုက်ပါက ချင်ယန်က မည်ကဲ့သို့ သတိထားမိမည်နည်း.....

ချင်ယန်တို့ အဖွဲ့က အပြင်ဘက်သို့ တစ်ယောက်ပြီး တစ်ယောက် ထွက်လာကြသည်။

ဂူအပေါက်က ချက်ချင်း ပြန်ပိတ်သွားပြီး မူလ ကျောက်နံရံ ပုံစံ ပြန်ဖြစ်သွားသည်။

"မဟာသခင်ချင်... မတွေ့တာ ကြာပြီနော်..."

ထောင်ကွမ်ယွီ ၏ အသံသြသြကြီးက ပေါ်လာသည်။ ဒီနေရာက အလွန် သာမန်ဆန်သော်လည်း ယခုအခါ တန်ခိုးရှင် အများကြီး ရောက်နေကြသည်။

ခေါင်းဆောင် ထောင်ကွမ်ယွီ ဖြစ်ပြီး သူတို့အထဲတွင် ရန်စန်းလည်း ပါလာသည်။

ထို့အပြင် ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် သုံးယောက်နှင့် ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင် (၁၅)

ယောက် ထပ် ပါလာသောကြောင့် စုစုပေါင်း အယောက် (၂၀) ရှိနေသည်။

ကျင့်ကြံခြင်း အဆင့် အမြင့်ဆုံးက ထောင်ကွမ်ယွီ ဖြစ်ပြီး ယွမ်ဒန်နယ်ပယ် အဆင့် (၅) ဖြစ်နေသည်။

ချင်ယန် ချမ်ဂျူးမြို့သို့ ရောက်သည့် အချိန်ကလည်း ထောင်ကွမ်ယွီ၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဒန်နယ်ပယ် အဆင် (၅) ဖြစ်သည်။ ယခု လက်ရှိတွင်လည်း ထို အဆင့်အတိုင်းသာ ဖြစ်နေသေးသည်။ သူ၏ အသက်အရွယ်နှင့်

ခွန်အားအရ အထူး ကံကောင်းခြင်းမျိုးနှင့် ကြုံကြိုက်ခြင်း မရှိပါက သုံးနှစ်၊ ငါးနှစ်အထိ ယွမ်ဒန်နယ်ပယ် အဆင့် (၅) တွင် ရှိနေခြင်းက ပုံမှန်သာ ဖြစ်သည်။

“လက်ထောက် နန်းတော်မှူးထောင်... မင်းက ငါ့ကို တကယ် တန်ဖိုးထားတာပဲ....... တန်ခိုးရှင်တွေ အများကြီး ခေါ်လာပါလား....”

ချင်ယန်က သုန်မှုန်နေသော မျက်နှာ အမူအရာနှင့် ပြောလိုက်သည်။

ထောင်ကွမ်ယွီက တစ်ချက် ပြုံးလိုက်ပြီး ပေါ့ပေါ့ပါးပါး အမူအရာနှင့်.....

“ပထမတုန်းက မင်းနောက်ကို ရန်စန်း လိုက်လာတယ်... ဒီအဘိုးကြီးက မင်းကို သတ်ဖို့ ရည်ရွယ်ချက် မရှိပါဘူး.... ဒါပေမဲ့ အခုလို ပြန်ထွက်လာတော့ အဘိုးကြီးက စိတ်ဝင်စား မိတယ်လေ.... မဟာသခင်ချင် ဒီနေရာမှာ ဘယ်သူမှ မရှိဘူး.. ငါရောက်နေတာ သုံးရက်လောက် ရှိပြီ...”

“မဟာသခင်ချင်...... ဒီအပင်ကို သိလား....

ထောင်ကွမ်ယွီက လက်ညှိုး ထိုးပြရင်း ပြောလိုက်သည်။ မီတာ (၂၀) ခန့် ကွာဝေးသော နေရာတွင် မြင့်မားသော အပင်တစ်ပင် ရှိနေပြီး ချင်ယန်တို့ ရောက်လာခဲ့သည့် အချိန်က ထိုအပင် မရှိသေးပေ။

"အစောင့်အရှောက် ယုကျား... ယွမ်ဒန် နယ်ပယ် အဆင့် (၈)....."

ချင်ယန်၏ မျက်လုံးက တောက်ပလာပြီး....

"လက်ထောက် နန်းတော်မှူး ထောင်က တကယ် စိတ်ပါနေတာကို...... အစောက်ရှောက်

ယုကျွားရဲ့ မျိုးစေ့ကိုတောင် တစ်ခါတည်း ထုတ်သုံးနေတာပဲ....”

ယွမ်ဒန် နယ်ပယ် တန်ခိုးရှင် ငါးယောက်.... ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် (၁၅) ယောက်နှင့် ထိုကဲ့သို့ ရတနာကို ထုတ်သုံးနေသဖြင့် ချင်ယန်က ဘဝင်မြင့်သလို အနည်းငယ် ဖြစ်သွားသည်။

ထောင်ကွမ်ယွီက ပေါ့ပေါ့ပါးပါး အမူအရာနှင့်.....

“မဟာသခင်ချင်.... ဒီကာလ တစ်လျှောက် မင်းခွန်အားက အဆက်မပြတ် မြင့်တက်လာပြီး မင်းရန်သူတွေ တော်တော် များများလည်း

သေဆုံးခဲ့တယ်။ ဒီအဘိုးကြီးက သတိထားမှ ဖြစ်မှာပေါ့...... သတိထားလို့ အမှား မရှိပါဘူးလေ...”

“မဟာသခင်ချင်... မင်းက သိနေပြီ ဆိုမှတော့ မင်း နားထောင်သင့်တဲ့ အကြံအဉာဏ် ရှိတယ်...”

ချင်ယန်က အေးစက်သော လေသံနှင့်.....

“လက်ထောက် နန်းတော်မှူး ထောင်က ဘယ်လို အကြံမျိုး ပေးချင်လို့လဲ...”

ထောင်ကွမ်ယွီက ပေါ့ပေါ့ပါးပါး အမူအရာနှင့်.....

"မဟာသခင်ချင်.... နာခံမှုရှိရှိနဲ့ လက်နက်ချလိုက်မယ်ဆိုရင် မင်းတို့ သုံးယောက်ပဲ သေမယ်... ရှောင်ကျူဝမ်နဲ့ တခြားလူတွေက အသက်ရှင်နေလိမ့်မယ်.... ဒီအဘိုးကြီး မင်းကိုသတ်တာ သူတို့သိမှာ မဟုတ်ဘူး.... ဒီအဘိုးကြီးလည်း လက်ထောက် နန်းတော်မှူး တစ်ယောက်အနေနဲ့ သူတို့ကို သေတွင်းပို့မှာ မဟုတ်ဘူး..."

"တကယ်လို့ မင်း မနာခံရင် မင်းသေမယ်.... ရှောင်ကျူဝမ်နဲ့ တခြားလူတွေလည်း သေရမယ်..."

ထောင်ကွမ်ယွီ အနားမှ သန်မာသောလူက လောင်လန်နာကို အငမ်းမရ စိုက်ကြည့်နေသည်။

ထိုလူက လောင်လန်နာနှင့် ဟွာ၀မ်ရိုတို့ကို စိုက်ကြည့်နေရင်း တစ်ချက် ပြုံးလိုက်ပြီး....

"မဟာသခင်ချင်.. တကယ်လို့ မင်းက နာခံမှု ရှိရှိနဲ့ လက်နက်ချမယ်ဆိုရင် ငါတို့က မဟုတ်တာ မလုပ်ဘူး...... ဒီလို မဟုတ်ရင် လောင်လန်နာနဲ့ ဟွာ၀မ်ရိုတို့ကို ဖမ်းပြီး ကောင်းကောင်းလေး အရသာ ခံလိုက်မယ်..."

"ဒီလောက် လှတဲ့ မိန်းမတစ်ယောက်ကို တစ်ခါတည်း သတ်လိုက်ရမှာ နမြောစရာကြီး..."

သန်မာသော ထိုလူ၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဒန် နယ်ပယ်တွင် ရှိနေသည်။

ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် တစ်ယောက် အနေနှင့် ထိုလူက တဏှာစိတ် ပြင်းထန်လွန်းသည်။ သူ့တွင် မိန်းမ အများကြီး ရှိသော်လည်း မည်သည့် မိန်းမကမျှ လောင်လန်နာနှင့် ဟွာဝမ်ရိုတို့၏ ကျင့်ကြံခြင်း အဆင့်မျိုးကို မရောက်ဖူးသေးပေ။

ချမ်ဂျူး ကျွန်းဆွယ် တစ်ခုလုံးတွင် မိန်းမ အများစုက ယွမ်ဟူ နယ်ပယ်သို့သာ ရောက်ရှိကြသည်။

ကျင့်ကြံခြင်းအဆင့်က ရုပ်ရည် အသွင်အပြင်နှင့် စိတ်နေ သဘောထားအပေါ် လွှမ်းမိုးမှု အများကြီး ရှိနေသည်။

ထောင်ကွမ်ယွီက ပေါ့ပေါ့ပါးပါး အမူအရာနှင့်....

"မဟာသခင်ချင်.... တကယ်လို့ မင်းက နာခံမှု ရှိမယ်ဆိုရင် ဒီအဘိုးအိုက သူတို့ကို ထိန်းထားလိုက်မယ်... မဟုတ်လို့ကတော့ ဒီနေ့

ဒီအဘိုးအိုရဲ့ အစွမ်းကိုပါ တစ်ခါတည်း ပြလိုက်မယ်....”

လောင်လန်နာတွင် ကျက်သေရရှိသော ရုပ်ရည် အသွင်အပြင်မျိုး ရှိနေသဖြင့် ယခုလက်ရှိတွင် ထောင်ကွမ်ယွီပင် အနည်းငယ် စိတ်ပါနေသည်။

ချင်ယန်က စိတ်ထဲမှ လျှင်မြန်စွာ တွက်ချက်လိုက်သည်။

ယန္တရားသားရဲက ယွမ်ဒန်နယ်ပယ် အဆင့် (၈) အစောင်အရှောက် မွှန်းစတား သစ်ပင်ကို ကိုယ်တွယ်ရန် ပြဿနာ မရှိပေ။ ယန္တရား သားရဲ၏

ကျင့်ကြံခြင်း အဆင့်က ယွမ်ဒန်နယ်ပယ် အဆင့် (၉)တွင် ရှိနေသည်။

သူတို့ အဆင့်သင့် မဖြစ်သေးခင် တိုက်ခိုက်လိုက်မည် ဆိုပါက ထောင်ကွမ်ယွီဘက်မှ တန်ခိုးရှင် တစ်ယောက်၊ နှစ်ယောက်ခန့်ကို စက္ကန့်ပိုင်းလေး အတွင်း သတ်နိုင်လိမ့်မည်။

ငွေရောင် ဝံပုလွေ ဘုရင်က ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် နှစ်ယောက်ကို ထိန်းထား နိုင်လောက်သည်။

ငွေရောင် ဝံပုလွေ ဘုရင်တို့ အဖွဲ့က စိတ်ဝိညာဉ် ချီများကို မစုပ်ယူခဲ့ရသော်လည်း အခြား အကျိုးအမြတ်များကို ခံစားခဲ့ရသည်။

လွန်ခဲ့သော သုံးရက်အတွင်း သူတို့၏ ကျင့်ကြံခြင်း အဆင့်ကို စုစည်းပြီး မြို့ချထားသော တန်ခိုးရှင်များ၏ အလောင်းကို အစာ ချေဖျက်ခဲ့ကြသည်။

ချင်ယန်က ငွေရောင် ဝံပုလွေဘုရင်၏ ကျင့်ကြံခြင်း အဆင့်ကို ယွမ်ဒန် နယ်ပယ် အဆင့်လေးအထိ တက်ခွင့် ပေးခဲ့သည်။

ငွေရောင် ဝံပုလွေ ဘုရင်၏ တကယ့် တိုက်ခိုက်ရေး အစွမ်းက ယွမ်ဒန် နယ်ပယ် အဆင့် (၆) ရှိနေသည်။

ခရမ်းရောင် မျက်လုံး မြောက်ဝံ လူကြမ်းကြီးက ယွမ်ဒန် နယ်ပယ် အဆင့် (၂) ရောက်နေပြီး တကယ့် တိုက်ခိုက်ရေး အစွမ်းက ယွမ်ဒန်နယ်ပယ် အဆင့် (၃) ရှိသည်။

ယခုအခါ မိုးကြိုး ဖားနှစ်ကောင်၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟိုင်နယ်ပယ် အဆင့် (၈) ရောက်နေကြသည်။

"လက်ထောက် နန်းတော်မှူး ထောင်..... အသက်ရှင်နေတဲ့ ငါက မင်းအတွက် ပို တန်ဖိုးရှိလိမ့်မယ်....."

ချင်ယန်က ခါးသီးစွာ ပြုံးလိုက်ပြီး.....

"လက်ထောက် နန်းတော်မှူး ထောင်.. ငါတို့ကြားက ပဋိပက္ခက ဒီလောက် ကြီးမားတာလည်း မဟုတ်ဘူး.... မင်းငါ့ကို သတ်လိုက်ရင် နန်းတော်မှူးကူက မင်းကို သံသယ ဖြစ်လိမ့်မယ်။ ငါ့ရဲ့ ကျင့်ကြံခြင်း အဆင့် သန်မာလာတဲ့ အချိန်ကျရင် သူ့သမီးကို

ကုသပေးမယ်လို့ ဂတိပေးထားတယ်....။ မင်းငါ့ကို သတ်လိုက်ရင် နန်းတော်မှူးကူရဲ့ မျှော်လင့်ချက်ကို ဖျက်ဆီးသလို ဖြစ်သွားပြီး မင်းကို ဒေါသထွက်သွားလိမ့်မယ်.....”

ထောင်ကွမ်ယွီ၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာသည်။ ချင်ယန်က ကူချမ်ချင်းကို ခုတုံးလုပ်ပြီး သူ့ကို ဖိနှိပ်ချင်သည်လော...... ထိုအရာက လုံး၀ အခြေအမြစ် မရှိပေ။

ဤမျှ များပြားသော တန်ခိုးရှင်များနှင့် မှော်မျိုးစေ့ကို အသုံးပြုခြင်းက မှန်ကန်သော ရွေးချယ်မှု ဖြစ်သည်။

"လောင်လန်နာ... ဟွာ၀မ်ရိ..... မင်းတို့ဘက်မှာ ရှိတဲ့ ယွမ်ဒန် နယ်ပယ် တန်ခိုးရှင်ဆီကို မိုးကြိုး ဖားနှစ်ကောင် လွှတ်ပေးလိုက်မယ်.. မင်းတို့ရဲ့ ပစ်မှတ်က သူ့ကို တစ်ချက်တည်း အသေသတ်ဖို့ပဲ...."

"ခရမ်းရောင် မျက်လုံး မျောက်ဝံ လူကြမ်းကြီးနဲ့ ငွေရောင် ဝံပုလွေ ဘုရင်က ယွမ်ဒန်နယ်ပယ် အဆင့် (၂) တန်ခိုးရှင်ကို တိုက်ခိုက်မယ်..."

"ငါနဲ့ ယန္တရားသားရဲက ယွမ်ဒန်နယ်ပယ် အဆင့် (၃ ) တန်ခိုးရှင်ကို တိုက်ခိုက်မယ်..."

"တစ် နှစ် သုံး.... ဆိုတာနဲ့ တပြိုင်နက်တည်း တိုက်ခိုက်ကြမယ်...."

ချင်ယန်က အသံပို့လွှတ်ပြီး ပြောလိုက်သည်။

"သူဌေး.. ဘာဖြစ်လို့ ထောင်ကွမ်ယွီကို တိုက်ရိုက် မတိုက်ခိုက်တာလဲ.... ငါတို့ ဝိုင်းတိုက်ရင် သူ့ကို သတ်ပစ်နိုင်တယ်...."

ဟွာဝမ်ရိုက အသံပို့လွှတ်ပြီး ပြန်ပြောလိုက်သည်။

"သူ့ဆီမှာ အားကောင်းတဲ့ ခုခံရေးရတနာ ရှိတယ်။ ရန်စန်း ဆီမှာလည်း ရှိတယ်။ တခြားသူတွေရဲ့ ကာကွယ်ရေး ရတနာက သူတို့ထက် အများကြီး ပို အားနည်းတယ်...'

ချင်ယန်က သူ့အမြင်ကို အသံပို့လွှတ်ပြီး ပြန်ပြောလိုက်သည်။ ရန်စန်းက ထောင်ကွမ်ယွီ၏

စိတ်အချရဆုံး လူယုံ ဖြစ်နေသဖြင့် သူ့ကာကွယ်ရေး ရတနာက ကျိန်းသေပေါက် အားကောင်းလိမ့်မည်။

"ချင်ယန်..... နန်းတော်မှူး ကူရဲ့ နာမည်ကို သုံးပြီး ဒီလူကြီးကို ခြိမ်းခြောက်နေတာလား...... ဒီလူကြီးက ကြောက်မယ်လို့ ထင်နေတာလား..."

သန်မာသောလူက လျှောင်ပြောင်ပြီး ပြောဆို လိုက်သည်။ သူ၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဒန်နယ်ပယ် အဆင့် (၃) ရှိနေသည်။

"လက်ထောက် နန်းတော်မှူး ထောင်... ဒီအချိန်မှာ ငါသေသွားရင် မင်းကလည်း ဒီအချိန်

အပြင်ထွက်လာတာဆိုတော့ နန်းတော်မှူးကူက သေချာပေါက် သိမှာပဲ.....”

ချင်ယန်က လေးနက်စွာ ပြောလိုက်သည်။

“သုံး၊ နှစ်၊ တစ်... တိုက်...”

ထောင်ကွမ်ယွီက စကား ပြန်ပြောရန် လုပ်နေသည်။

ထိုအချိန်တွင် ချင်ယန်က ဆင့်ခေါ်လိုက်သဖြင့် ယန္တရား သားရဲ၊ ငွေရောင် ဝံပုလွေ ဘုရင်၊ ခရမ်းရောင် မျက်လုံး မြောက်ဝံ လူကြမ်းကြီးနှင့်

မိုးကြိုး ဖားနှစ်ကောင်က ရုတ်တရုတ် ပေါ်လာသည်။

ယခုလက်ရှိတွင် ချင်ယန်၏ ကျင့်ကြံခြင်း အဆင့်က အများကြီး တိုးတက်လာပြီး ယွမ်ဟိုင်နယ်ပယ် အဆင့် (၅) သို့ တစ်ခါတည်း ရောက်ရှိလာခဲ့သလို နတ်ဆိုး သားရဲထဲတွင် အသန်မာဆုံးက ယွမ်ဒန်နယ်ပယ် အဆင့် (၄) သာ ရှိနေသေးသည်။ ထို့ကြောင့် ချင်ယန်က နတ်ဆိုးသားရဲ အားလုံးကို တစ်ခါတည်း ခေါ်ထုတ်နိုင်နေသည်။

"သတ်..."

ယန္တရား သားရဲနှင့် နတ်ဆိုး သားရဲများက ပေါ်လာသည်နှင့် သူတို့၏ ပစ်မှတ်များကို တစ်ခါတည်း တိုက်ခိုက်လိုက်သည်။

ထိုအချိန်တွင် ဟွာဝမ်ရိုနှင့် လောင်လန်နာ တို့လည်း တိုက်ခိုက် လိုက်ကြသည်။

ညှို့နှိုင်းနေသည့် အချိန် ဖြစ်နေသဖြင့် ထောင်ကွမ်ယွီတို့ အဖွဲ့က လုံး၀ သတိ လျှော့ချထားခြင်း မရှိသော်လည်း ဤ

အခြေအနေတွင် ချင်ယန်တို့က ရုတ်တရုတ် တိုက်ခိုက် လာလိမ့်မည်ဟု မမျှော်လင့် ထားခဲ့ပေ။

ဘုန်း.. ဘုန်း.....

ဘယ်ဘက်တွင် ရှိနေသော ယွမ်ဒန်နယ်ပယ် အဆင့် (၁) တန်ခိုးရှင်ကို မိုးကြိုးနှစ်ခု ထိမှန် သွားသည်။ သူ၏ ကာကွယ်ရေး ရတနာ အစွမ်းက ချက်ချင်း ကုန်ဆုံးသွားပြီး မိုးကြိုး ထိမှန် သွားသောကြောင့် ခန္ဓာကိုယ် တုံ့ပြန်မှုကလည်း အနည်းငယ် နှေးကွေးသွားသည်။

ဖောက်.....

ဟွာဝမ်ရိုက လခြမ်းကွေးကို ပစ်လွှတ်လိုက်သည်။ အလွန် လျင်မြန်လွန်း သဖြင့် ယွမ်ဒန်နယ်ပယ် အဆင့် (၁) တန်ခိုးရှင်က တုံ့ပြန်နိုင်ခြင်း လုံးဝ မရှိခဲ့ပေ။ လခြမ်းကွေး ရတနာက ယွမ်ဒန် နယ်ပယ် အဆင့် (၁) တန်ခိုးရှင်၏ ဦးခေါင်းထဲ တစ်ခါတည်း ထိုးဖောက်သွားသည်။

ထိုတန်ခိုးရှင်က ယွမ်ဒန် နယ်ပယ် အဆင့် (၁) တွင် ရှိနေသဖြင့် ခန္ဓာကိုယ် ကြံ့ခိုင်မှုက အလွန်အားကောင်းဆဲ ဖြစ်ပြီး ဦးခေါင်းခွံ၏ မာကြောမှုကလည်း အား မနည်းပေ။

သို့သော် ဟွာဝမ်ရို၊ လခြမ်းကွေး ရတနာ၏ ထက်မြမှုက ချင်ယန် ခန့်မှန်းထားသည်ထက် အနည်းငယ် ပိုမို ပြင်းထန်နေသည်။

လောင်လန်နာ၏ ဓါးချက် မကျရောက်ခင် ယွမ်ဒန်နယ်ပယ် အဆင့် (၁) တန်ခိုးရှင်ကို ဟာဝမ်ရိုက သတ်ပစ်လိုက်သည်။

ဘုန်း……

နောက်ထပ် အခိုက်အတန့်တွင် သာမန်သော လူလည်း သေဆုံးသွားသည်။

သူ့ကို ယန္တရားရားသားရဲနှင့် ချင်ယန်တို့က ဝိုင်းပြီး တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ချင်ယန်၏ ဆေဘာ အလင်းထဲတွင် ပါဝင်သော 'စိတ်ကူးယဉ် နေရာ' ဆေဘာ စိတ်ဆန္ဒက သန်မာသော ထိုလူကို ထိမှန်သွားခဲ့သည်။ ထိုလူက လောင်လန်နာနှင့် ဟာဝမ်ရိုအပေါ် ရာဂစိတ် ပြင်းထန်နေသည်။

ချင်ယန်၏ 'စိတ်ကူးယဉ် နေရာ' ဆေဘာ စိတ်ဆန္ဒက သူ့ကို ပျော်ရွှင်မှုကမ္ဘာထဲ ချက်ချင်း

ခေါ်ဆောင် သွားခဲ့ပြီး ပတ်ဝန်းကျင်ရှိ အရာအားလုံးကို မေ့သွားစေခဲ့သည်။

သူက လုံးဝ မခုခံခဲ့ပေ။ ကာကွယ်ရေး ရတနာအားကိုးရုံဖြင့် ယွမ်ဒန် နယ်ပယ် အဆင့် (၉) တိုက်ခိုက်မှု အစွမ်းကို မည်ကဲ့သို့ ခုခံနိုင်မည်နည်း.....

ယန္တရား သားရဲက သူ့ခေါင်းကို တစ်ခါတည်း ရိုက်ခွဲခဲ့သည်။

ငွေရောင် ဝံပုလွေ ဘုရင်နှင့် ခရမ်းရောင် မျက်လုံးမျောက်ဝံ လူကြမ်းကြီး တို့ကလည်း သူတို့၏

ပစ်မှတ်ကို အောင်အောင်မြင်မြင် သတ်ဖြတ်နိုင်ခဲ့သည်။

ယွမ်ဒန် နယ်ပယ် အဆင့် (၆) တိုက်ခိုက်ရေး အစွမ်းနှင့် ယွမ်ဒန် နယ်ပယ် အဆင့် (၃) တိုက်ခိုက်ရေး အစွမ်းရှိသည့် နတ်ဆိုးသားရဲ နှစ်ကောင်၏ အလစ်ချောင်း တိုက်ခိုက်ခြင်းကို ယွမ်ဒနယ်ပယ် အဆင့် (၂) တန်ခိုးရှင်က မည်ကဲ့သို့ ခုခံနိုင်မည်နည်း......

ငွေရောင် ဝံပုလွေဘုရင်၏ တိုက်ခိုက်မှုမှာပင် ယွမ်ဒန် နယ်ပယ် အဆင့် (၂) တန်ခိုးရှင်၏

ကာကွယ်ရေး ရတနာက ပြိုကျသွားပြီး လက်သည်းက သူ့ကို ထိမှန်သွားခဲ့သည်။

ထိုအချိန်တွင် ခရမ်းရောင် မျက်လုံး မျောက်ဝံလူကြီးက သူ့ခေါင်းကို တစ်ခါတည်း ကိုက်ဖြတ်လိုက်သည်။

ဇတ်လမ်းက ရှည်သော်လည်း တစ်ကြန့်အတွင်း ဖြစ်ပျက် သွားခဲ့ခြင်း ဖြစ်သည်။

ထောက်ကွမ်ယို့ ဘက်တွင် အစောင့်အရှောက် မွန်းစတား သစ်ပင် အပါအဝင် ယွမ်ဒန်နယ်ပယ်

တန်ခိုးရှင် သုံးယောက်နှင့် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် (၁၅) ယောက် ကျန်နေသေးသည်။

မဟုတ်သေးဘူး....

(၁၄) ယောက်....

သူတို့ထဲမှ ကျင့်ကြံခြင်း အဆင့်နိမ့်သည့် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်ကို လောင်လန်နာက သတ်ဖြတ်ခဲ့သည်။

လောင်လန်နာက ယွမ်ဒန်နယ်ပယ် အဆင့် (၂) တန်ခိုးရှင်အတွက် သူမ ခါးချက် မလိုတော့သည်ကို

သိသည်နှင့် ခုတ်လက်စ ဓါးချက်ကို နီးကပ်နေသည့် ယွမ်ဟိုင်နယ်ပယ် အဆင့် (၄) တန်ခိုးရှင်ထံ ပြောင်းလဲ ပေးလိုက်သည်။ သူမ၏ တိုက်ခိုက်ရေး အစွမ်းက ယွမ်ဟိုင်နယ်ပယ် အဆင့် (၆) ရှိနေသည်။

ထိုတန်ခိုးရှင်က အပြည့်အဝ ကာကွယ်ထားလျှင် ချက်ချင်း အသတ်ခံရမည် မဟုတ်သော်လည်း ယခုအခါ သတိလက်လွတ် ဖြစ်နေခဲ့သည်။

ထောင်ကွမ်ယွီ၏ မျက်လုံးက ပြူးထွက်နေသည်။

## အခန်း(၂၉၂) - ထွက်ပြေး ကြခြင်း....

"သိမ်းလိုက်စမ်း...."

ချင်ယန်က ကြိုတင် ပြင်ဆင်ခြင်း လုပ်ထားသဖြင့် ယွမ်ဒန် နယ်ပယ် တန်ခိုးရှင် သုံးယောက်ကို သတ်ဖြတ် ပြီးသည်နှင့် သူတို့၏ အလောင်းများကို သိုလှောင်လက်စွပ်ထဲ တစ်ခါတည်း ထည့် သိမ်းလိုက်သည်။

"သေစမ်း...."

ထောင်ကွမ်ယွီက တင်းမာစွာ အော်ဟစ်လိုက်သည်။ ထိုကဲ့သို့ အော်ဟစ်ရင်း ဟာဝမ်ရိုထံ ပြေးဝင် တိုက်ခိုက်လိုက်သည်။ တစ်ချိန်တည်းမှာပင် အဆင့် (၆) ဝိညာဉ် အဆူးကို ချင်ယန်ထံ ပစ်လွှတ်လိုက်သည်။

"အို ...."

ထိုအချိန် မွန်းစတား သစ်ပင်ကလည်း ထောင်ကွမ်ယွီ၏ အမိန့်ကို လက်ခံ ရရှိလိုက်ပြီး နွယ်လက်တံများက ယန္တရား သားရဲထံ တိုးဝင်လာသည်။

ဝေါင်း......

ငွေရောင် ဝံပုလွေဘုရင်က ဟိန်းဟောက်ပြီး ထောင်ကွမ်ယွီထံ ပြေးဝင်သွားသည်။

ခရမ်းရောင် မျက်လုံး မြောက်ဝံ လူကြမ်းက တစ်ချက် ဟိန်းဟောက်ပြီး ရန်စန်းထံ ပြေးဝင်သွားသည်။ သို့သော် ရန်စန်းက ရုတ်တရုတ် ပျောက်ကွယ် သွားသည်။

မိုးကြိုး ဖားနှစ်ကောင်က ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် (၁၄) ယောက်ထံ ပြေးသွားရင်း မိုးကြိုးများ ပစ်လွှတ်နေသည်။

ဘုန်း......

ဝိညာဉ် အဆူး၏ တားမြစ်စွမ်းအားက အစွမ်းထက်သော်လည်း ချင်ယန်၏ ကာကွယ်ရေး ရတနာကို ထိမှန်သွားပြီးနောက် တုံ့ခနဲ ရပ်တန့်သွား၏။ ချင်ယန်က အဆင့် (၆) ခုခံကာကွယ်ရေး ရတနာကို ဝတ်ဆင်ထားသည်။

ဘုန်း....... ဘုန်း...

ထောင်ကွမ်ယွီ၏ တိုက်ခိုက်မှုကို ဟွာဝမ်ရှိ၏ ကာကွယ်ရေး ရတနာက ခုခံသွားပြီး ငွေရောင်

ဝံပုလွေ ဘုရင်၏ တိုက်ခိုက်မှုကို ထောင်ကွမ်ယွီ၏ ခုခံကာကွယ်ရေး ရတနာက ခုခံသွားသည်။

"သေစမ်း...."

ချင်ယန်ကို ဝိညာဉ် အဆူး ထိမှန်သွားသည့် အချိန်တွင် ဘာမှမရှိသည့် နေရာကို ဆေဘာနှင့် ခုတ်ချလိုက်သည်။

သို့သော် နောက်ထပ် အခိုက်အတန့်တွင် ရန်စန်းပုံရိပ် ပေါ်လာပြီး ချင်ယန်၏ ဆေဘာ ခုတ်ချက်က ရန်စန်းကို ထိမှန်သွားသည်။

ယခုလက်ရှိတွင် ချင်ယန်၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟိုင်နယ်ပယ် အဆင့် (၅) ဖြစ်သော်လည်း သူ၏ ဆေးဘာ စိတ်ဆန္ဒကို ထည့်မတွက်လျှင်ပင် အရိုင်းဆန်သော ဆေးဘာ တိုက်ခိုက်မှု သက်သက်ကပင် ယွမ်ဒန်နယ်ပယ် အဆင့် (၅)သို့ ရောက်နေသည်။

ယွမ်ဒန်နယ်ပယ် အဆင့် (၅) တိုက်ခိုက်ရေး အစွမ်း ရှိသော်လည်း ရန်စန်း၏ ကာကွယ်ရေး ရတနာကို မချိုးဖြတ် နိုင်ခဲ့ပေ။

သို့သော် ရန်စန်းက ပြန်လည် မတိုက်ခိုက် ရသေးခင် သူ့မျက်လုံးက ရုတ်တရက် သွေးရောင် သမ်းလာပြီး စိတ်လွှတ်သွားသည်။

ချင်ယန်၏ ဆေးဘာ ခုတ်ချက်ထဲတွင် 'အရှုး' ဆေးဘာ စိတ်ဆန္ဒ ပါဝင်နေသည်။

ယွမ်ဒန်နယ်ပယ် အဆင့် (၃) တန်ခိုးရှင် သေဆုံးသွားသည့် အချိန်တွင် ရန်စန်း၏ စိတ်ထဲ၌ ဒေါသူပုန် ထနေခဲ့သည်။ ယခုအခါ ချင်ယန်၏ 'အရှုး' ဆေးဘာ စိတ်ဆန္ဒက လွှမ်းမိုးသွားသဖြင့် ရန်စန်း နှလုံးသားထဲမှ ဒေါသများက ဆယ်ဆကျော်

မြင့်တက်လာပြီး မည်းမည်းမြင်ရာ ခုတ်သတ်ချင်လာသည်။

"သေစမ်း…"

ရန်စန်းက ဒေါသတကြီး အော်ဟစ်ပြီး မည်းမည်းမြင်ရာ လှည့်ပတ် တိုက်ခိုက်လိုက်သည်။

ချင်ယန်က ချက်ချင်း အဝေးဆုတ်သွားခဲ့ပြီဖြစ်သည်။ ရန်စန်း ဘေးနားတွင် ရှိနေသော သူ့လူများက ရန်စန်း၏ ဒေါသတကြီး တိုက်ခိုက်မှုကို ရုတ်တရက် ခံလိုက်ရသည်။

သူတို့ထဲမှ တစ်ယောက်ဆိုလျှင် ရင်ဘက်ပေါ်မှ ဒဏ်ရာကို လက်နှင့်အုပ်ပြီး မယုံနိုင်သော မျက်လုံးများနှင့် ရန်စန်းကို စိုက်ကြည့်နေသည်။ ရန်စန်း၏ တိုက်ခိုက်မှုက သူ့နှလုံးကို ထိုးဖောက်သွားသည်။

“ရန်စန်း... ထစမ်း.....”

ထောင်ကွမ်ယွီက လိပ်ခေါင်း ထွက်မတ် ကုန်းအော်လိုက်သည်။ သို့သော် ရန်စန်း၏စိတ်ကို ‘အရှုး’ ဆေဘာ စိတ်ဆန္ဒက လွှမ်းမိုးနေသဖြင့် မည်ကဲ့သို့ မြန်မြန်ဆန်ဆန် နိုးထ နိုင်မည်နည်း.....

သူက ကြမ်းကြမ်းတမ်းတမ်း လှည့်ပတ်တိုက်ခိုက်နေသဖြင့် သူ့ကြောင့် သူ့လူတော်တော်များများ သေဆုံး သွားကြသည်။ သူတို့ထဲမှ နှစ်ယောက်က ဒဏ်ရာပြင်းပြင်းထန်ထန် ရနေပြီး တစ်ယောက်က သေတော့မလို ဖြစ်နေသည်။

ဝေါင်း.....

ခရမ်းရောင် မျက်လုံး မျောက်ဝံ လူကြမ်းကြီးက ရန်စန်း၏ ခေါင်းကို လှမ်းရိုက်လိုက်သည်။ ယခုလက်ရှိတွင် ရန်စန်းက အသိတ်စိတ်

လွတ်နေသဖြင့် ခုခံ ကာကွယ်နိုင်စွမ်း တော်တော်လေး ဆုံးရှုံးနေသည်။ ချီစွမ်းအား၏ ကာကွယ်မှု သက်သက်နှင့် ဆိုလျှင် ခရမ်းရောင် မျက်လုံး မျောက်ဝံ လူကြမ်းကြီး ရိုက်ချက်ကြောင့် ရန်သန်း သေဆုံး သွားနိုင်သည်။

"ယီးပဲ....."

ထောင်ကွမ်ယွီက ဟွာဝမ်ရိုကို ထပ်မံ တိုက်ခိုက်ရန် အာရုံမရှိတော့ဘဲ ချက်ချင်း နောက်ပြန်ဆုတ်ပြီး ခရမ်းရောင် မျက်လုံး မျောက်ဝံ လူကြမ်းကြီးကို လှမ်းရိုက်လိုက်သည်။

ဝေါင်း....

ငွေရောင် ဝံပုလွေဘုရင်က တစ်ချက်ဟိန်းဟောက်ပြီး နောက်တစ်ကြိမ် ပြေးသွားပြန်သည်။ ၎င်း၏ ကျင့်ကြံခြင်း အဆင့်က ထောင်ကွမ်ယွီထက် တစ်ဆင့် ပိုနိမ့်သော်လည်း အမြန်နှုန်းက ထောင်ကွမ်ယွီထက် နှေးကွေးခြင်းမရှိပေ။ သွေးဘုရင် သွေးမျိုးဆက်နှင့် ဆိုလျှင် ငွေရောင် ဝံပုလွေဘုရင်၏ အလုံးစုံ ခွန်အားက ယွမ်ဒန် နယ်ပယ် အဆင့် (၆) ရောက်နေပြီး ထောင်ကွမ်ယွီထက် လုံးဝ အားမနည်းပေ။

ထောင်ကွမ်ယွီက လက်ထောက် နန်းတော်မှူး ဖြစ်လာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ ဖြစ်သဖြင့် ဖိမ်ယစ်နေခဲ့ပြီး ယခုအခါ တိုက်ခိုက်ရေး အစွမ်းက နိမ့်ကျနေသည်။

"ရန်စန်း.... ထစမ်း...."

ထောင်ကွမ်ယွီက လက်ထဲမှ အဆောင်နှင့် ရန်စန်း၏ ခန္ဓာကိုယ်ကို ပစ်ပေါက်လိုက်သည်။ ဒါက စိတ်တည်ငြိမ်ခြင်း အကျိုးသက်ရောက်မှု ရှိသည့် အဆင့် (၆) အဆောင်တစ်ခုပင်။ ထောင်ကွမ်ယွီက ကျင့်ကြံနေရင်း ချီသွေဖယ်မှု

ဖြစ်ပေါ်လာသည့်အခါ ကာကွယ်နိုင်ရန် ဆောင်ထားခြင်း ဖြစ်သည်။ ယခုအခါ ရန်စန်းအတွက် အသုံးပြုလိုက်ခြင်း ဖြစ်သည်။

အဆင့် (၆) အဆောင်၏ အကျိုးသက်ရောက်မှု ကောင်းမွန်လှသည်။

ရန်စန်းက ရှုံးသွပ်နေသော အခြေအနေမှ လျင်မြန်စွာ နိုးထလာသည်။

“ဘာပဲ ပေးဆပ်ရ၊ ပေးဆပ်ရ ဒီကောင်တွေကို သတ်....”

"ဆုံးရှုံးသွားတဲ့ ရတနာ တန်ဖိုးကို နောက်ကျရင် ပြန်လျှော်ပေးမယ်…."

ထောင်ကွမ်ယွီက ဒေါသတကြီး အော်ဟစ်လိုက်သည်။ သူ ပြောလိုက်သော စကား၏ အကျိုးသက်ရောက်မှုကလည်း ကောင်းမွန်လှပြီး ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် လေးယောက်လုံးက အဆင့် (၆) တိုက်ခိုက်ရေး ရတနာများကို ထုတ်ယူလိုက်ကြသည်။

"လုပ်လိုက်စမ်းပါ…. ဘယ်သူက ကြောက်နေလို့လဲ…"

ချင်ယန်က တင်းမာစွာ ပြောလိုက်ပြီး သူ့လက်ထဲတွင် အဆင့် (၆) အဆောင် ရတနာ တစ်ခု ပေါ်လာသည်။ လောင်လန်နာနှင့် ဟွာဝမ်ရိုတို့၏ လက်ထဲတွင်လည်း အဆင့် (၆) ရတနာများ ပေါ်လာကြသည်။

ထို့အပြင် လောင်လန်နာနှင့် ဟွာဝမ်ရိုတို့တွင် အဆင့် (၆) ကာကွယ်ရေး ရတနာများလည်း ရှိနေသေးသည်။

ထောင်ကွမ်ယွီတွင် ပစ္စည်း ကောင်းများစွာ ရှိသော်လည်း ယခုလက်ရှိ ချင်ယန်တို့ အဖွဲ့

ထုတ်ထားသည့် ရတနာများကလည်း အားနည်းခြင်း မရှိပေ။

မိုင်းတွင်းထဲတွင် ဟန်ဝမ်ထန် အပါအဝင် ယွမ်ဒန်နယ်ပယ် တန်ခိုးရှင်များနှင့် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်များက ချင်ယန်လက်ထဲတွင် သေဆုံးသွားခဲ့ကြသည်။ အခြေအနေက ရုတ်တရက် ဖြစ်ပွားသွားခြင်း ဖြစ်သဖြင့် သူတို့ သိုလှောင်လက်စွပ်ထဲမှ ရတနာများကို အသုံးပြုရန် အချိန်မရလိုက်ပေ။

ထုံးစံအတိုင်း ကောင်းသည့် အရာရာတိုင်းကို ချင်ယန်က သိမ်းပိုက် ထားခဲ့သည်။

"ချင်ယန်..... ရပ်လိုက်....."

ထောင်ကွမ်ယွီက အော်ဟစ်လိုက်သည်။

ချင်ယန်တို့ လက်ထဲတွင် အဆောင် (၆) တိုက်ခိုက်ရေး ရတနာများ ရှိနေသည်။ အကယ်၍ တိုက်ခိုက်လိုက်မည် ဆိုပါက သူတို့ဘက်မှ တစ်ဦးထက်ပိုပြီး သေဆုံး သွားလိမ့်မည်။

သူတို့ လူများနှင့် မတူသည်မှာ ချင်ယန်တို့ အားလုံးတွင် အဆင့် (၆) ကာကွယ်ရေး ရတနာများ ဝတ်ဆင် ထားကြသည်။

"မင်ရပ်လို့ ပြောတိုင်း ရပ်ရအောင် ငါက မင်းအဖေလား..."

"သတ်...."

ချင်ယန်က သူလက်ထဲမှ အဆင့် (၆) တိုက်ခိုက်ရေး ရတနာနှစ်ခုကို ချက်ချင်း အသက်သွင်းလိုက် သလို လောင်လန်နှာနှင့်

ဟွာဝမ်ရှိတို့ကိုလည်း သူတို့လက်ထဲမှ ရတနာများ အသုံးပြုရန် ပြတ်သားစွာ ပြောလိုက်သည်.။

"သတ်...."

ထောင်ကွမ်ယွီတို့ တန်ခိုးရှင်လေးယောက်ကလည်း သူတို့၏ ရတနာများကို အသုံးပြုလိုက်သည်။

ရုတ်တရက် ဆိုသလို ချင်ယန်တို့ ရှိနေသည့်နေရာ တစ်ခုလုံးတွင် တားမြစ် စွမ်းအားများ ပြည့်နှက် သွားသည်။ အကွာအဝေး အတွင်းမှ သက်ရှိတိုင်းကို သတ်နေသလို ဖြစ်နေသည်။

"အား..."

"ကယ်ကြပါအုံး...."

ထောင်ကွမ်ယွီ၏ လက်အောက် ငယ်သားများက အော်ဟာစ်နေကြပြီး မကြာခင် သေဆုံး သွားကြသည်။

အဆင့် (၆ ) တိုက်ခိုက်ရေး ရတနာ စုစုပေါင်း ရှစ်ခု အသုံးပြု ခဲ့ကြသည်။

သို့သော်လည်း လောင်လန်နာနှင့် ဟွာဝမ်ရိုတို့တွင် အဆင့် (၆) ကာကွယ်ရေး ရတနာများ ရှိနေသဖြင့် တောင့်ခံ ထားနိုင်ကြသည်။

လောင်လန်နာ၏ အဆင့် (၆) ကာကွယ်ရေး ရတနာ ပြိုကျသွားသည့် အချိန်တွင် ဟွာဝမ်ရိုက သူမအနား ချဉ်းကပ်လာပြီး လခြမ်းကွေး ရတနာကို အသုံးပြုကာ အကာအကွယ် အစီအရင်ကို ဖွဲ့စည်းလိုက်သည်။

“သေစမ်း….”

ဖရိုဖရဲ ဖြစ်နေသော စွမ်းအားများကြားတွင် ချင်ယန်က အသက်များကို ရိတ်သိမ်းနေသည့် သေမင်းနတ်ဘုရားနှင့် တူနေသည်။ ပြန်လည် မမွေးဖွားခင်က ခြေလှမ်းတစ်ဝက် အုပ်စိုးသူ

ဖြစ်ခဲ့သဖြင့် ဤကဲ့သို့ ဖရိုဖရဲ အခြေအနေမျိုး အများကြီး ကြုံတွေ့ခဲ့ဖူးသည်။ ယခုကဲ့သို့ အခြေအနေမှာပင် သူ၏ ယွမ်ဟိုင်နယ်ပယ် တိုက်ခိုက်ရေး အစွမ်းကို အမြင့်ဆုံး ဖော်ထုတ်နိုင်နေသည်။

"ဘောပဲ... ယီးပဲ...."

ထောင်ကွမ်ယွီက စိတ်ထဲမှ အော်ဆဲနေသည်။

ယခုလေးတင် ရန်စန်းက အသိစိတ်လွတ်ပြီး ကိုယ်လူများကို ပြန်လည် တိုက်ခိုက်ခဲ့သဖြင့် အခြားလူများက သူတို့အနားမှာ ခွာနေကြသည်။

ယခုအခါ ရန်စန်းနှင့် ထောင်ကွမ်ယွီတို့က သူတို့လူများနှင့် မီတာ တစ်ရာကျော် ကွာဝေးနေသည်။

ငွေရောင် ဝံပုလွေ ဘုရင်က သူ့ကို ထိန်းချုပ်ထားပြီး ရန်စန်းနှင့် ခရမ်းရောင် မျက်လုံး မျောက်ဝံ လူကြီးတို့က တိုက်ခိုက်နေသည်။ ထိုအချိန်တွင် မိုးကြိုး ဖားနှစ်ကောင်က ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်များကို ပယ်ပယ်နယ်နယ် တိုက်ခိုက်နေသည်။

"သေစမ်း...."

ဖရိုဖရဲ စွမ်းအား လျှော့နည်းလာသည်နှင့် အမျှ ဟွာဝမ်ရှီနှင့် လောင်လန်နာတို့ စိတ်အေးလာကြပြီး ဒဏ်ရာ ပြင်းပြင်းထန်ထန် ရနေသော ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် တစ်ယောက်ကို ဟွာဝမ်ရှီက စိတ်ညှို့ပြီး ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးခိုင်းလိုက်သည်။

ဘုန်း.....

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် တစ်ယောက် ကိုယ့်ကိုယ်ကိုယ် ဖောက်ခွဲခြင်းမှ ထွက်ပေါ်လာသော

ပေါက်ကွဲမှု စွမ်းအားသည် သူ၏ ခွန်အားအပြည့် တိုက်ခိုက်မှုထက် အများကြီး ပိုမို ပြင်းထန်နေသည်။

ဤမျှ ကြီးမားသော စွမ်းအားကြောင့် ဟွာဝမ်ရှိနှင့် အခြားလူများ၏ ခုခံရေးစွမ်းအား ကုန်ဆုံးသွားပြီး ပေါက်ကွဲမှုကြောင့် လွင့်ထွက် သွားကြသည်။

သူတို့၏ ခန္ဓာကိုယ်ထဲတွင် ယွမ်ချီများ ကာကွယ် ထားသော်လည်း ကိုယ့်ကိုယ်ကိုယ် ဖောက်ခွဲခြင်းမှ ထွက်ပေါ်လာသော စွမ်းအားသည် လောင်လန်နာနှင့် ဟာဝမ်ရှိတို့အတွက် ဖိအား ကြီးမား နေသေးသည်။

ခဏလေး အတွင်းမှာပင် သူမတို့ နှစ်ယောက်က ဒဏ်ရာ ပြင်းထန်စွာ ရသွားပြီး မျက်နှာများက စက္ကူတစ်ရွက်ကဲ့သို့ ဖြူဖျော့ သွားကြသည်။

"သူတို့ အားလုံးကို သတ်....."

ထောင်ကွမ်ယွီက နီရဲနေသော မျက်လုံးများနှင့် ဒေါသတကြီး အော်ဟစ်လိုက်သည်။ စွမ်းအင်များ ငြိမ်ကျလာသောအခါ ချင်ယန်တို့ အဖွဲ့ကို ရှင်းရှင်းလင်းလင်း မြင်လိုက်ရသည်။

ယခုလက်ရှိတွင် ထောင်ကွမ်ယွီက သူနှင့် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် (၁၅) ယောက်

မတ်တပ် ရပ်နေခဲ့သည့် အနေရာတွင် မတ်တပ်ရပ်နေသော်လည်း ယခုအခါ သူတို့ဘက်တွင် တန်ခိုးရှင် ယောက်ငါးယောက်သာ ကျန်တော့သည်။

စစခြင်းတွင် လောင်လန်နာက တစ်ယောက်ကို သတ်ခဲ့ပြီး ရန်စန်းက သုံးယောက် တပြိုင်နက် တိုက်ခိုက်ခဲ့သည်။ တိုက်ခိုက်မှုကြောင့် နှစ်ယောက် သေဆုံးခဲ့ကာ ပေါက်ကွဲမှုကြောင့် လေးယောက် သေဆုံးသွားသည်။

ချင်ယန်ကလည်း ဖရိုဖရဲ ဖြစ်နေသော အခြေအနေကို အခွင့်ကောင်းယူပြီး နောက်ထပ် တစ်ယောက် သတ်ပစ်ခဲ့သေးသည်။

"ဟူး…."

ချင်ယန်က လောင်လန်နာနှင့် ဟွာဝမ်ရိုတို့ဘက်သို့ နောက်ဆုတ်သွားပြီး လမ်းကြုံ တစ်ယောက်ကို မရရအောင် သတ်သွားသေးသည်။

ငါးယောက် ရှိရာမှ ရတ်တရတ် လေးယောက်သာ ကျန်တော့သည်။

"ဘယ်သူ သေချင်သေးလဲ...."

ချင်ယန်က ရက်စက်စွာ ပြုံးလိုက်ပြီး သူ့လက်ထဲတွင် အဆင့် (၆) တိုက်ခိုက်ရေး ရတနာ တစ်ခု ထပ်ပေါ်လာသည်။

ယခုလက်ရှိတွင် သူက စွမ်းအင် အမြောက်အများ ကုန်ဆုံးခဲ့သော်လည်း အဆင့် (၆) တိုက်ခိုက်ရေး ရတနာကို အသက်သွင်းရန် အဆင်ပြေ နေသေးသည်။

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်များက တုံ့ဆိုင်း သွားကြသည်။ သူတို့က ကြောက်လန့် နေကြပြီ....

သူတို့ဘက်တွင် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် (၁၅) ယောက် ရှိခဲ့ရာ အချိန်တိုလေး အတွင်းမှာပင် လေးယောက်သာ မတ်တပ်ရပ်လျက် ရှိတော့သည်။ ထိုအဖြစ်အပျက်က ကြောက်စရာ ကောင်းလွန်းနေသည်။

ဒါက အသူရာ၏ သတ်ကွင်း တစ်ခုနှင့်ပင် တူနေသေးသည်။

"သူဌေး... ငါ့ကို တစ်ယောက် လွှဲပေးလိုက်.... ငါ့ကိုယ်ငါ ဖောက်ခွဲလိုက်ရင် တစ်ယောက်တော့ သတ်နိုင်သေးတယ်..."

ဟွာဝမ်ရိုက ကုန်းထကာ အံကြိတ်ပြီး ပြောလိုက်သည်။ ယခုလက်ရှိတွင် သူမ တစ်ကိုယ်လုံး၌ သွေးများ စွန်းထင်းနေပြီး အချို့သွေးများက သူမ၏ ကိုယ်ပိုင်သွေးများ ဖြစ်နေသည်။

"ငါလည်း ကိုယ့်ကိုယ်ကိုယ် ဖောက်ခွဲပြီး တစ်ယောက် သတ်နိုင်သေးတယ်..."

လောင်လန်နာကလည်း ကုန်းထပြီး ပြောလိုက်သည်။

ဝုန်း... ဒိုင်း.....

ဘုန်း……

ယန္တရား သားရဲနှင့် အစောင့်အရှောက် ယုကျားတို့က ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြသေးသည်။ ထောင်ကွမ်ယွီနှင့် ရန်စန်းတို့ကလည်း တိုက်ပွဲ ဝင်နေကြသည်။ သို့သော်လည်း ချင်ယန်တို့ ဘက်ခြမ်းတွင် ထူးထူးခြားခြား ငြိမ်းချမ်းနေသည်။

“ခေါင်ဆောင်ထောင်…. တောင်းပန်ပါတယ်.. မဟာသခင်ချင်ကို ကိုင်တွယ်တဲ့ ကိစ္စမှာ ထပ်

မပါနိုင်တော့ဘူး... ငါ့မှာ မိသားစုနဲ့ ကလေးတွေ ရှိသေးတယ်...."

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် တစ်ယောက်က ထုတ် ပြောလိုက်သည်။ နောက်ထပ် အခိုက်အတန့်တွင် ထိုတန်ခိုးရှင် အလွန် လျင်မြန်စွာ ထွက်ပြေးသွားသည်။

ချင်ယန်က လုံးဝ မတားခဲ့ပေ။

"ခေါင်းဆောင် ထောင်... တောင်းပန်ပါတယ်..."

ဒုတိယမြောက် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်ကလည်း လျင်မြန်စွာ ထွက်ပြေး သွားသည်။

ထောင်ကွမ်ယွီက တစ်ယောက်ပြီး တစ်ယောက် မထိန်းချုပ် နိုင်တော့ပေ...... ယခုလက်ရှိ အဖြစ်အပျက်တွင် ထောင်ကွမ်ယွီ အတွက် တစ်ရာ ရာခိုင်နှုန်း ထိန်းချုပ်နိုင်ရန် အလွန် ခက်ခဲသွားခဲ့ပြီ...

ချင်ယန်က ချမ်ဟိုင်နှင့် အခြားလူများကို အကျိုးအမြတ် အများကြီး ပေးခဲ့လျှင်ပင် ယခုကဲ့သို့

အခြေအနေမျိုးနှင့် ကြုံတွေ့လာပါက သူတို့ထဲမှ အချို့က ထွက်ပြေး သွားနိုင်သည်။

နှစ်ယောက်က ထွက်ပြေး သွားသဖြင့် နှစ်ယောက်သာ ကျန်တော့သည်။

ကျန်ခဲ့သည့် နှစ်ယောက်လည်း ဘာလုပ်၍ ဘာကိုင်ရမှန်း မသိတော့ချေ။

သူတို့က ထောင်ကွမ်ယို့ အပေါ် တော်တော်လေး သစ္စာ စောင့်သိသော်လည်း ချင်ယန်တို့ဘက်တွင် သုံးယောက်လုံး အသက် ရှင်နေသေးပြီး သူတို့ဘက်တွ င် နှစ်ယောက်သာ ကျန်တော့သည်။

ဒါက……

တိုက်ခိုက်ရန် မလွယ်ကူတော့ပေ။

## အခန်း(၂၉၃) - ငြိမ်းချမ်းရေး လုပ်ခြင်း....

"ချင်ယန်၊ နောက်ထပ် မလှုပ်နဲ့တော့.... ဒီလိုမှ မဟုတ်ရင် မင်း အသက်ရှင် နေရင်တောင် ဒီအဘိုးအိုက သေတဲ့အထိ တိုက်ခိုက်ပြီး ဟွာဝမ်ရိုနဲ့ လောင်လန်နာကို မရရအောင် သတ်သွားမှာ..."

ထောင်ကွမ်ယွီက အော်ဟစ်လိုက်သည်။

အကယ်၍ ချင်ယန်သာ နောက်ထပ် လှုပ်ရှားလိုက်မည် ဆိုပါက သူ့တွင် ကျန်ရှိနေသည့်

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် နှစ်ယောက်လည်း သေဆုံး သွားလိမ့်မည်။

"ပြန်လာခဲ့...."

ချင်ယန်က အသံပို့လွှတ်ပြီး ပြောလိုက်လျှင် ငွေရောင် ဝံပုလွေဘုရင်နှင့် နတ်ဆိုး သားရဲများက ချင်ယန်တို့ ရှိနေသည့် နေရာသို့ ချက်ချင်း ပြန် ဆုတ်သွားကြသည်။

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် နှစ်ယောက်ကလည်း ထောင်ကွမ်ယွီနှင့် ရန်စန်းတို့ အနားသို့ လျင်မြန်စွာ ချဉ်းကပ်သွားသည်။

ထောင်ကွမ်ယွီ၏ မျက်နှာ အမူအရာက အလွန်ရုပ်ဆိုးနေပြီး မျက်လုံး မှိတ်ချလိုက်သည်။ ငွေရောင်ဝံပုလွေ ဘုရင်တို့နှင့် တိုက်ခိုက်နေသည့် သူတို့နှစ်ယောက်သာ အသက်ရှင်တော့သည်။ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် (၁၅) ယောက် ရှိခဲ့ရာ နှစ်ယောက်က ထွက်ပြေးသွားပြီး နှစ်ယောက်သာ ကျန်တော့သည်။ ကျန်လူများက သေဆုံးသွားခဲ့ပြီ.....

လောင်လန်နာနှင့် ဟွာဝမ်ရိုတို့က ဒဏ်ရာပြင်းပြင်းထန်ထန် ရနေသည် ဆိုသော်လည်း ယခုလက်ရှိ အချိန်တွင် အသက် ရှင်နေသေးသည်။

"လက်ထောက် နန်းတော်မှူး ထောင်... မင်း သိပြီလား.... ဘာဖြစ်လို့ စိတ်ရှုပ် ခံနေမှာလဲ...."

"ငါတို့ အားလုံးက ချမ်ဂျူး အကယ်ဒမီကပါ။ ငါတို့ကို အပြင်လူတွေက တွေ့သွားရင် ဟာသ လုပ်နေကြလိမ့်မယ်.... ဟုတ်တယ် မဟုတ်လား..."

ချင်ယန်က စိတ်မကောင်းသော အမူအရာနှင့် ပြောလိုက်သည်။

ထောင်ကွမ်ယွီ၏ စိတ်ထဲတွင် လူသတ်ချင်စိတ်နှင့် ဗလောင် ဆူနေသည်။

ယခုလက်ရှိ အခြေအနေတွင် သူ၏ အဓိက ဝှက်ဖဲကို အသုံးပြုလျှင်ပင် ချင်ယန်တို့ကို ကျိန်းသေပေါက် သတ်ဖြတ် နိုင်လိမ့်မည်ဟု ယုံကြည်ချက် မရှိပေ။ ချင်ယန်တွင်လည်း သန်မာသော ဝှက်ဖဲ ရှိနေနိုင်ပြီး သူတို့ အားလုံးလည်း သေသွားနိုင်သည်။

ထောင်ကွမ်ယွီက ကြောက်လန့်နေသည်။

ထို့အတူ ချင်ယန်ကိုလည်း မနာလို ဖြစ်နေမိသည်။

ထိုအချိန်တုန်းက သွေးနတ်ဘုရားဂူမှ တန်ခိုးရှင်များနှင့် ဟန်ဝမ်ထန်က ချင်ယန် လက်ထဲတွင် မည်ကဲ့သို့ သေဆုံးသွားမှန်း သူ မသိသေးပေ။

ချင်ယန်က လက်ထဲတွင် ပိုမို ပြင်းထန်သော ဝှက်ဖဲတစ်ခု ရှိနေနိုင်သေးသည်။

ဒါက ကွင်းဆက် ပျောက်နေသော ဝှက်ဖဲ တစ်ခုဖြစ်ပြီး စွမ်အင်းနှင့် အရင်းအမြစ် ကုန်ဆုံးမှု

အလွန်ကြီးမားကာ အလွန် အင်မတန် အစွမ်းထက်နိုင်သည်။

"ချင်ယန်..... မင်းခွန်အားက အရမ်းသန်မာနေမယ်လို့ ဒီအဘိုးကြီး မမျှော်လင့်ထားမိဘူး... မင်းကို လျှော့တွက်နေမိတယ်...."

"ယွမ်ဟိုင် နယ်ပယ် အဆင့် (၅)၊ ဆေဘာ စိတ်ဆန္ဒကိုလည်း နားလည်တယ်.... တိုက်ခိုက်ရေး အစွမ်းကလည်း ဒီအဘိုးကြီးထက် အားမနည်းဘူး...."

ထောင်ကွမ်ယွီ၏ မျက်နှာ အမူအရာက အတော်လေး ရုပ်ဆိုးနေသည်။ သူက ချင်ယန်ကို

တတ်နိုင်သမျှ အာရုံစိုက်ကာ တန်ခိုးရှင် အများကြီး ခေါ်လာခဲ့သော်လည်း လုံးဝ မအောင်သေးပေ။

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြုံးလိုက်ပြီး......

"လက်ထောင် နန်းတော်မှူး ထောင်.... ငါက အခွင့်အရေးကို အသုံးချလိုက်လို့ပါ...."

"အခု ဒီနေရာမှာ သိုင်းဝိညာဉ် အသုံးပြုလို့ မရဘူး..."

ထောင်ကွမ်ယွီ၏ မျက်နှာ အမူအရာက ဒယ်အိုးဖင်ကဲ့သို့ မည်းမှောင် နေသည်။

မူလက ဒီနေရာတွင် သိုင်းဝိညာဉ် အသုံးပြုနိုင်သော်လည်း ချင်ယန်တို့ ထွက်လာပြီးနောက် သိုင်းဝိညာဉ်က ရုတ်တရုတ် အသုံးပြု၍ မရတော့ပေ။

အစောပိုင်းက ဖြစ်ပွားခဲ့သည့် တိုက်ပွဲတွင် ချင်ယန်တို့ ဘက်နှင့် သူတို့ဘက် သိုင်းဝိညာဉ် လုံးဝ အသုံးမပြုခဲ့ပေ။

အကယ်၍ သိုင်းဝိညာဉ် အသုံးချနိုင်မည် ဆိုပါက အခြေအနေက ကွဲပြား သွားနိုင်သည်။

ချင်ယန်က ဟွာဝမ်ရိုကို လှမ်းကြည့်လိုက်သည်။ ဟွာဝမ်ရို၏ သွေးမျိုးဆက်က အင်ပါယာ မိသားစုမှ ဖြစ်နေသဖြင့် ယခုကဲ့သို့ ရလဒ်ကောင်းများ ထွက်ပေါ်ခဲ့ခြင်း ဖြစ်သည်။

အပြင်ဘက်သို့ ထွက်မလာခင်က ချင်ယန် ခေါင်းထဲတွင် အကြံတစ်ခု ရုတ်တရုတ် ပေါ်လာပြီး ဤနေရာတွင် သိုင်းဝိညာဉ်ကို ကန့်သတ် ပေးနိုင်မလားဟု ရုပ်တုအား ဟွာဝမ်ရိုကို မေးခိုင်းလိုက်သည်.။

သိုင်းဝိဉာဉ် အသုံးပြု၍ မရသဖြင့် ရလဒ်က တကယ် ကောင်းမွန် နေခဲ့သည်။

ဤနေရာတွင် အလွန် ကြီးမားသော အစီအရင် တစ်ခု ခင်းကျင်းထားသည်။ နှစ်ပေါင်း ကိုးထောင် ကြာသွားသော်လည်း အစီအရင်က ကောင်းမွန် နေဆဲပင်…။

“လက်ထောင် နန်းတော်မှူးထောင်.. ငါက ရွှေတံဆိပ် နည်းပြ တစ်ယောက်ပါ။ မင်းငါ့ဆီက လုယက်ချင်လို့ သတ်ဖို့လာတယ်။ ဒီသတင်းတွေ ပျံ့နှံ့သွားရင် မင်းအတွက် မကောင်းဘူးနော်…. မင်း

ဂုဏ်သိက္ခာ ကြီးကြီးမားမား ထိခိုက်သွားလိမ့်မယ်.... ငါ့အတွက်ကတော့ သွေးနတ်ဘုရားဂူက တန်ခိုးရှင်တွေကို သတ်လိုက်တဲ့ ကိစ္စမပြန့်သွားစေချင်ဘူး..... ဒီလို လုပ်ရအောင် ဒီအကြောင်းတွေ လျှို့ဝှက်ထားဖို့ သဘောတူလိုက်ရအောင်...”

ချင်ယန်က တစ်ချက် ပြုံးလိုက်ပြီး ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

“ငါကလည်း တိုက်ခိုက် ဖို့အတွက် အချိန်နည်းနည်းလိုသေးတယ်... လက်ထောက်

နန်းတော်မှူး ထောင်... မင်းကလည်း တိုက်ခိုက်ဖို့အတွက် အချိန် နည်းနည်းလောက် ဝယ်နိုင်လိမ့်မယ်...”

ထောင်ကွမ်ယွီ၏ မျက်နှာ အမူအရာက လေးလံနေသည်။

အချိန် အတော်ကြာပြီးနောက် ထောင်ကွမ်ယွီက ခေါင်းညိတ်လိုက်သည်။

ယခုလက်ရှိတွင် တိုက်ပွဲ ဆက်လက် ဖြစ်ပွားမည်ဆိုပါက သူတို့လည်း သေဆုံးသွားမည့် အရေးကို ထောင်ကွမ်ယွီရော၊ ချင်ယန်ပါ စိုးရိမ် နေကြသည်။

သူတို့ မသေလျှင်ပင် ဟွာဝမ်ရို၊ လောင်လန်နာ၊ ရန်စန်းနှင့် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် နှစ်ယောက် သေဆုံး သွားမည်မှာ သေချာသလောက်ပင်....

ထပ်မံ မတိုက်ခိုက် ချင်တော့သဖြင့် လျှို့ဝှက်ချက်ကို ထိန်းသိမ်း ထားခြင်းက လူတိုင်းအတွက် အကောင်းဆုံး ဖြစ်နေသည်။

ချင်ယန်က ပြုံးလိုက်ပြီး.....

"လက်ထောက် နန်းတော်မှူး ထောင်.... ဒါဆိုရင် ခုကိစ္စကို ဒီလိုပဲ ပျော်ပျော်ပါးပါး ဆုံးဖြတ်လိုက်ကြတာပေါ့..."

"ဒါနဲ့ စကားမစပ်.... လက်ထောက် နန်းတော်မှူးထောင်၊ ငါတို့တွေ ငြိမ်းချမ်းရေး လုပ်သင့်တယ် ထင်တယ်။ ငါ့ကို ထပ်ပြီး မတိုက်ခိုက်ရင် ငါကလည်း ထပ်ပြီး မသတ်တော့ဘူး။ ဒီတစ်ကြိမ် မင်းငါ့ကို သတ်နိုင်မယ် အထင်နဲ့ လူတွေ အများကြီး ခေါ်လာတယ်.... ဒါပေမဲ့ ငါက ဒီကိစ္စကို အရှည်၊

အရှည် ထပ်မဖြစ်ချင်တော့ဘူး.... လက်ထောက်နန်းတော်မှူး ထောင်နဲ့ ငြိမ်းချမ်းရေး လုပ်ချင်တယ်.... တစ်ယောက်ကို တစ်ယောက် ထပ်မသတ်တော့ဘူးလို့ ကျိန်ဆိုကြမလား....”

ထောင်ကွမ်ယွီက တော်တော်လေး မျက်မှောင်ကြုတ်နေသည်။

‘ငြိမ်ချမ်းရေး ဟုတ်လား....’

‘ဒီလောက် ကြီးမားတဲ့ သွေးကြွေးအတွက် ငြိမ်ချမ်းရေးကို အလွယ်တကူ လက်ခံ ရမှာလား...’

သို့သော် ဆုံးရှုံးမှုက အလွန် ကြီးမားနေခဲ့ပြီ... အကယ်၍ ချင်ယန်နှင့် ထပ်မံ တိုက်ခိုက်မည် ဆိုပါက နောက်တစ်ကြိမ် ထပ်မံ ဆုံးရှုံးလျှင် မည်သူက အသက်ရှင်တော့မည်နည်း.......

ထိုအချိန်တွင် သူက တပ်သားမရှိသည့် ဗိုလ်ချုပ် တစ်ယောက် ဖြစ်သွားလိမ့်မည်။

ချင်ယန်နှင့် ငြိမ်းချမ်းရေး လုပ်ပြီး သွေးနတ်ဘုရားဂူကို တိုက်ခိုက်ခွင့် ပေးလိုက်မည် ဆိုလည်း မဆိုးလှပေ။

"မင်းတို့ကောင်တွေ... မင်းတို့ရော လက်စား ချေချင်လား...."

ထောင်ကွမ်ယွီက ရန်စန်းတို့ သုံးယောက်ကို အသံပို့လွှတ်ပြီး မေးလိုက်သည်။

"အရှင် ဒီလို လုပ်ရမယ်ဆို အရမ်း ပျော်မှာပါ... တကယ်လို့ ငါတို့ဘက်က နောက်တစ်ကြိမ် ထပ် ဆုံးရှုံးရင် မင်း အဆင့်အတန်းကို မထိန်းသိမ်းနိုင်မှာ ကြောက်မိတယ်....."

"အရှင်.. အဌေးခါးနဲ့ လူသတ်ခိုင်းတာ ပိုကောင်းတယ်...."

"အရှင်....."

ရန်စန်းတို့ သုံးယောက် အသံပို့လွှတ်ပြီး ပြန်ပြောနေကြသည်။ မည်သူကမှ ထပ်မံ မတိုက်ခိုက်ချင်တော့ပေ။

သူတို့ စိတ်ထဲတွင် လက်စားချေချင်နေသော်လည်း သူတို့ မသိစိတ်က ထိုအတိုင်း ဆက်လုပ်နေလျှင် သူတို့ပါ သေသွားနိုင်သည်ဟု ပြောနေသည်။

"ဟူး......"

ထောင်ကွမ်ယွီက စိတ်ထဲမှ ကြိတ်ပြီး သက်ပြင်းချလိုက်သည်။ အသက် ပိုကြီးလာသည်ဟု ခံစားလိုက်ရသည်။

ဆုံးရှုံးမှုက ကြီးမားလွန်းလှသည်။ နန်းတော်မှူး ရာထူးကို မျက်စောင်းထိုးရန် မဆိုထားနှင့် လက်ထောက် နန်းတော်မှူး ရာထူးကို ဆက်လက်ထိန်းသိမ်းထားနိုင်လျှင်ပင် တော်တော်လေး ဟုတ်နေပြီဟု သတ်မှတ် ရတော့မည်။

"ချင်ယန်၊ ငါတို့ ငြိမ်းချမ်းရေး လုပ်မယ်….."

ထောင်ကွမ်ယွီက အံကြိတ်ပြီး ပြောလိုက်သည်။

ချင်ယန်က ကျယ်လောင်စွာ ရယ်မောလိုက်ပြီး.....

"ပညာရှိတယ်... ငါတို့ရဲ့ အစွမ်းသတ္တိနဲ့ ဆိုရင် ဝိညာဉ် ကျိန်ဆိုမှုလုပ်ရင် အလွယ်တကူ ချိုးဖောက်လို့ မရတော့ဘူး...."

သာမန် လူများက ကျိန်ဆိုမှုအပေါ် ဤမျှ အလေးအနက် ထားကြသည် မဟုတ်ပေ။

သို့သော် ခွန်အား ကြီးလာသည်နှင့် အမျှ ကျိန်ဆိုမှုက ပိုမို အစွမ်းထက်လာသည်။

ချင်ယန်တို့ ခွန်အားအဆင့်တွင် ကျိန်ဆိုမှုအပေါ် သစ္စာ စောင့်ထိန်းနိုင်စွမ်းက မနိမ့်ကျတော့ပေ။

"ကောင်းပြီ....."

မကြာခင် ချင်ယန်နှင့် ထောင်ကွမ်ယွီတို့ နှစ်ယောက်လုံးက ကျိန်ဆို လိုက်ကြသည်။ အချင်းချင် ထပ်မံ မတိုက်ခိုက်တော့မည့် အကြောင်း.... အကယ်၍ လှည့်စားပြီး တစ်ဖက်လူကို တိုက်ခိုက်ခဲ့ပါက သစ္စာဆူးပါစေဟု ကျိန်ဆိုခဲ့ကြသည်။

"ချင်ယန်၊ မင်း သိမ်းထားတဲ့ အလောင်းတွေနဲ့ ရတနာတွေကို ဒီအဘိုးကြီးဆီ ပြန်ပေးသင့်တယ်.."

ထောင်ကွမ်ယွီက သုန်မှုန်နေသော မျက်နှာအမူအရာနှင့် ပြောလိုက်သည်။

ချင်ယန်က တန်ခိုးရှင် အလောင်းတော်တော်များများကို သိမ်းယူထားသည်။ ထောင်ကွမ်ယွီက သူတို့ ပြန်မရှင်နိုင်တော့မှန်း သိသော်လည်း သူတို့၏ အလောင်းများကို ပြန်လိုချင်နေသေးသည်။

"ဒါပေါ့...... အခု ငါတို့ သင့်မြတ်နေပြီပဲ...."

ချင်ယန်က ရယ်မောရင်း အလောင်းများကို ထုတ်ပေးလိုက်သည်။

ထောင်ကွမ်ယွီတို့ အဖွဲ့က အလောင်းများကို သိမ်းပြီး လျင်မြန်စွာ ထွက်ခွာ သွားကြသည်။ အစောင်အရှောက် ယုကျားကို မယူသွားကြပေ။ ထိုအရာက တစ်ခါသုံးသာ ဖြစ်သည်။

ဖူး.......

ထောင်ကွမ်ယွီတို့ အဖွဲ့ ထွက်သွားပြီးနောက် ဟွာဝမ်ရှိနှင့် လောင်လန်နာတို့၏ ပါးစပ်မှ သွေးများ

အန်ထွက်လာကြသည်။ သူမတို့ နှစ်ယောက်က အတင်း တောင့်ခံထားကြခြင်း ဖြစ်သည်။

အမျိုးသမီးနှစ်ယောက်၏ မျက်နှာက ဖြူဖျော့လာသည်။

“မြန်မြန် စားလိုက်...”

ချင်ယန် လက်ထဲတွင် အဆင့် (၆) ဆေးပြား နှစ်ခုပေါ်လာပြီး ဟွာ၀မ်ရှိနှင့် လောင်လန်နာတို့ကို အမြန် တိုက်လိုက်သည်။ အဆင့် (၆) ဆေးက အလုပ် ကောင်းကောင်းလုပ်ပြီး သူမတို့၏ အခြေအနေက အနည်းငယ် ပိုမို တည်ငြိမ်လာသည်။

"ဒီက ထွက်သွားရအောင်..."

ချင်ယန်တို့ အဖွဲ့က မီတာရာပေါင်း အနည်းငယ် ထွက်သွားပြီးနောက် ယန္တရား သားရဲလည်း ပြေးထွက်လာသည်။

အစောင့်အရှောက် မွန်းစတားအပင်က ယန္တရား သားရဲကို မထိန်းချုပ် ထားနိုင်ပေ။ ၎င်းက အကိုင်းအခက်များနှင့် အမြစ်များကို ဆန့်ထုတ် နိုင်သော်လည်း မီတာ ရာဂဏန်းအထိ မတိုက်ခိုက်နိုင်ပေ။

ချင်ယန်က ခရမ်းရောင် မျက်လုံး မျောက်ဝံလူကြမ်းကြီးနှင့် မိုးကြိုး ဖားနှစ်ကောင်ကို သိမ်းလိုက်သည်။ ထို့နောက် ချင်ယန်တို့ အဖွဲ့က ငွေရောင် ဝံပုလွေဘုရင်၏ နောက်ကျောပေါ် ရောက်ရှိသွားသည်။

သို့သော် အစောင့်အရှောက် ယုကျား အပင်က အချိန်ကြာကြာ မခံဘဲ သေဆုံး သွားလိမ့်မည်။

"သွားကြစို့..."

ယခုတစ်ကြိမ်တွင် ချင်ယန်က အလယ်တွင် ထိုင်နေသည်။

လောင်လန်နာနှင့် ဟွာဝမ်ရိုတို၏ ယခုလက်ရှိ အခြေအနေကြောင့် သူမတို့ကို ကိုင်ထားရန် အလယ်တွင် မထိုင်ပါက သူတို့ နှစ်ယောက်က လဲကျ သွားနိုင်သည်။

ထို့အပြင် ချင်ယန်က အလယ်တွင် ထိုင်ပြီး ယွမ်ချီနှင့် သူမတို့၏ ဒဏ်ရာများကို ကုသ ပေးနိုင်သည်။

ယွမ်ချီများက လောင်လန်နာနှင့် ဟွာဝမ်ရိုတို့၏ ခန္ဓာကိုယ်ထဲ စီးဝင်သွားသည်။

ချင်ယန်၏ မျက်နှာ အမူအရာက လေးနက်နေသည်။

လောင်လန်နာနှင့် ဟွာဝမ်ရိုတို့က ဒဏ်ရာ ပြင်းပြင်းထန်ထန် ရထားကြသည်။ အစောပိုင်းက တိုက်ပွဲထဲတွင် သူမတို့ နှစ်ယောက်လုံးက တားမြစ်အကွက်ကို အသုံးပြုခဲ့ကြသဖြင့် အတွင်းဒဏ်ရာ ရနေကြခြင်းပင်။ အကယ်၍ ဒဏ်ရာ ထပ်မံ ပြင်းထန်လာပါက ပြိုကျ သွားနိုင်သည်။

လောင်လန်နာက သွေးမျိုးဆက်မှ အကျိုးအမြတ် ရနေသည်။

ဟွာဝမ်ရိုက စိတ်ဝိညာဉ်အရည် စိမ်ထားသဖြင့် အကျိုးအမြတ် ရနေသည်။ ယခုအခါ သူမ ခန္ဓာကိုယ်ထဲတွင် ရှိနေသည့် ဝိညာဉ် စွမ်းအင်များကို အစာချေဖျက် နေသည်။

“ဟာ....”

ရုတ်တရုတ် ဆိုသလို ချင်ယန် မျက်နှာပေါ်တွင် အံ့အောသင့်နေသော အမူအရာ ပေါ်လာသည်။

ဟွာဝမ်ရို၏ သွေးမျိုးဆက် ပြောင်းလဲသွားသည်ကို မြင်နေရပြီး သူမ၏ သွေးမျိုးဆက်က ယခင်ကထက် ပိုမို သိပ်သည်း လာနေသည်။

အထဲဝင်ခဲ့သည့် အချိန်တုန်းက ဟွာဝမ်ရို၏ အင်ပါယာ သွေးမျိုးဆက် သိပ်သည်းမှုက (၃၀) ရာခိုင်နှုန်းသာ ရှိသေးသည်။ ယခု ထပ်မံ စမ်းသပ်ကြည့်လိုက်သောအခါ (၆၀) ရာခိုင်နှုန်း သို့မဟုတ် (၇၀) ရာခိုင်နှုန်း ဖြစ်နေနိုင်သည်။

ဟွာဝမ်ရိုက သူမ၏ သွေးမျိုးဆက် တိုးတက်လာသည်ကို သူမကိုယ်တိုင်ပင် မသိခဲ့ချေ။

"သွေးမျိုးဆက် တိတ်တိတ်လေး ပြောင်းလဲနေတယ် ဆိုတော့ သိုင်းဝိညာဉ်၊ အရိုး ဉာဏ်အလင်းနဲ့ နတ်ရတနာတွေလည်း ပြောင်းလဲ နေနိုင်တယ်....."

ချင်ယန်က သိချင်စိတ် ပေါ်လာသဖြင့်.....

"ဟွာဝမ်ရို၊ မင်းရဲ့ သိုင်းဝိညာဉ်က အရင် သိုင်းဝိညာဉ်ပဲလား.... ဒါမှမဟုတ် ပြောင်းလဲ သွားပြီလား...."

ဟွာဝမ်ရို၏ အားနည်းနေသော အသံက ထွက်ပေါ်လာပြီး....

"သူဌေး... အခု လောလောဆယ်တော့ အရင်အတိုင်းပဲ..."

"ဒါပေမဲ့ အချိန်တန်ရင် ပြောင်းလဲသွားလိမ့်မယ်..."

"အခု သိုင်းဝိညာဉ် ခံစားချက် မှေးမှိန်သွားပြီ.... အခု လောလောဆယ် သိုင်းဝိညာဉ် မထုတ်နိုင်တော့ဘူး.... ကြည့်ရတာတော့ သိုင်းဝိညာဉ် ပြောင်းလဲနေတဲ့ ပုံပဲ...."

ချင်ယန် မျက်နှာပေါ်တွင် အပြုံးတစ်ခု ထင်ရှားလာသည်။ ယခု အခြေအနေတွင်

ဟွာဝမ်ရို၏ သိုင်းဝိညာဉ်က ပြောင်းလဲသွားရန် တစ်ရာ ရာခိုင်နှုန်း သေချာနေပြီ.....

ဖြည်းဖြည်းခြင်း ပြောင်းလဲနေခြင်းပင်... မူလ သိုင်းဝိညာဉ်က ပျက်ဆီးသွားခြင်း သို့မဟုတ် သေဆုံးသွားခြင်းလည်း ဖြစ်နိုင်သည်။

ဤခရီးစဉ်တွင် ဟွာဝမ်ရိုက အကျိုးအမြတ် ကြီးကြီးမားမား ရရှိခဲ့သည်။

## အခန်း(၂၉၄) - သွေးနတ်ဘုရားဂူ လှုပ်ရှားလာခြင်း...

"ရန်စန်း.. မင်း မှတ်ထားရမှာက ဒီတစ်ကြိမ် ကိစ္စကို တင်းတင်းကြပ်ကြပ် လျှို့ဝှက်ထား ရမယ်..."

"ငါတို့ ကြီးကြီးမားမား ဆုံးရှုံးခဲ့တာကို ရှောင်မိသားစု သိသွားရင် ချင်ယန်ရဲ့ ခွန်အားကို ကြောက်သွားလိမ့်မယ်.... '

ထောင်ကွမ်ယွီက သုန်မှုန်နေသော မျက်နှာအမူအရာနှင့် ထုတ်ပြောလိုက်သည်။

"ဟုတ်...."

ရန်စန်းက ခေါင်းညိတ်လိုက်သည်။

ထောင်ကွမ်ယွီက.....

"ငါတို့ကြားက တိုက်ပွဲက ချင်ယန်အတွက်လည်း အကျိုးအမြတ် မရှိခဲ့ဘူး.... ချင်ယန်ရဲ့ ရတနာတော်တော်များများလည်း ကုန်သွားပြီ...."

"သွေးနတ်ဘုရားဂူနဲ့ ရှောင်မိသားစုက ထပ်ပြီး လှုပ်ရှား ကြလိမ့်မယ်... အဲ့အချိန်ကျရင် သူတို့ အနိုင်ရဖို့ အခွင့်အရေး များသွားလိမ့်မယ်...."

ရန်စန်းနှင့် အခြားလူများက နှုတ်ဆိတ် နေကြသည်။

ချင်ယန်က ရတနာ အများကြီး ဆုံးရှုံး ခဲ့သော်လည်း သူတို့၏ ဆုံးရှုံးမှုက ပိုမို ကြီးမား နေသေးသည်။

ပစ္စည်းကောင်းများ ဆုံးရှုံးသွားရုံ သာမက လူ (၁၄) ယောက် သေဆုံး သွားခဲ့သည်။ ထိုအထဲတွင်

ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် သုံးယောက်လည်း ပါဝင်နေသေးသည်။

ထိုဆုံးရှုံးမှုက အစသာ ရှိသေးသည်.။

ဤမျှ များပြားသော တန်ခိုးရှင် ဆုံးရှုံးမှုကို ယာယီ ဖုံးကွယ်ထားနိုင်သော်လည်း ရေရှည်တော့ မရပေ။

အချိန်တန်၍ သူတို့ ဆုံးရှုံးမှုကို အခြားလူများ သိသွားပါက အခြား အရာများပါ ဆုံးရှုံး လာလိမ့်မည်။

ဥပမာ နန်းတော်မှူး ရာထူးအတွက် တိုက်ပွဲဝင်စရာ မလိုတော့ပေ။

"အရှင်၊ နန်းတော်မှူး နေရာ တိုက်ပွဲဝင်တဲ့အချိန်မှာ လက်ထောက် နန်းတော်မှူးရန်ကို ထောက်ပံ့လိုက်ပါလား.... ဒါဆိုရင် သူ့ဆီကနေ အကျိုးအမြတ် အများကြီး ရနိုင်တယ်.."

ရန်စန်းက အဆိုပြုလိုက်သည်။

ထောက်ကွမ်ယွီက ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။ အကြံကောင်းပင်......

ယခုလက်ရှိတွင် သူတို့ ဆုံးရှုံးမှု ကြီးမားနေသည့် အကြောင်းကို ရန်မိသားစုက မသိသေးပေ။

"အရှင်..... ချင်ယန်က အဲ့နေရာမှာ ဘယ်လို ပစ္စည်းကောင်းတွေ ရသွားတာလဲ... သူရဲ့ ကျင့်ကြံခြင်း အဆင့်က (၃) ဆင့်တောင် တက်သွားတယ် ဆိုတော့ အရမ်းများတယ်...."

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် နှစ်ယောက်က ပြောလိုက်သည်။

ယခုလေးတင် ပြင်းပြင်းထန်ထန် တိုက်ပွဲ ဖြစ်ပွားခဲ့သဖြင့် ချင်ယန်နှင့် အခြားသူများက

သူတို့၏ အောက်ရာကို မထုတ်ပြလျှင်ပင် ချင်ယန်က ယွမ်ဟိုင်နယ်ပယ် အဆင့် (၅)၊ လောင်လန်နာက အဆင့် (၃)နှင့် ဟွာဝမ်ရိုက အဆင့် (၇) ရှိနေသည်ကို ရှင်းရှင်းလင်းလင်း သိနေကြသည်။

သူတို့ သုံးယောက်ထဲတွင် ကျင်ကြံခြင်းအဆင့် အနိမ့်ဆုံး ဖြစ်သည့် လောင်လန်နာပင် သူမ၏ အသက်အရွယ်နှင့် ကျင့်ကြံခြင်း အဆင့်ကြောင့် ချမ်ဂျူး ကျွန်းဆွယ် တစ်ခုလုံးမှာပင် အံ့အောစရာ ကောင်းနေပြီ။

"ဟွာဝမ်ရိုရဲ့ ခန္ဓာကိုယ်ကနေ စိတ်ဝိညာဉ်အရည် အငွေ့အသက်တွေ ရနေတယ်.... စိတ်ဝိညာဉ် အရည် ရသွားတာ ဖြစ်နိုင်တယ်...."

"ပြီးတော့ ဟွာဝမ်ရိုရဲ့ ရတနာ တော်တော်လေး အစွမ်းထက်တယ်...... ရှေ့ဟောင်း ကုန်းမြေမှာ ကျန်ခဲ့တဲ့ ရှေ့ဟောင်း အမွေ ဖြစ်နိုင်တယ်..."

ထောင်ကွမ်ယွီက ဖြည်းဖြည်းခြင်း ပြောလိုက်သည်။

ဩဇာကြီးမားသော မဟာမိသားစု ကြီးများတွင် ထိုကဲ့သို့ အမွေခံ နယ်မြေများ ရှိကြသည်။ သို့သော်

ထိုနေရာမျိုးကို သာမန် အခြေအနေတွင် ဖွင့်လှစ်လေ့ မရှိပေ။ မိသားစုက ကြီးမားသော ဘေးဒုက္ခနှင့် ကြုံတွေ့ရသည့် အချိန်မှသာ ဖွင့်လှစ်လေ့ ရှိတတ်ကြသည်။ မိသားစုအတွက် ဖြစ်စေ၊ တန်ခိုးရှင် တစ်ယောက် နိုးထလာစေရန် ဖြစ်စေ ဖွင့်လှစ် တတ်ကြသည်။

"အရှင်၊ အဲ့နေရာမှာ ပစ္စည်းကောင်းတွေ ရှိနိုင်တယ်...."

ထောက်ကွမ်ယွီက ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်ပြီး....

"အချိန်တန်ရင် မင်းတို့တွေ စမ်းကြည့်လို့ရတယ်။ အမွေခံ နယ်မြေတွေက လူတစ်ယောက်တည်းကိုပဲ ပစ္စည်း ပုံပေးလေ့မရှိဘူး……. မကြာခဏ ဖွင့်လှစ်တတ်တယ်"

ယခုလက်ရှိတွင် ထောင်ကွမ်ယွီနှင့် အခြားလူများက ဝင်ပေါက်၊ ထွက်ပေါက်တည်နေရာကို သိနေကြပြီ ဖြစ်သဖြင့် အချိန်တန်ပါက စမ်းကြည့်နိုင်သည်။

အထဲတွင် ပစ္စည်းကောင်းများ ရှိခဲ့လျှင်ပင် သူတို့ရရှိနိုင်မည် မဟုတ်ပေ။

ထောင်ကွမ်ယွီ၏ အတွေးက မှန်ကန်ပါသည်။ သို့သော် ဟွာဝမ်ရို၏ သွေးမျိုးဆက်ထက် မည်သူက ပိုမို မြင့်မားမည်နည်း....

ချင်ယန်တို့ အဖွဲ့က အမွေခံ နယ်မြေထဲသို့ လမ်းကြောင်း တစ်ခုမှ ဝင်ခဲ့သဖြင့် အကျိုးအမြတ် အများဆုံး ရရှိခဲ့ကြသည်။

ကောင်းကင်ဘုံ သွေးသစ်ခွကို ချင်ယန်က သိမ်းပိုက် သွားခဲ့သည်။

"ပြန်သွားပြီး စောင့်ကြည့်ကြမယ်.... သွေးနတ်ဘုရားဂူနဲ့ ရှောင်မိသားစုက မြန်မြန် ဆန်ဆန် လှုပ်ရှား လာလိမ့်မယ်...."

ရန်စန်းက ပြောလိုက်သည်။

ထောင်ကွမ်ယွီနှင့် အခြားလူများလည်း ချင်ယန်ကို နားကျည်း နေကြသည်။

ယခုတစ်ကြိမ်တွင် သူတို့၏ ဆုံးရှုံးမှုက ရင်နာစရာ ကောင်းလွန်းလှသည်။

ယခုအခါ ချင်ယန်တို့အဖွဲ့ သေဆုံးမည့် အရေးကို အခြား အင်အားစုများထံ အားကိုးနေရပြီ ဖြစ်သည်။

......

နေတစ်ဝက်ခန့် ကုန်လွန် သွားပြီးနောက် အဆင့် (၆ ) ဆေးလုံး၏ အာနိသင်နှင့်အတူ ချင်ယန်၏ အဆက်မပြတ် ကုသပေးမှုကြောင့် လောင်လန်နာနှင့် ဟွာဝမ်ရိုတို့၏ အခြေအနေက တော်တော်လေး ကောင်းမွန် လာကြသည်။

သူမတို့၏ မျက်နှာက သိပ်မဖြူတော့ပေ။

"သူဌေး.. ကျေးဇူး တင်ပါတယ်.."

ဟာဝမ်ရိုက ပြောလိုက်သည်။ သူမ၏အသံက ချင်ယန်၏ နားထဲသို့ ပျားရည်ကဲ့သို့ စီးဝင်သွားပြီး ချင်ယန်၏ လည်ပင်းများ ပူလောင်လာသည်။

"ဘာအတွက် ကျေးဇူး တင်တာလဲ."

ချင်ယန်က စဉ်းစားမရ ဖြစ်သွားသည်။

"သူဌေး ၊ အဲ့အချိန် လှုပ်ရှားမယ်ဆိုရင် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် နှစ်ယောက်ကို သတ်ပစ်နိုင်တယ် မဟုတ်လား.... ငွေရောင်

ဝံပုလွေဘုရင်ကလည်း ထောင်ကွမ်ယွီနဲ့ နောက် တစ်ယောက်ကို သတ်နိုင်တယ်....”

“ငါတို့ အခြေအနေက မကောင်းလို့ မင်း ရပ်လိုက်တာ မဟုတ်လား....”

ချင်ယန်က ခေါင်းခါလိုက်ပြီး...

“မင်း မှားနေပြီ။ ဒီ အကြောင်းပြချက်ကြောင့် ဆိုပေမဲ့ ထောင်ကွမ်ယွီကို သတ်ဖို့ တစ်ရာခိုင်နှုန်း မသေချာသေးဘူး..... နောက်တစ်ကြိမ် ထပ်သတ်လိုက်ရင် ငါတို့ အားလုံး

သေသွားနိုင်တယ်.... ပြီးတော့ ထောင်ကွမ်ယွီ ဆီမှာ ဝှက်ဖဲ ကြီးကြီး ရှိနေနိုင်သေးတယ်...”

ချင်ယန်တွင်လည်း ထိုကဲ့သို့ ဝှက်ဖဲမျိုး ရှိနေသည်။

သို့သော် ရတနာ မဟုတ်ပေ။ အလွန် ကြမ်းတမ်းသော တားမြစ်အကွက် ဖြစ်သည်ကို ချင်ယန် တစ်ယောက်တည်းသာ သိသည်။ အကယ်၍ သူ၏ အသက်နှင့် ဝိညာဉ်ကို လောင်းကြွေး လိုက်ပါက ထောင်ကွမ်ယွီကို သတ်ပစ် နိုင်သည်။ ယွမ်ဒန် နယ်ပယ် အဆင့် (၉)

အစောင့်အရှောက် မွန်းစတား အပင်ကိုပင် သတ်ဖြတ် နိုင်သည်။ သို့သော် သူ့ဘဝက ပြီးသွားလိမ့်မည်။

ယခုတစ်ကြိမ်တွင် အကျိုးအမြတ် ကြီးကြီးမားမား ရှိခဲ့သည်။ ထောင်ကွမ်ယွီနှင့် အဆုံးထိ တိုက်ခိုက်စရာ လိုမည်လော........

သေဆုံးနိုင်ခြေ (၁၀) ရာခိုင်နှုန်း ရှိလျှင်ပင် မလိုအပ်ချေ။

အကယ်၍ ဒီထက် ပိုကောင်းနေလျှင်ပင် သူ တိုက်ခိုက်လိုက်ပါက လောင်လန်နာနှင့် ဟွာဝမ်ရှိတို့က သေဆုံး သွားနိုင်သည်။

လောင်လန်နာက.....

"ချင်ယန်.... နင်က ထောင်ကွမ်ယွှီနဲ့ ငြိမ်းချမ်းရေး လုပ်ဖို့ ကျိန်ဆိုခဲ့တယ်ဆိုတော့ သူ့ကို တကယ်ပဲ မကိုင်တွယ်တော့ဘူးလား..."

"ဟွန့်..."

ချင်ယန်က အေးစက်စွာ နှာခေါင်း ရှုံ့လိုက်သည်။

'ဒါပေါ့ ဘယ်လို ဖြစ်နိုင်မှာလဲ..'

"အင်အားနဲ့ တိုက်ခိုက်တာ အပြင် တခြား နည်းလမ်းတွေ ရှိသေးတယ်....."

"ဒါက မပြီးသေးပါဘူး...."

ရတနာ အများကြီး ဆုံးရှုံးသွားသဖြင့် ချင်ယန်လည်း စိတ်မကောင်း ဖြစ်နေသည်။

အဆင့် (၆) တိုက်ခိုက်ရေး ရတနာနှင့် အဆင့် (၆) ကာကွယ်ရေး ရတနာ စုစုပေါင်း ဆယ်ခုတိတိ အသုံးပြုခဲ့ရသည်။

ဤကဲ့သို့ ရတနာများက သတိထားရမည်။ မည်သည့် ရတနာမဆို ရွှေတုံး တစ်သန်းကျော် တန်ဖိုး ရှိသည်။ အချို့ ရတနာဆိုလျှင် တစ်သန်းထက်ပင် ပိုမို ဈေးကြီး နေသေးသည်။

တိုက်ပွဲက ခဏသာ ဖြစ်ပွားခဲ့သော်လည်း ချင်ယန် ကုန်ဆုံးသွားသည့် ရတနာက (၁၂) သန်းကျော် တန်ဖိုးရှိနေသည်။ ငွေတုံး မဟုတ်ပေ ရွှေတုံးများကို ပြောနေခြင်း ဖြစ်သည်။

ရွှေတုံး တစ်ရာက လှပသော အိမ်ဖော်လေး တစ်ယောက်ကို ဝယ်ယူနိုင်သည်။

"ဆုံးရှုံးတယ်ကွာ....."

ချင်ယန်က စိတ်ထဲမှ တိတ်တိတ်လေး သက်ပြင်းချလိုက်သည်။

သတ်ခဲ့သော တန်ခိုးရှင် အချို့၏ သိုလှောင်လက်စွပ်ကို မရခဲ့သော်လည်း အစောပိုင်းက သတ်ခဲ့သည့် ယွမ်ဒန် နယ်ပယ် တန်ခိုးရှင် သုံးယောက်၏ ရတနာများကို ရရှိခဲ့သည်။

နောက်ပိုင်းတွင် ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင်များ၏ သိုလှောင် လက်စွပ်ကို ရရှိခဲ့သည်။

သို့သော် ထိုတန်ခိုးရှင်များ၏ သိုလှောင်လက်စွပ် အပေါ်တွင် မျှော်လင့်ချက် သိပ်မထားပေ။

ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် သုံးယောက်ထံမှ အရင်းအမြစ် အချို့ ပြန် ရနိုင်သည်။

သူတို့ကို အစောဆုံး သတ်ဖြတ်လိုက်သဖြင့် သိုလှောင် လက်စွပ်ထဲမှ ရတနာများကို အသုံးပြုရန် အချိန် မရလိုက်ပေ။

.........

“ဘာလုပ် ရမလဲ... ဘာလုပ် ရမလဲ....”

ချင်ယန်တို့ ပြန်မရောက် သေးသဖြင့် ရှောင်ကျူဝမ်နှင့် အခြားလူများက ဟော့ပေါ့ အိုးပေါ်မှ ပုရွတ်ဆိတ်ကဲ့သို့ လှုပ်လှုပ်ရွရွ ဖြစ်နေပြီး စိတ်ပူ နေကြသည်။

လွန်ခဲ့သော ငါးမိနစ်ကမှ ချမ်ဂျူး အကယ်ဒမီ တံခါးဝ အရှေ့တွင် လူတစ်ယောက်က အော်ဟစ်ခဲ့သည်။

ချင်ယန်နှင့် ရှောင်ကျူဝမ်တို့ကို ချမ်ဂျူးမြို့မှ မနှင်ထုတ်ပါက မနက်ဖြန်တွင် သွေးနတ်ဘုရားဂူက ချမ်ဂျူး ကျွန်းဆွယ်ကို ရောက်လာမည်ဟု

အော်ဟစ်နေခဲ့ခြင်းပင်။ ချမ်ဂျူးမြို့ မီတာ တစ်သောင်း ပတ်လည်အတွင်းရှိ လူတစ်သောင်းကိုလည်း သတ်ပစ်မည်။

နောက်တစ်နေ့တွင် ချင်ယန်တို့ကို မနှင်ထုတ်သေးပါက သွေးနတ်ဘုရားဂူက လူနှစ်သောင်း ထပ်သတ်မည်။

သဘက်ခါတွင် လူလေးသောင်း သတ်မည်။

နေ့စဉ် နေ့တိုင်း အရေအတွက်က နှစ်ဆ တိုးလာလိမ့်မည်။

ထို့အပြင် သွေးနတ်ဘုရားဂူက ချမ်ဂျူး အကယ်ဒမီမှ ကျောင်းသားများ၏ မိဘများနှင့် ဆွေမျိုးများကို ဦးစားပေးပြီး သတ်ပစ်မည်ဟု ပြောဆိုသွားသေးသည်။

ချမ်ဂျူး အကယ်ဒမီရှိ တန်ခိုးရှင်များက ချက်ချင်း ဝိုင်းဖမ်းခဲ့သည်။ သိပ်မကြာခင် အော်နေသောလူက ချမ်ဂျူး အကယ်ဒမီမှ ကျောင်းသား တစ်ယောက် ဖြစ်နေကြောင်း သိခဲ့ရပြီး အခြား တန်ခိုးရှင် တစ်ယောက်က စိတ်ညို့ပြီး အော်ခိုင်းထားခြင်း ဖြစ်သည်။

အချိန်က ငါးမိနစ်သာ ရှိသေးသော်လည်း သတင်းက အလွန် တုန်လှုပ်စရာ ကောင်းနေသည်။ အချိန်တိုလေး အတွင်းမှာပင် ချမ်ဂျူး အကယ်ဒမီမှ ထွက်သွားကြသည့် လူများက ထိုသတင်းကို ရရှိခဲ့ကြသည်။

ချမ်ဂျူးမြို့ တစ်ခုလုံးက ထိုသတင်း ရရှိရန် အချိန် သိပ်မကြာလိုက်ပေ။

ထို့နောက် သတင်းက မိုးခြိမ်းသည့်အလား လျင်မြန်စွာ ပျံ့နှံ့သွားသည်။

လွန်ခဲ့သော နှစ်အနည်းငယ်က သွေးနတ်ဘုရား ဂူသည် ထိုကဲ့သို့ နည်းလမ်းမျိုးကို ရှားရှားပါးပါး အသုံးပြုခဲ့သည်။ သတ်ဖြတ်လျှင်ပင် တိတ်တိတ်လေး လှုပ်ရှားပြီး သတ်ဖြတ်ခဲ့သည်။ ထိုအချိန်က တကယ့် ဘေးကပ်ဆိုးကြီးပင်....

ဂူသခင် (၃) ဟန်ဝမ်ထန်က မမျှော်လင့်ဘဲ သေဆုံး သွားခဲ့သည်။

ထို့အပြင် ယွမ်ဒန် နယ်ပယ် တန်ခိုးရှင် သုံးယောက်နှင့် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် (၂၀)

လည်း သေဆုံးခဲ့သည်။ ထိုဆုံးရှုံးမှုက အလွန်ကြီးမားလွန်းနေသည်။

ထိုသတင်းက သွေးနတ်ဘုရားဂူကို တတ်နိုင်သမျှ အမြန်ဆုံး ပြန်ရောက်သွားပြီး သွေးနတ်ဘုရားဂူက ချက်ချင်း တုံ့ပြန် လာခဲ့ခြင်းပင်။

"အစ်မ.... သွေနတ်ဘုရားဂူက ဘာဖြစ်လို့ ငါတို့ကို တိုက်ရိုက် ပစ်မှတ် ထားလာတာလဲ...."

"သခင်လေး ထုတ်ပြထားတဲ့ သတင်းအရဆို သွေးနတ်ဘုရားဂူနဲ့ ရှောင်မိသားစုက

တန်ခိုးရှင်တွေက မိုင်းတွင်းပြို့ပြီး သေသွားတာ မဟုတ်လား....”

ရှောင်ကျူယင်က မျက်မှောင် ကြုတ်ပြီး ပြောလိုက်သည်။

ရှောင်ကျူဝမ်က ခါးသီးစွာ ပြုံးလိုက်ပြီး....

“ရှောင်မိသားစုက လူတွေသေပြီး ငါတို့ပဲ အသက်ရှင် ခဲ့တယ်။ ဒါကြောင့် ဖြစ်နိုင်တယ်.... နောက်ထပ် ဖြစ်နိုင်ချေ တစ်ခုက သွေးနတ်ဘုရားဂူက ရှောင်မိသားစုကို သံသယ ရှိချင် ရှိလိမ့်မယ်။ ဒါပေမဲ့ သခင်လေးဆီက အကျိုးအမြတ်

ရိတ်သိမ်းချင်လို့ ငါတို့ကို အရင်ဆုံး ကိုင်တွယ်တာ ဖြစ်လိမ့်မယ်...”

“ရှောင်မိသားစုက စိတ်ပိုင်းဖြတ်ထားရင် သွေးနတ်ဘုရားဂူနဲ့ ရှောင်မိသားစုလည်း ပြဿနာ တက်မှာပဲ.... ....”

ရှန်းယုလင်းက မျက်မှောင် ကြုတ်လိုက်ပြီး....

“ဖြစ်နိုင်ချေ နောက်တစ်ခုလည်း ရှိသေးတယ်.... ရှောင်မိသားစုက သွေးနတ်ဘုရား ဂူနဲ့ ဆက်သွယ်ပြီး သွေးနတ်ဘုရား ဂူရဲ့ အရိပ်အောက်မှာ ခိုလှုံနေတာလည်း ဖြစ်နိုင်တယ်....”

“ဒါဆိုရင် သွေးနတ်ဘုရားဂူက ရှောင်မိသားစုနဲ့ ပြဿနာ တက်စရာ မရှိတော့ဘူး.. ငါတို့ပဲ ရှိတော့တယ်….’

“ငါတို့ မသိခင် ကတည်းက သွေးနတ်ဘုရားဂူက ရှောင်မိသားစုကို သွားတွေ့တာလည်း ဖြစ်နိုင်တယ်….”

## အခန်း(၂၉၅) - ချောင်ပိတ်မိခြင်း...

“လူတိုင်းပဲ.. ဒီကိစ္စကို ဘယ်လို ထင်လဲ.....”

ကူချမ်ချင်းက သုန်မှုန်နေသော မျက်နှာအမူအရာနှင့် မေးလိုက်သည်။

ချမ်ဂျူး အကယ်ဒမီ၏ အစည်းအဝေးခန်းမထဲတွင် လူတစ်ရာကျော် စုဝေး နေကြသည်။ ထိုလူများက ချမ်ဂျူး အကယ်ဒမီ၏ အရေးပါသော လူများ ဖြစ်ကြသည်။ ဒီနေရာတွင် ရန်ခွန်း၊

ဝေ့ဝူရှန်းလည်း ရှိနေသည်။ အများစုက အကြီးအကဲများ ဖြစ်ကြပြီး ကျန်သည့် လူများက ရွှေတံဆိပ် နည်းပြများပင်......

လူတိုင်း နှုတ်ဆိတ် နေကြသည်။ ဒီကိစ္စက ပြောရန် မလွယ်ကူလှပေ။

ချမ်ဂျူး အကယ်ဒမီက ချင်ယန်ကို ကန်ထုတ်ဖို့လား.......

ချမ်ဂျူး အကယ်ဒမီတွင် ထိုကဲ့သို့ စံနမူနာမျိုး မရှိပေ။ ထိုကဲ့သို့ ပြုလုပ်လိုက်ပါက ချမ်ဂျူး

အကယ်ဒမီ၏ ဂုဏ်သတင်းကို ကြီးကြီးမားမား ထိခိုက် သွားလိမ့်မည်။

သွေးနတ်ဘုရားဂူက ကြယ် (၆) ပွင့် အင်အားစု ဖြစ်သလို ချမ်ဂျူး အကယ်ဒမီကလည်း ကြယ် (၆) ပွင့် အင်အားစု ဖြစ်နေသည်။

"လက်ထောက် နန်းတော်မှူး ဝေ့၊ လက်ထောက် နန်းတော်မှူးရန်၊ မင်းတို့ရဲ့ အမြင်က ဘယ်လိုလဲ.."

ကူချမ်ချင်းက နာမည်ခေါ်ပြီး မေးလိုက်သည်။

ဝေ့ဝူရှန်းက ချောင်းတစ်ချက် ဆိုးလိုက်ပြီး.....

"နန်းတော်မှူးကူ.... မဟာသခင်ချင် ပြန်လာတဲ့ အချိန်အထိ စောင့်ပြီး မဟာသခင်ချင်နဲ့ ပြောကြည့်ပါလား။ မဟာသခင်ချင်က ရက်ပိုင်းလောက် ခရီးသွားမယ် ဆိုပေမဲ့ ဒီပြဿနာက ကြီးမားတော့ ချက်ချင်း သတင်း ရမှာပါ။ သတင်းကြားတာနဲ့ သူ ပြန်လာလိမ့်မယ်...."

ရန်ခွန်းက သက်ပြင်း ချလိုက်ပြီး..

"နန်းတော်မှူး ကူ..... ငါတို့ ချမ်ဂျူး အကယ်ဒမီက ချင်ယန်နဲ့ တခြားလူတွေကို နှက်ထုတ်မယ်ဆိုရင် သိပ်တော့ မကောင်းဘူး..."

"ဒါပေမဲ့ ဒီလို အဖြစ်မျိုး ဖြစ်လာတော့ လူတွေ မသေရအောင် မဟာသခင်ချင်က သူ့ဘက်က အစပြုပြီး နှုတ်ထွက် သွားသင့်တယ်လို့ ငါ ထင်တယ်...."

ကူချမ်ချင်းက အေးစက်သော လေသံနှင့်....

"ချင်ယန်က ထွက်သွားတော့ ငါတို့ ချမ်ဂျူး အကယ်ဒမီက အရှက် မကွဲတော့ဘူးလား..."

"ဒီနေရာကနေ ချမ်ဂျူး အကယ်ဒမီရဲ့ ဂုဏ်သိက္ခာကို ကာကွယ်ဖို့ ချမ်ဂျူး အကယ်ဒမီရဲ့

ဘွဲ့ရတွေကို ဆင့်ခေါ်ဖို့ အဆိုပြုတယ်.... မင်းတို့ ဘယ်လိုထင်လဲ...”

လူတိုင်း အံ့အောသင့်သွားသည်။ ချမ်ဂျူး အကယ်ဒမီက ထိုလုပ်ရပ်မျိုးကို မည်သည့် အချိန်ကမှ မလုပ်ခဲ့ဖူးပေ။

“နန်းတော်မှူး.... နောက်တစ်ကြိမ် ပြန်စဉ်းစားပါ... ဒီကိစ္စက အရေး ကြီးပါတယ်....”

“နန်းတော်မှူး. ဘွဲ့ရ ကျောင်းသား တော်တော်များများက ငါတို့ ချမ်ဂျူး အကယ်ဒမီအပေါ်မှာ ခံစားချက်ရှိလို့ အများစုက

ပြန်လာ နိုင်ပါတယ်။ ဒါပေမဲ့ ငါတို့ကို အရည်အချင်း မပြည့်မီဘူးလို့ ထင်သွားနိုင်တယ်.. နောက်တစ်ချက်က ဒီကိစ္စကြောင့် မျက်နှာ ပြန်ပေးရမယ့် ကိစ္စတွေ ဖြစ်လာနိုင်တယ်။ ဒီတစ်ကြိမ် ခေါ်ရင် အားလုံး လာလိမ့်မယ်။ ဒါပေမဲ့ နောက်တစ်ကြိမ် ပိုအရေးကြီးတဲ့ အချိန်မှာ လူအများကြီး ထပ်မလာတော့မှာကို ငါ ကြောက်မိတယ်....”

“နန်းတော်မှူး. ငါတို့တွေ ဒီကိစ္စကို နောက်တစ်ကြိမ် ထပ်စဉ်းစားမှ ဖြစ်လိမ့်မယ်.....”

လူတိုင်းက တစ်ယောက် တစ်ပေါက် ပြောဆိုနေကြပြီး အများစုက သဘော မတူကြပေ။

လူတိုင်း၏ အမြင်တွင် ချင်ယန်ကို မောင်းထုတ်လိုက်ခြင်းက အလွယ်ကူဆုံးနှင့် အဆင်ပြေဆုံး နည်းလမ်း ဖြစ်နေသည်။

အကယ်၍ ချင်ယန် ပြန်လာပါက သူတို့အသိနှင့် သူတို့ဘာသာ နှုတ်ထွက် သွားခြင်းက အကောင်းဆုံးပင်....

"မနက်ဖြန် နေ့လည်ကျရင်... သေွနတ်ဘုရားဂူက လူတစ်သောင်းကို သတ်လိမ့်မယ်...."

ကူချမ်ချင်းက လူတိုင်းကို တစ်ချက်ကြည့်လိုက်သည်။

လူအချို့၏ မျက်လုံးများက တလက်လက်တောက်ပနေသည်ကို မြင်လျှင် ကူချမ်ချင်း မျက်မှောင် ကြုတ်နေသည်။

သူ ထွက်သွားတော့မည်ကို သိနေသဖြင့် လူအချို့က ဘက်ပြောင်း နေကြပြီလား.....

လူအများစုက နှုတ်ဆိတ် နေကြသည်။ သူတို့ထဲမှ တစ်ဝက်ကျော်က ထောင်ကွမ်ယွီနှင့် ရန်ခွန်တို့ကို ထောက်ခံနေခြင်းသာ ဖြစ်ရမည်။

သူတို့ နှစ်ယောက်လုံးက ချင်ယန်နှင့် ရန်သူများ ဖြစ်နေသည်။

"နန်းတော်မှူး.... သွေးနတ်ဘုရားဂူက နတ်ဆိုးလမ်းစဉ် အင်အားစုပဲ... သူတို့ ပြောတဲ့အတိုင်း တကယ် လုပ်မှာကို ကြောက်မိတယ်..."

"နန်းတော်မှူး.. ဒါက လူတစ်သောင်းရဲ့ အသက်နဲ့ သက်ဆိုင်နေတဲ့ ကိစ္စပါ......."

"သွေးနတ်ဘုရားဂူက ငါတို့ ကျောင်းသားတွေရဲ့ မိသားစုဝင်တွေကို အရင် သတ်မယ်လို့ ပြောထားတယ်။ အချိန်တန်လို့ ကျောင်းသား မိသားစုဝင်တွေ သေဆုံးသွားရင် အကျိုးဆက် တော်တော်လေး ဆိုးသွား ပါလိမ့်မယ်..."

မူလက ကူချမ်ချင်း၏ အမိန့်ကိုသာ လိုက်ကြသည့် အကြီးအကဲများနှင့် ရွှေတံဆိပ်

နည်းပြမျှားက ယခု တစ်ကြိမ်တွင် သူ့ကို ဝင်ပြောလာကြသည်။

ကူချမ်ချင်းက သူ့သမီး ကူချမ်ယင်ကို အလွန်ချစ်ကြောင်း လူတိုင်း သိနေကြပြီး ကူချမ်ချင်းက အဆင့် (၇) ဓမ္မကလေးငယ် အဆင့်ကို တက်လှမ်းရန် အချိန် သိပ်ယူရမည် မဟုတ်ပေ။

ကူချမ်ချင်းက ဓမ္မကလေးငယ် အဆင့်ကို ရောက်သည်နှင့် ချမ်ဂျူး အကယ်ဒမီကို စွန့်ခွာပြီး ကူရှောင်ယင်ကို ဆေးကုသပေးရန် ထွက်ခွာသွားလိမ့်မည်။

ထိုအခါ ချမ်ဂျူး အကယ်ဒမီတွင် ပိုင်ရှင်အသစ် ရှိလာလိမ့်မည်။

ယခုလက်ရှိ၌ ရန်ခွန်နှင့် ထောင်ကွမ်ယွီတို့တွင် နိုင်မဲ့ (၇၀) ရာခိုင်နှုန်း ရှိနေသော်လည်း ဝေ့ဝူရှန်းတွင် တစ်ခုမှ မရှိပေ။

“ဒါဆိုလည်း မဟာသခင်ချင် ပြန်လာတာကို စောင့်ကြမယ်....”

ကူချမ်ချင်းက ဒေါသစိတ်နှင့် ထ ထွက်သွားသည်။

ရန်ခွန်း မျက်နှာပေါ်တွင် အပြုံးပါးပါးလေး ပေါ်လာသည်။

ကူချမ်ချင်းက သူတို့ကို ကြည့်မရလျှင်ပင် ဝေ့ဝူရှန်းကို နန်းတော်မှူး ရာထူးအတွက် ရွေးချယ်မည်ဆိုပါက ချမ်ဂျူး အကယ်ဒမီတွင် အရှုပ်အထွေးများ အလွယ်တကူ ဖြစ်ပေါ်လာနိုင်သောကြောင့် သူနှင့် ထောင်ကွမ်ယွီတို့ နှစ်ယောက်ထဲမှ တစ်ယောက်ကိုသာ ရွေးချယ်ရလိမ့်မည်။

လက်ထောက် နန်းတော်မှူး သုံးယောက်ထဲတွင် ထောင်ကွမ်ယွီက ဘဏ္ဍာရေး အရင်းအမြစ်အပိုင်း သန်မာသည်။ ရန်ခွန်းက အဖွဲ့အင်အား တောင့်တင်းသည်။ ဝေ့ဝူရှန်းက လူကောင်း အဘိုးအို တစ်ယောက်သာ ဖြစ်သည်။

"ဟူး....."

ဝေ့ဝူရှန်းက စိတ်ထဲမှ တိုးတိုးလေး သက်ပြင်းချလိုက်သည်။ ယခုလက်ရှိ အခြေအနေက သူ့အတွက် သိပ် အဆင်မပြေဘူး ဆိုသည်ကို သူလည်း သိနေသည်။

......

ငွေရောင် ဝံပုလွေဘုရင်က တစ်နေ့ကုန် ပျံသန်းလာရင်း လမ်းခရီးတွင် ယွမ်ဟိုင်နယ်ပယ် အဆင့် (၄)မှ အဆင့် (၅) သို့ မြင့်တက်သွားသည်။ ည ဆယ်နာရီ ကျော်လောက်တွင် ချင်ယန်တို့ အဖွဲ့က ချမ်ဂျူး မြို့အနားသို့ ပြန် ရောက်လာကြသည်။

ချင်ယန်က ကြိတ်ပြီး စိတ်သက်သာရာ ရသွားသည်။

အစပိုင်းတွင် လောင်လန်နာနှင့် ဟွာဝမ်ရိုတို့က ဒဏ်ရာ အလွန်ပြင်းထန် နေကြသဖြင့် ချင်ယန်က သူမတို့ နှစ်ယောက် ပြန်လည် ကောင်းမွန်လာစေရန် ဂရုတစိုက် ကုသ ပေးနေခဲ့သည်။ ချင်ယန်က သူမတို့ နှစ်ယောက် အလယ်တွင် ထိုင်နေရသော်လည်း ထို အခြေအနေတွင် အဆင်ပြေ နေသေးသည်။

လွန်ခဲ့သော နှစ်နာရီ အတွင်းတွင် လောင်လန်နာနှင် ဟွာဝမ်ရိုတို့၏ အခြေအနေက

အလွန် ကောင်းမွန်လာပြီး သူမတို့နှစ်ယောက်က ရိုးသားမှု မရှိကြတော့ပေ။

လောင်လန်နာက သူ့ရှေ့တွင် ရှိနေပြီး ဟွာဝမ်ရိုက သူ့နောက်တွင် ရှိနေကာ မိန်းကလေး နှစ်ယောက်လုံးက သူ့ကို တင်းတင်းကြပ်ကြပ် ဖက်ထားကြသည်။

ကျင်ကြုံခြင်းအဆင့် မြင့်လာပြီး ချင်ယန်၏ စိတ်စွမ်းအားက အားကောင်း လာသော်လည်း ယခု အခြေအနေတွင် စိတ်ခံစားချက်ကို ထိန်းချုပ်ရန် အလွန် ခက်ခဲ နေခဲ့သည်။

"ဆင်း... မြန်မြန် ဆင်းတော့...."

ချင်ယန်က ငွေရောင် ဝံပုလွေဘုရင်ထံ အသံပို့လွှတ်ပြီး အမိန့်ပေးလိုက်သည်။ ချင်ယန်က ငွေရောင် ဝံပုလွေဘုရင် အပေါ်မှ အမြန် ခုန်ဆင်းပြီး ခါးဆန့်လိုက်သည်။

လောင်လန်နာနှင့် ဟွာဝမ်ရိုတို့ နှစ်ယောက်လုံးက ပြုံးတုံးတုံး လုပ်နေကြသည်။

ချင်ယန်က မိန်းကလေး နှစ်ယောက်ကို စိတ်ဆိုးနေသော အမူအရာနှင့် တစ်ချက် လှည့်ကြည့်လိုက်သည်။

"လာခဲ့"

ချင်ယန်က ငွေရောင် ဝံပုလွေဘုရင်ကို သိမ်းပြီးသည်နှင့် မြို့တံခါး အနားသို့ လမ်းလျှောက်သွားသည်။

မြို့တံခါးအနား ရောက်လာသည်နှင့် အမျှ မရေမတွက်နိုင်သော လူအုပ်ကြီးကို မြင်လာရသည်။

ချင်ယန်တို့ အဖွဲ့ ရောက်လာသောအခါ အကြည့်များက သူတို့ထံကို ရုတ်တရက် ကျရောက်လာပြီး သူတို့၏ အကြည့်များက အလွန် ထူးဆန်းနေသည်။

ဒေါသထွက် နေကြသည်။

ကိုယ်ချင်း စာနေကြသည်။

သူတစ်ပါး၏ ကံဆိုးမှုအတွက် ပျော်နေကြသည်။

ချင်ယန်က အနည်းငယ် မျက်နှာ ပျက်သွား၏။ အခြေအနေအရ သေချာပေါက် တစ်ခုခု ဖြစ်နေပြီ.....

"မဟာသခင်ချင်.... သွေးနတ်ဘုရား ဂူရဲ့ ခြိမ်းခြောက်မှုကို ဘယ်လို တုံ့ပြန်မှာလဲ.... ချမ်ဂျူး အကယ်ဒမီက ထွက်သွားမှာလား...."

လူတစ်ယောက် ကျယ်လောင်စွာ အော်မေးလိုက်သည်။

"ဟုတ်တယ်... မဟာသခင်ချင်.. ငါတို့ အားလုံးလည်း သိချင်နေတယ်....."

"မဟာသခင်ချင်... သွေးနတ်ဘုရား ဂူက လူတွေကို မင်းသတ်ခဲ့တာ မဟုတ်လား..."

လူတော်တော် များများကလည်း ဝိုင်းပြော နေကြသည်။

ချင်ယန်က ပထမဦးဆုံး စကား စပြောခဲ့သည့် လူငယ်လေးကို လက်ညှိုး ထိုးလိုက်ပြီး.....

"ဒီက မိတ်ဆွေ... ဘာတွေ ဖြစ်နေတာလဲ ဆိုတာကို တစ်ချက်လောက် ပြောပြ ပေးနိုင်မလား...."

ထိုလူငယ်က...

"မဟာသခင်ချင်.... ပြီးခဲ့တဲ့ နေ့ဝက်လောက်က ချမ်ဂျူး အကယ်ဒမီက ကျောင်းသား တစ်ယောက်ကို သွေးနတ်ဘုရားဂူက တန်ခိုးရှင်က စိတ်ညှို့ပြီး မင်းနဲ့ ရှောင်ကျူဝမ်တို့ကို ချမ်ဂျူး အကယ်ဒမီနဲ့

ချမ်ဂျူး မြို့ကနေ မောင်းထုတ် ခိုင်းနေတယ်။ ဒီလို မောင်း မထုတ်ဘူးဆိုရင် မနက်ဖြန်မှာ လူ တစ်သောင်း သေရလိမ့်မယ်....”

“အဲ့ လူတစ်သောင်းကလည်း ချမ်ဂျူး အကယ်ဒမီက ကျောင်းသားတွေရဲ့ မိဘတွေနဲ့ ဆွေမျိုးတွေကို ဦးစားပေးပြီး သတ်မှာ....”

ချင်ယန်၏ မျက်နှာ အမူအရာက ရုတ်တရုတ် ရုပ်ဆိုးသွားသည်။

သွေးနတ်ဘုရားဂူက ညှိနှိုင်းခွင့် မပေးဘဲ အတင်းအကျပ် ဖိအား ပေးနေသည်။

အကယ်၍ သွေးနတ်ဘုရားဂူက ထိုကိစ္စကို တကယ်လုပ်မည် ဆိုပါက သွေးနတ်ဘုရား ဂူအတွက် ဒုက္ခ ဖြစ်သွားလိမ့်မည်။ တာအိုကို ကာကွယ်ရန် နတ်ဆိုးများကို သုတ်သင်သည့် အစွမ်းထက် တန်ခိုးရှင်များလည်း ရှိနေသည်။

သို့သော် သွေးနတ်ဘုရားဂူက ထိုကိစ္စ မလုပ်ရသေးသခင် ချမ်ဂျူး အကယ်ဒမီက သူတို့ကို မောင်းထုတ်လိုက်မည် ဆိုပါက သွေးနတ်ဘုရားဂူ ဘက်တွင် မည်သည့် အမှားမှ ရှိတော့မည် မဟုတ်ပေ။

သို့မဟုတ် သူ့ဘက်မှ အစပြုပြီး နှုတ်ထွက်သွားမည်ဆိုလျှင် သွေးနတ်ဘုရားဂူက မည်သည့် အမှားမှ လုပ်တော့မည် မဟုတ်ပေ။

"မဟာသခင်ချင်.... မင်း ဘယ်လို ရွေးချယ်မှာလဲ....."

"မဟာသခင်ချင်.... ဒီနေ့မှာ မင်းသာ မြန်မြန်ဆန်ဆန် မလုပ်ရင် မနက်ဖြန်ဆို သွေးနတ်ဘုရားဂူက လူတစ်သောင်း သတ်လိမ့်မယ်။ မနက်ဖြန်မှ မထွက်သွားသေးဘူး ဆိုရင်

လူနှစ်သောင်း သတ်လိမ့်မယ်။ နောက်ပိုင်းမှာ လေးသောင်း၊ ရှစ်သောင်း.....”

“မဟာသခင်ချင်၊ ချမ်ဂျူး အကယ်ဒမီက မင်း ထွက်သွားမှာ မဟုတ်လား...”

လူတိုင်းက တစ်ယောက် တစ်ပေါက် ပြောဆိုနေကြသည်။

ချင်ယန် လူတိုင်းကို တစ်ချက် ကြည့်လိုက်သည်။ ထိုလူများကို ထောင်မိသားစုနှင့် ရန်မိသားစုမှ စီစဉ်ထားခြင်းသာ ဖြစ်လိမ့်မည်။

ထိုကိစ္စကို ဉာဏ်မျှ ပွထအောင် လုပ်ထားသဖြင့် သူ့ဘက်က ရှောင်လွဲ၍ မရတော့ပေ။

အကယ်၍ လွှတ်ထားလိုက်ပါက အချိန်တန်၍ သေွးနတ်ဘုရားဂူ ဘက်မှ စတင်လှုပ်ရှား လိုက်သည်နှင့် ကိုင်တွယ်ရန် ပိုလွယ် လာလိမ့်မည်။

ယခုမူ သူသာ မထွက်သွားပါက လူ တစ်သောင်းကျော် တစ်ကယ် သေသွားလိမ့်မည်။ ထိုအထဲတွင် ချမ်ဂျူး အကယ်ဒမီ ကျောင်းသား တော်တော်များများနှင့် ပက်သက်နေသည့် မိဘများ၊ ဆွေးမျိုးများ ပါဝင်နေလိမ့်မည်။ ထိုအခါ သူတို့က

ချမ်ဂျူး အကယ်ဒမီတွင် မည်သည့် မျက်နှာနှင့် ဆက်နေရမည်နည်း....

"အရမ်း ရက်စက်တာပဲ... ငါတို့ကို နောက်ဆုတ်ဖို့ အခွင့်အရေးတောင် မပေးထားဘူး..."

ချင်ယန်က အံကြိတ်ပြီး ရေရွတ်လိုက်သည်။

အကယ်၍ ယခု တစ်ကြိမ်တွင် သူတို့၏ ကျင့်ကြံခြင်း အဆင့်သာ မတိုးတက်လာပါက ပြဿနာကြီး တစ်ခု ဖြစ်လာလိမ့်မည်။

အချိန်တန်၍ ချမ်ဂျူး အကယ်ဒမီနှင့် ချမ်ဂျူးမြို့မှ ထွက်သွားသည်နှင့် ရှောင်မိသားစုနှင့် သွေးနတ်ဘုရားဂူမှ တန်ခိုးရှင်များကို သူက ကိုင်တွယ် ဖြေရှင်း နိုင်ပါ့မည်လော....

သေချာသည်မှာ ချမ်ဂျူး အကယ်ဒမီမှ ထွက်သွားလျှင်ပင် ဒုက္ခ မသေးပေ။

အထူးသဖြင့် သွေးနတ်ဘုရားဂူမှ စေလွှတ်လိုက်သော တန်ခိုးရှင်များကြောင့် ဒုက္ခ သာမက သေဘေးနှင့်ပင် ရင်ဆိုင် ရလိမ့်မည်။

သွေးနတ်ဘုရားဂူ၏ ဂူသခင်ကြီးက အဆင့် (၇) ဓမ္မကလေးငယ် အဆင့် တန်ခိုးရှင် တစ်ယောက် ဖြစ်နေသည်။

ဓမ္မကလေးငယ် အဆင့်နှင့် ယွမ်ဒန်နယ်ပယ် အဆင့် (၉) ကြားတွင် ကြီးမားသော ကွာဟချက်ကြီး ရှိနေသည်။

ဂူသခင်ကြီး ကိုယ်တိုင် မလှုပ်ရှားလျှင်ပင် ဂူသခင် (၂) ရောက်လာနိုင်သည်။ ထိုအခါ ရန်သူ၏ အင်အားက တောင့်တင်းလာပြီး ဘေးအန္တရာယ် ပိုများ လာလိမ့်မည်။ ယခုလက်ရှိ သွေးနတ်ဘုရားဂူ....

ဂူသခင် (၂) ၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဒန်နယ်ပယ် အဆင့် (၈) ဖြစ်နိုင်သည်ဟု ခန့်မှန်းရသည်။

"ကြည့်ရတာ ကူချမ်ယင်ကို ဆေးကုသမှပဲ ဖြစ်တော့မယ်..."

ချင်ယန်၏ မျက်လုံးများက တောက်ပလာသည်။ အကယ်၍ ကူချမ်ယင်သာ သက်သာသွားမည်ဆိုပါက နန်းတော်မှူး ဖြစ်ချင်နေသော ရန်ခွန်နှင့် ထောင်ကွမ်ယွီတို့၏ စိတ်ကူးက အိပ်မက်သာ ဖြစ်သွားလိမ့်မည်။

ထို့အပြင် ကူချမ်ယင်က ကူချမ်ချင်း၏ နှလုံးသား အနှောင်အထုံး တစ်ခု ဖြစ်နေသည်။ ကူချမ်ယင်၏ ရောဂါက သက်သာ ပျောက်ကွင်းသွားပါက ကူချမ်ချင်းက ခမ္မကလေးငယ် အဆင့်ကို မြန်မြန်ဆန်ဆန် တက်လှမ်း သွားဖွယ် ရှိသည်။

ကူချမ်ချင်း အဆင့် မတက်သွားလျှင်ပင် ကူချမ်ယင်ကို ကုသပေးပြီး ရောဂါ ပျောက်ကင်း သွားသရွေ့ ကူချမ်ချင်းက သူ့ကို အလွန် ကျေးဇူးတင်ပြီး မကူညီနိုင် ပေဘူးလော.....

## အခန်း(၂၉၆) - ကူချမ်ချင်းနှင့် တွေ့ဆုံခြင်း..

"မိသားစု ခေါင်းဆောင်.. ချင်ယန် ပြန်ရောက်လာပြီ..."

ရန်မိသားစုတွင် ရန်ခွန်က ထိုသတင်းကို ရရှိလိုက်သည်။

"ပြန်ရောက်လာပြီလား..... အကောင်းတိုင်းပဲလား...... ဒဏ်ရာတွေ ဘာတွေ မရလာဘူးလား..."

"မိသားစု ခေါင်းဆောင်.... ကြည့်ရတာတော့ ဘာဒဏ်ရာမှ မရှိပါဘူး...."

ရန်ခွန် အနည်းငယ် ခေါင်းရှုပ်သွားသည်။

'ထောင်ကွမ်ယွီက အပြင် ထွက်သွားပြီး ချင်ယန်ကို သွားကိုင်တွယ်တာ မဟုတ်ဘူးလား....'

ထောင်ကွမ်ယွီတို့ အဖွဲ့ ပြန်မလာသေးသော်လည်း ချင်ယန်တို့ အဖွဲ့က ပြန်ရောက်လာခဲ့ပြီ.....

"ငါတို့ စီစဉ်ထားတဲ့ လူတွေက ချင်ယန်ကို ဝိုင်းပြောကြလား...."

"စိတ်မပူပါနဲ့... မိသားစု ခေါင်းဆောင်.... ငါတို့ စီစဉ်ထားတဲ့ လူတွေက အခြေအနေတွေကို ထင်သာမြင်သာ ရှိအောင် မီးမောင်း ထိုးပြနေပြီး ချင်ယန်တို့ အဖွဲ့ကို နောက်လှည့်လို့ မရအောင် ဖိအား ပေးနေပါတယ်...."

ရန်ခွန်က ခေါင်းညိတ်လိုက်သည်။ ယခု အခြေအနေ ဆိုလျှင် ချင်ယန်က အသက်ရှင်လျက် ပြန်လာလည်း ကိစ္စမရှိပေ။ ချင်ယန်က

အခက်အခဲကို ကိုင်တွယ်နိုင်မည်ဟု သူ မယုံကြည်ပေ။

သွေးနတ်ဘုရားဂူမှ လူအများ၏ အသက်နှင့် ခြိမ်းခြောက်ထားခြင်း ဖြစ်သည်။ ချင်ယန် အတွက် အသင့်တော်ဆုံး ရွေးချယ်မှုမှာ ချမ်ဂျူး အကယ်ဒမီမှ ထွက်သွားရန် သူ့ဘက်မှ အစပြုခြင်းသာ ရှိတော့သည်။

......

ချင်ယန်က ချမ်ဂျူးမြို့ထဲ ဝင်လာပြီးနောက် ချမ်ဂျူး အကယ်ဒမီသို့ တန်း သွားလိုက်သည်။

လမ်းတစ်လျှောက်တွင် လူ အများအပြားက ချင်ယန်ကို ဝိုင်း ကြည့်နေကြသည်။

ချင်ယန်တို့ ချမ်ဂျူး အကယ်ဒမီ အပေါက်ဝသို့ ရောက်သောအခါ စုဝေးနေကြသော ထောင်နှင့်ချီသည့် လူအုပ်ကြီးကို မြင်လိုက်ရသည်။

"နည်းပြချင်.. ဒါက မင်းကိုယ်တိုင် ရှာတဲ့ ပြဿနာပဲ... မင်း ပြဿနာကို မင်းဘာသာမင်း ရှင်း.... ငါတို့ကို မထိခိုက်စေနဲ့..."

"နည်းပြချင်... ဒါက လူပေါင်းများစွာရဲ့ အသက်နဲ့ သက်ဆိုင်နေတယ်... မင်းက ချမ်ဂျူး အကယ်ဒမီက ထွက်သွားမှာ မဟုတ်လား..."

"နည်းပြချင်...."

လူတော်တော် များများက အော်ဟစ်နေကြသည်။ ထိုလူအုပ်ထဲတွင် လဲ့ပင်း၊ လဲ့ချီရွှမ်နှင့် အခြားလူများလည်း ရှိနေပြီး သူတို့လည်း အော်ဟစ်နေကြသည်။

လဲ့ပင်းနှင့် လဲ့ချီရွှမ်တို့၏ စိတ်ထဲတွင် အလွန် ပျော်ရွှင် နေကြသည်။

"သခင်လေး...."

ရှောင်ကျူဝမ်နှင့် အခြားလူများလည်း အမြန်ရောက်လာကြသည်။

လောင်လန်နာနှင့် ဟွာဝမ်ရိုတို့က မျက်နှာကို ဇဝါနှင့် အုပ်ထားသော်လည်း ပြောင်းလဲသောသူမတို့၏ ခန္ဓာကိုယ် ကောက်ကြောင်းကို မြင်နေရပြီး လဲ့ပင်း၏ မျက်လုံးများက တောက်ပလာသည်။ လဲ့ပင်းနှင့် အခြားသူများက သူမတို့၏ ရုပ်ရည်ကို မမြင်ရသော်လည်း

ရှောင်ကျူဝမ်နှင့် အခြားလူများ၏ ရုပ်ရည်ကို ကောင်းကောင်း မြင်နေရသည်။

"ချင်ယန်၊ ရှောင်ကျူဝမ်နဲ့ အခြားသူတွေက မင်းနဲ့အတူတူ သေရမယ်လို့ စိတ်ထဲ ခံယူထားတာလား... သူတို့ကို ဒီအိမ်ရှေ့ မင်းသားဆီ ပို့လိုက်တာ ပိုကောင်းမယ်... ဒီအိမ်ရှေ့မင်းသားက သူတို့ရဲ့ ဘေးကင်းလုံခြုံမှုကို အာမခံတယ်..."

လဲ့ပင်းက အသံမြင့်ပြီး အော်ဟစ်လိုက်သည်။

ချင်ယန်က ရှောင်ကျူဝမ်တို့ကို သူ့လက်ထဲ ပေးလိုက်မည် ဆိုပါက သွေးနတ်ဘုရားဂူက သူ့ကို

မျက်နှာသာ ပေးလိမ့်မည်ဟု လဲ့ပင်းက မိုးကြိုးဖုံး အင်ပါယာ၏ အိမ်ရှေ့ မင်းသား တစ်ယောက်အနေနှင့် ယုံကြည်မှု ရှိနေသည်။

“အိမ်ရှေ့မင်းသား လဲ့ပင်း… ဘာဖြစ်လို့ ငါ့ကို တစ်ယောက် မပေးရတာလဲ….. ဒီသခင်လေးကလည်း အိမ်ရှေ့မင်းသားရဲ့ ဖိအားကို မျှဝေပြီး ယူပေးပါ့မယ်….”

အဖြူရောင် ဝတ်ထားသော လူငယ် တစ်ယောက်က ပြုံးပြီး ပြောလိုက်သည်။ သူကလည်း ကြယ်ငါးပွင့် အင်အားစု၏

အရေးပါသော လူတစ်ယောက်မှ ဆင်းသက်လာခြင်း ဖြစ်သည်။

"လေးယောက် ရှိတယ်။ ဒီသခင်လေးကိုလည်း တစ်ယောက် ပေးလို့ရတယ် မဟုတ်လား......"

လူတစ်ယောက်က ပြောလိုက်သည်။ ဒီလူက ကြယ်ငါးပွင့် အင်အားစုမှ မဟုတ်သော်လည်း သူ့အဘိုးက အလွန် သန်မာပြီး ယွမ်ဟိုင်နယ်ပယ် အဆင့် (၉) ရှိကာ ယွမ်ဒန် နယ်ပယ် တက်လှမ်းရန် အလားအလာ များနေသူ ဖြစ်သည်။

လဲ့ချီရွမ်က ကျယ်လောင်စွာ ရယ်မောလိုက်ပြီး....

"အစ်ကိုကြီး... ငါ့ကို တစ်ယောက်လောက် မျှပေး......"

လွဲ့ပင်းက တစ်ချက် ပြုံးလိုက်ပြီး ပေါ့ပေါ့ပါးပါး လေသံနှင့်......

"ဒါဆိုလည်း ဒီလို လုပ်ကြတာပေါ့..... လေးယောက်ကို တစ်ယောက်စီ ခွဲယူလိုက်မယ်.. .. ငါက ရှောင်ကျူဝမ်ကို ယူမယ်... ကျန်တာ မင်းတို့ဘာသာ မင်းတို့ ခွဲယူလိုက်..."

"ငါက ရှန်းယုလင်း..."

"ငါက ဝေ့ရှစ်ယွင်ကို ရွေးထားပြီးပြီ...."

"ဒါဆို ငါ့မှာ ရှောင်ကျူယင်ပဲ ကျန်တော့တယ်..."

လဲ့ချီရွှမ်နှင့် အခြားလူ သုံးယောက်က ရယ်မောရင်း ပြောဆို နေကြသည်။

ရှောင်ကျူဝမ်နှင့် အခြားလူများက အလွန် ဒေါသ ထွက်နေကြပြီး ချင်ယန်၏ မျက်နှာ အမူအရာကလည်း ဒယ်အိုးဖင် ကဲ့သို့ မည်းမှောင်နေသည်။

'မင်းအဖေက ဒီမှာ ရပ်နေသေးတယ်... သေပြီလို့ ထင်နေကြတာလား...'

"မင်းတို့တွေ မနှောက်ယှက်နဲ့တော့...."

ချင်ယန်က အေးစက်စွာ ပြောလိုက်သည်။

လဲ့ပင်းက ပေါ့ပေါ့ပါးပါး လေသံနှင့်....

"ချင်ယန်...... သူတို့ နှင်ထုတ် ခံရတော့မယ် ဆိုတာ မင်း သိထားသင့်တယ်။ သာမန် အင်အားစုတွေက သူတို့ကို မကာကွယ် ပေးနိုင်ဘူး... မင်းသေသွားရင် သူတို့ကိုလည်း

မင်းနဲ့အတူ သင်္ကြိုလ် စေချင်လို့လား.... မင်းက ဒီလို ဖြစ်ချင်ရင်တောင် ငါက လက်မခံနိုင်ဘူး...."

ရှောင်ကျူဝမ်က အေးစက်သော လေသံနှင့်......

"အိမ်ရှေ့မင်းသား လဲ့ပင်း...... ဒါဆိုရင် မင်းမှားနေပြီ..... ချင်ယန် သေသွားရင် ငါကလည်း သူနဲ့အတူ လိုက်သေမှာ...."

"ငါလည်း ပါတယ်...."

ရှန်ယုလင်းနှင့် အခြားလူများက တစ်လေသံတည်း ပြောလိုက်ကြသည်။

ပတ်ဝန်းကျင်မှ လူများသည် ရှောင်ကျူဝမ်နှင့် အခြား မိန်းကလေးများကို တအံ့တသြ လှမ်းကြည့် နေကြသည်။ ချင်ယန်က သူ့တို့ကို ဥက်ပျောသီး မည်မျှ ကျွေးထား၍ ချင်ယန် သေသည်နှင့် လိုက်သေမည်ဟု တကျက်တကျက်ကြွကြွ ပြောနေရသနည်း..... အဘယ်ကြောင့် အတူတူ လိုက်သေချင်နေ ရသနည်း.....

ချင်ယန်က ခံစားသွားရပြီး ရှောင်ကျူဝမ်နှင့် အခြားလူများကို လှမ်းကြည့် လိုက်သည်။ ယခု တစ်ကြိမ်တွင် သူ့ ကျင့်ကြံခြင်းအဆင့်က မည်မျှ

တိုးတက်လာလည်း ဆိုသည်ကို သူမတို့ မသိကြပေ။ ယခင် ခွန်အားအတိုင်း ဆိုပါက သူတို့ သေဆုံးနိုင်ခြေ မြင့်မားနေသည်။

အခြားတစ်နည်း ပြောရမည် ဆိုလျှင် ရှောင်ကျူဝမ်နှင့် အခြားသူများက သူနှင့် အတူတူ လိုက်သေချင်စိတ် ရှိနေကြသည်။

ရှောင်ကျူယင် မှလွဲ၍ ရှောင်ကျူဝမ်နှင့် အခြားလူများက သခင်နှင့်ကျေးကျွန် စာချုပ် ချုပ်ဆို ထားကြသည်။ သို့သော်လည်း သူနှင့် အတူတူ လိုက်သေရန် အတင်းအကျပ် မလုပ်ထားခဲ့ပေ။

အစပိုင်းတွင် ချင်ယန်နှင့် ရှန်းယုလင်းတို့က သခင်နှင့်ကျေးကျွန် စာချုပ် ချုပ်ဆို ထားကြသည်။ ထိုစာချုပ်အရ ချင်ယန် သေဆုံးလျှင် ရှန်းယုလင်းလည်း သေဆုံး သွားလိမ့်မည်။ နောက်ပိုင်းတွင် ထပ်မံ ချုပ်ဆိုခဲ့သော စာချုပ်ထဲ၌ ထိုကဲ့သို့ လိုအပ်ချက်မျိုး မပါတော့အောင် ချင်ယန်က ပြန်လည် ပြင်ဆင်ခဲ့သည်။

အချိန် အတော်ကြာအောင် ပေါင်းသင်း ဆက်ဆံပြီးနောက် ခံစားချက်များ ခိုင်မာလာသောအခါ ချင်ယန်က သူ

သေဆုံးသွားသည်နှင့် ရှန်းယုလင်းနှင့် အခြားသူများကို သူနှင့်အတူတူ မည်ကဲ့သို့ ဆွဲခေါ် သွားနိုင်တော့မည်နည်း.....

ယခုလက်ရှိ စာချုပ်၏ စွမ်းအားက ချင်ယန် အသက်ရှင် နေသည့်အချိန်တွင် ရှောင်ကျူဝမ်နှင့် အခြားလူများက သူ့ကို သစ္စာမဖောက်အောင် အာမ ခံပေးနိုင်သည်။ သို့သော် ချင်ယန် သေဆုံးသွားပါက စာချုပ်က အလိုလို ပျက်ပြယ် သွားလိမ့်မည်။

“မင်းက ဒီအိမ်ရှေ့ မင်းသားရဲ့ ကိုယ်လုပ်တော် ဖြစ်ရဖို့ထက် ပို သေချင်နေတာလား....”

လဲ့ပင်းက ရုပ်ဆိုးနေသော မျက်နှာ အမူအရာနှင့် မေးလိုက်သည်။ ယခု လက်ရှိတွင် လူတော်တော်များများ ကြည့်နေသဖြင့် အရှက် ဖြန်းဖြန်း ကွဲနေသည်။

"ဟုတ်တယ်…."

ရှောင်ကျူ့ဝမ်က ပြတ်ပြတ်သားသား ပြန် ဖြေလိုက်သည်။

ဖြောင်း….

ဒါက ပါးဖြတ်ရိုက်ခြင်းနှင့် ညီမျှသည်။

လွဲပင်း၏ စိတ်ထဲတွင် ဒေါသစိတ်များ ဗလောင်ဆူနေသည်။

"ကောင်းတယ်... ကောင်းတယ်..."

လွဲပင်းက ကောက်ကျစ်စွာ ပြုံးလိုက်ပြီး.....

"ရှောင်ကျူယင်... မင်း သေသွားတဲ့ အခါကျရင် မင်းခန္ဓာကိုယ်က တောင့်တင်းသွားမလား ဆိုတာ ဒီအိမ်ရှေ့ မင်းသားက လှန်ကြည့်အုံးမယ်...."

"ရှန်းယုလင်း... မင်းရဲ့ ရှန်းမိသားစုကို ပြန်စဉ်းစားပါ...."

"ဝေ့ရှစ်ယွင်.. ဒီသခင်လေးက မင်းကို လက်ထပ်မှာပါ.... အဲ့အချိန်ကျရင် မင်းတို့ ဝေ့မိသားစုက ပိုပြီး ကောင်းစား လာလိမ့်မယ်...."

ကျန်သည့် နှစ်ယောက်က ရှန်ယုလင်းနှင့် အခြားသူများကို စည်းရုံးကျသော်လည်း တူညီသည့် အဖြေကိုသာ ပြန်ရခဲ့ကြသည်။

"မင်းတို့ကောင်တွေ ဒီမှာ ဘာလုပ် နေတာလဲ..."

ဝေ့ဝူရှန်း၏ ဒေါသတကြီး အော်ဟစ်သံက ထွက်ပေါ်လာသည်။ သူ့မျက်နှာ အမူအရာက မည်းမှောင် နေသည်။

အချိန်တန်၍ ချင်ယန်က ချမ်ဂျူး အကယ်ဒမီမှ ထွက်သွားလျှင်ပင် ချမ်ဂျူး အကယ်ဒမီ၏ မျက်နှာက ထိခိုက်သွားလိမ့်မည်။ ယခုမူ ချင်ယန်က မထွက်သွားရသေးခင် ချမ်ဂျူး အကယ်ဒမီ ရှေ့တွင် ဆူညံ ပွက်လောရိုက်နေသည်။ ချမ်ဂျူး အကယ်ဒမီကို ဤမျှ အရှက်ခွဲ နိုင်သည်ဟု ထင်နေကြသည်လော......

လူတိုင်း ချက်ချင်း လူစု ခွဲသွားကြသည်။

လက်ထောက် နန်းတော်မှူး ဝေ့ဝူရှန်းနှင့် တော်တော်လေး စကားပြော ကောင်းခဲ့သည်။

"မဟာသခင်ချင်... နန်းတော်မှူးက တစ်ချက်လောက် လာခဲ့ပေး ပါအုံးတဲ့..."

ဝေ့ဂူရှန်းက အနည်းငယ် စိတ်ရှုပ်ထွေးနေသော မျက်နှာ အမူအရာနှင့် ပြောလိုက်သည်။

ချင်ယန်က ထောင်ကွမ်ယွီ၊ ရန်ခွန်တို့နှင့် သဘောထား ကွဲလွဲနေသော်လည်း ချမ်ဂျူး အကယ်ဒမီတွင် ဆက်လက် နေထိုင်ပြီး ကောင်းကောင်းမွန်မွန် ကြီးပြင်း လာလိမ့်မည်ဟု မျှော်လင့်ထားခဲ့သည်။

ယခုလက်ရှိ အခြေအနေတွင် ချင်ယန်က ကောင်းကောင်းမွန်မွန် မကြီးပြင်း နိုင်တော့မည်ကို စိုးရိမ် နေမိသည်။

“ကျေးဇူး အများကြီး တင်ပါတယ်... လက်ထောက် နန်းတော်မှူးဝေ့....”

ချင်ယန်က ခေါင်းညိတ်လိုက်သည်။

“လောင်လန်နာ... မင်းတို့က အိမ်ကို အရင် ပြန်နှင့်.. စီနီယာအစ်မ.. မင်းတို့လည်း ပြန်လိုက်သွားလိုက်.....”

ချင်ယန်က စကား ပြောပြီးနောက် ဝေ့ဝူရှန်းနှင့် အတူ ထွက်ခွာသွားသည်။

သိပ်မကြာခင် ချင်ယန်က ကူချမ်ချင်း၏ အိမ်သို့ ရောက်ရှိလာသည်။ ကူချမ်ချင်းက ချင်ယန်ကို လျှော်ကြေးပေးသည့် အနေဖြင့် ချင်ယန်နှင့် သီးသန့် စကားပြောရန် စီစဉ်ထားခြင်း ဖြစ်သည်။

"နန်းတော်မှူး....."

ချင်ယန်နှင့် ဝေ့ဝူရှန်းတို့က အရိုအသေ ပေးလိုက်သည်။

ကူချမ်ချင်းက ခေါင်းညိတ်လိုက်ပြီး ထိုင်ကြရန် ပေါ့ပေါ့ပါးပါး လက်ဟန် အမူအရာ ပြလိုက်သည်။

ဤနေရာတွင် ချင်ယန်တို့ သုံးယောက်သာ ရှိသည်။

ရှန်ခွန် မရှိပေ။ ထောင်ကွမ်ယွီက ပြန်မရောက်သေးချေ။

ကူချမ်ချင်းက ချင်ယန်နှင့် ရန်ခွန်တို့ နှစ်ယောက် စကားထများကြမည်ကို စိုးရိမ်ပြီး ရန်ခွန်းကို မခေါ်ထားခဲ့ပေ။

"မဟာသခင်ချင်... မင်းလည်း သိပြီးပြီဆိုတော့ မင်းအတွေးက ဘယ်လိုလဲ မသိဘူး...."

ကူချမ်ချင်းက ဖြည်းဖြည်းခြင်း ပြောလိုက်သည်။

ချင်ယန်က တည်ငြိမ်သော လေသံနှင့်....

"နန်တော်မှူး.... ချမ်ဂျူး အကယ်ဒမီအတွက် ဘယ်လို ဆုံးဖြတ်ချက်မျိုး ချခဲ့လဲ...."

ဝေ့ဝူရှန်းက အနည်းငယ် သက်ပြင်း ချလိုက်ပြီး....

“မဟာသခင်ချင်.. အစည်းအဝေး တစ်ခု လုပ်ခဲ့တယ်။ အစည်းအဝေးမှာ နန်းတော်မှူးတွေ၊ အကြီးအကဲတွေနဲ့ ရွှေတံဆိပ် နည်းပြတွေ တက်ခဲ့တယ်။ နန်းတော်မှူးက ဘွဲ့ရ ကျောင်းသားတွေကို ပြန်ခေါ်ပြီး သွေးနတ်ဘုရား ဂူကို ခုခံဖို့ ပြောခဲ့ပေမဲ့ အများစုက ကန့်ကွက် နေကြတယ်….”

ကူချမ်ချင်းက ကိုယ့်ကိုယ်ကိုယ် အပြစ် တင်နေသော အမူအရာနှင့် ကြည့်နေသည်။

သူ မထွက်သွားခင် လက်ဖက်ရည်က အေးနေခဲ့ပြီ.....

“မဟာသခင်ချင်... တကယ်လို့ မင်းထွက်သွားမယ် ဆိုရင် ဒီအဘိုးအိုက မင်းကို ပစ္စည်းကောင်းတွေ ပေးလိုက်မယ်... ချမ်ဂျူးမြို့ကနေလည်း လိုက်ပို့ပေးမယ်။ မင်း ဘယ်လိုထင်လဲ။ ဒါဆိုရင် ချမ်ဂျူးမြို့က ထွက်သွားဖို့ ဘာပြဿနာမှ ရှိတော့မှာ မဟုတ်ဘူး.....”

ကူချမ်ချင်းက ထိုကဲ့သို့ မပြောချင်သော်လည်း ပါးစပ်မှ ထုတ်ပြောလိုက်သည်။

ယခုကိစ္စ လူအများ၏ အသက် သေဆုံးမှုနှင့် ပက်သက်နေသည်။ ဒါကလည်း နန်တော်မှူး တစ်ယောက်၏ တာဝန်ခံမှု အပိုင်း ဖြစ်နေသည်။

ချင်ယန်က ကူချမ်ချင်းကို ကြည့်လိုက်သည်။ ကူချမ်ချင်းက ဤမျှ လုပ်ပေးလျှင်ပင် သူ့အပေါ် အလွန်ကောင်းနေပြီ ဖြစ်သည်။ ထို့အပြင် သူက ချမ်ဂျူး အကယ်ဒမီနှင့် လက်တွဲခဲ့သော်လည်း ချမ်ဂျူး အကယ်ဒမီအတွက် ပါဝင်ကူညီခြင်း မရှိခဲ့သေးပေ။

"နန်းတော်မှူးကူ... ကျေးဇူး အများကြီး တင်ပါတယ်..."

"နန်းတော်မှူးကူ... ငါ မထွက်သွားခင်... ကျူချမ်ယင်ရဲ့ အခြေအနေကို တစ်ချက်လောက် ကြည့်ပါစေ။ ငါ ကူညီ ပေးနိုင်လောက်တယ်.. တကယ်လို့ ငါထွက်သွားရင် နောက်တစ်ကြိမ် ဘယ်အချိန်လောက်မှ ပြန်ရောက်လာမလဲ ဆိုတာ မသိနိုင်ဘူး....."

ချင်ယန်က ပြောလိုက်သည်။

ကူချမ်ချင်းက အနည်းငယ် မျက်မှောင်ကြုတ်သွားသော်လည်း အဆုံးတွင် ခေါင်းညိတ်ပြလိုက်သည်။

ချင်ယန်က အလွန် ကြင်နာနေသည်။ ချမ်ဂျူး အကယ်ဒမီမှ ချင်ယန် ထွက်သွားမည် ဆိုပါက သေဆုံးနိုင်ဖွယ် ရှိသည်ဟု ခန့်မှန်းထားသည်။

သွေးနတ်ဘုရားဂူက ချင်ယန်အတွက် ဤမျှကြီးမားသော ရင်းနှီးမှုကြီး လုပ်ထားသဖြင့် ချင်ယန်ကို မည်ကဲ့သို့ အသက်ရှင်ခွင့်ပေးမည်နည်း.....

သွေးနတ်ဘုရားဂူက ဂူသခင် (၂) ကို စေလွှတ်လာနိုင်သည်။

ဂူသခင် (၂) အောင်ယန်လင်းက ဟန်ဝမ်ထန်ထက် အများကြီး ပို အစွမ်းထက်သည်။

"နန်းတော်မှူး... ဒါဆိုရင် ငါ အရင်သွားနှင့်တော့မယ်....."

ဝေ့ဂူရှန်းက မနေချင်တော့သဖြင့် မတ်တပ်ထရပ်ရင်း ပြောလိုက်သည်။

ကူချမ်ချင်းက သူ့သမီးလေး မလှုပ်မယှက် လှဲလျောင်းနေသည့်ကို မြင်ရတိုင်း စိတ်အခြေအနေ မကောင်းတတ်ပေ။

“အင်း…”

ကူချမ်ချင်းက ဖြည်းဖြည်းလေး ခေါင်းညိတ်လိုက်လျှင် ဝေ့ဝူရှန်းက ကမန်းကတန်း ထွက်ခွာ သွားသွားသည်။

“မဟာသခင်ချင်.. ငါနဲ့ လိုက်ခဲ့ပါ…”

ကူချမ်ချင်းက မည်သည့် မျှော်လင့်ချက်မှ မထားဘဲ သူ့ အမူအရာက အေးစက်နေသည်။

## အခန်း(၂၉၇) - ကူချမ်ယင်ကို ကုသပေးခြင်း...

ကူချမ်ချင်းက ဦးဆောင်ပြီး သွားနေသည်။ နောက်ဆုံး၌ ခုနှစ်မိနစ်၊ ရှစ်မိနစ်ခန့် ကြာပြီးနောက် ချင်ယန်က လျှို့ဝှက် အခန်းတစ်ခုထဲ ဝင်လာခဲ့သည်။

ထို လျှို့ဝှက် အခန်းက ရေခဲများ၊ နှင်းများ ကမ္ဘာနှင့် တူနေသည်။ သလင်းကျောက်ကဲ့သို့ တောက်ပနေသည့် မြက်ပင် အမြောက်အများလည်း

ရှိနေသည်။ လှျို့ဝှက်ခန်း၏ အလယ်တွင် လှျို့ဝှက်ဆန်းကြယ်သော ရေခဲတုံးကြီး တစ်ခု ရှိနေသည်။

ထိုရေခဲ ကုတင်ပေါ်တွင် ကူချမ်ယင်က ငြိမ်သက်စွာ လဲလျောင်းနေသည်။ သူမ လဲလျောင်းနေသည်မှာ နှစ် (၂၀) ရှိနေပြီ ဖြစ်သော်လည်း သူမက မျက်နှာက (၁၈) နှစ် အရွယ်သာ ရှိနေသေးသည်။

"ရေခဲ မြက်.."

ချင်ယန်က အမှန်တကယ် အံ့အော သင့်သွားသည်။ ထိုမြက်က ဈေးမကြီးသော်လည်း အလွန် အက်ကွဲလွယ်သည်။

ကူချမ်ချင်းက အရေးမစိုက်သော လေသံနှင့်....

"မဟာသခင်ချင်က ရေခဲမြက်ကို သိနေမှာတော့ ရေခဲမြက်ရဲ့ လက္ခဏာကိုလည်း သိမှာပေါ့။ လျှို့ဝှက်အခန်း တံခါး တစ်ခါဖွင့်တိုင်း ရေခဲမြက်တွေ အများကြီး သေတယ်...."

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။

ရေခဲမြက်က ကူချမ်ယင်ကဲ့သို့ ကိုမာဝင်နေသည့် လူများအတွက် အလွန်ကောင်းမွန်သော်လည်း အလွန် အက်ကွဲလွယ်သည်။ ကူချမ်ချင်းက ချမ်ဂျူး အကယ်ဒမီ၏ ခေါင်းဆောင်ဖြစ်နေ၍ ဒီနေရာတွင် ထိန်းသိမ်း ထားနိုင်ခြင်းဖြစ်သည်။ ထိုကဲ့သို့ မဟုတ်ပါက ရေခဲမြက်ကို ဒီနေရာအထိ ရွှေ့ပြောင်းရန် လွယ်ကူမည် မဟုတ်ပေ။

"နန်းတော်မှူးကူက သမီးကို တော်တော်လေး ချစ်တာပဲ...."

ကူချမ်ချင်းက နှုတ်ဆိတ်နေသည်။

သူ့မိန်းမ ဆုံးပါးသွားကတည်းက သူ့ထံတွင် ဒီကလေး ကူချမ်ယင်င် တစ်ယောက်တည်းသာ ရှိခဲ့သည်။

“နန်းတော်မှူးကူ.... ကူရှောင်ယင်ရဲ့ အခြေအနေကို တစ်ချက်လောက် ကြည့်ပါရစေ”

ချင်ယန်က ရေခဲကုတင်း အနားကပ်သွားပြီး စိတ်ထဲ တိတ်တိတ်လေး ချီးကျူးလိုက်သည်။ ကူချမ်ချင်း၏ ရုပ်ရည်က သာမန်သာ

ဖြစ်သော်လည်း သူ့သမီး ကူချမ်ယင်က သူ့အမေနှင့်တူပြီး အလွန် လှပနေသည်။

ချင်ယန်က ကူချမ်ယင်ကို မည်ကဲ့သို့ ကုသပေးလျှင် ကောင်းမလဲ အချိန်အကြာကြီး ကတည်းက စဉ်းစားလာခဲ့သဖြင့် ကူရှောင်ယင်ကို တစ်ချက်ကြည့်လိုက်ရုံနှင့် သူမ ပြဿနာကို သိနေခဲ့သည်။

သို့သော် ကုသမည့် အစီအစဉ်ကို ထည့်သွင်း စဉ်းစားရန် လိုအပ် နေသေးသည်။

ချင်ယန်၏ နည်းလမ်းက မကောင်းခြင်း မဟုတ်ပေ။ သူ့လက်ထဲတွင် ရှိနေသော အရင်းအမြစ်က အကန့်အသတ် ရှိနေခြင်း ဖြစ်သည်။

ယွမ်ဟိုင်နယ်ပယ် အဆင့် (၅) ကျင့်ကြံခြင်း အဆင့်ကြောင့် ချင်ယန်၏ ယခုလက်ရှိ ဆေးတာအို စွမ်းရည်က အဆင့် (၇) သို့ ရောက်နေပြီ ဖြစ်သည်။ သူ့လက်ထဲတွင် ကုန်ကြမ်း ပစ္စည်းများ ရှိနေသရွေ့ အဆင့် (၇) ဆေးလုံးများကို သန့်စင်နိုင်သည်။ ချင်ယန်က ဆေးတာအို စွမ်းရည်က အဆင့် (၇)

ဆေးဆရာ အများစုထက် ကျော်လွန်နေသည်မှာ သေချာသည်။

ချင်ယန်၏ ထိုးထွင်း သိမြင်မှုအရ ဆိုလျှင် အဆင့် (၉) ဆေးဆရာများကိုပင် ရိုက်သတ်နိုင်သည်။

“မဟာသခင်ချင်.. မင်း မမြင်နိုင်ဘူးဆိုတာ ငါ နားလည်ပါတယ်...”

ကူချမ်ချင်းက တည်ငြိမ်စွာ ပြောလိုက်သည်။ ကူချမ်ချင်းက အိပ်ပျော်သလို ဖြစ်နေသည့် သူ့သမီး

မျက်နှာလေးကို ကြည့်ပြီး နာကျင်စွာ ပြောလိုက်သည်။

သို့သော် ချင်ယန်က အသက် မရှည်နိုင်တော့သဖြင့် ချင်ယန် အပေါ်လည်း စိတ်မဆိုး ချင်တော့ပေ။

"နန်းတော်မှူး.. ပြဿနာက ကြီးကြီးမားမား မဟုတ်ပါဘူး...."

ချင်ယန်က ပါးစပ်မှ ထုတ်ပြောလိုက်သည်။

"ဒါဆိုလည်း အပြင် ထွက်ရအောင်....."

ကူချမ်ချင်းက ချင်ယန် ပြောလိုက်သည့် စကားကို သိပ် အာရုံ မရောက်လိုက်ဘဲ ထွက်သွားရန် ပြောလိုက်သည်။

သို့သော် ကူချမ်ချင်းသည် ထွက်ပေါက်အနား ရောက်ခါနီးတွင် ကြက်သေ သေသွား၏။

"မဟာသခင်ချင်... မင်း ဘာ ပြောလိုက်တာလဲ...."

ကူချမ်ချင်း အလွန် စိတ်လှုပ်ရှား နေသည်။ ကြည့်ရသည်မှာ ချင်ယန်က ပြဿနာကို ကြီးကြီးမားမား မဟုတ်ဘူးဟု ယူဆ ထားပုံရသည်။

ချင်ယန်က တစ်ချက် ပြုံးလိုက်ပြီး ပေါ့ပေါ့ပါးပါး လေသံနှင့်......

"နန်းတော်မှူးကူ.... ပြဿနာက ကြီးကြီးမားမား မဟုတ်ဘူးလို့ ငါ ပြောနေတာပါ။ နန်းတော်မှူး ကူ.... ကူရှောင်ယင်ရဲ့ ပြဿနာကို သိတယ်.. ဘယ်လို ကုသရမလဲ ဆိုတာလည်း သိတယ်.."

"ဘာ..... ဘာ ရှိသေးလို့လဲ...."

ကူချမ်ချင်းက အလွန် စိတ်လှုပ်ရှားပြီး အသက်ပင် ဖြောင့်ဖြောင့် မရှူနိုင်တော့ချေ။ သူက အဆင့် (၇) ဆေးဆရာ သုံးယောက်နှင့် အဆင့် (၆)

ဆေးဆရာ ဒါဇင်ပေါင်းများစွာ တွေ့ခဲ့ဖူးသည်။ သို့သော် ကူရှောင်ယင်၏ ပြဿနာကို မည်သူမျှ မပြောနိုင်ကြပေ။

"နန်းတော်မှူးကူ.... ငွေတောင်ပံ ငရဲ ရေခဲပိုးကောင်ကို သိလား..."

ကူချမ်ချင်းက ချင်ယန်ကို ဇဝေဇဝါ မျက်လုံးများနှင့် လှမ်းကြည့်လိုက်သည်။ ကူချမ်ချင်းက သူ့ သမီးအတွက် ဆေးကျမ်းများစွာ ကို ဖတ်ထားသောကြောင့် သူ့အသိပညာက အဆင့် (၆) ဆေးဆရာ တစ်ယောက်ထက်

နိမ့်ကျခြင်း မရှိပေ။ သို့သော် ငွေတောင်ပံ ငရဲ ရေခဲပိုးကောင်ကို တစ်ခါမှ မကြားခဲ့ဖူးပေ။

"မဟာသခင်ချင်... တစ်ချက်လောက် ဉာဏ်အလင်း ပေးပါအုံး..."

ကူချမ်ချင်းက လက်နှစ်ဖက်ကို ခွက်ပုံစံ အုပ်မိုးပြီး ပြောလိုက်သည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်....

"နန်းတော်မှူး...... ငွေတောင်ပံ ငရဲ ရေခဲပိုးကောင်က အရမ်း တန်ဖိုးကြီးတဲ့ ဇကော်ချ်

တစ်ကောင်ပဲ. အဆင့် (၃) ငွေတောင်ပံ ငရဲ ရေခဲ ပိုးကောင် ဆိုရင်တောင် ရွှေတုံး တစ်သန်းကျော် တန်ဖိုး ရှိနေပြီ။ အရင်ခတ် အချိန်တုန်းက ငွေတောင်ပံ ငရဲ ရေခဲပိုးကောင်က ပေါ်များတယ်..... ဒါပေမဲ့ အဆင့်မြင့် ငွေတောင်ပံ ငရဲ ရေခဲ ပိုးကောင်ရဲ့ စျေးနှုန်းက အရမ်း စျေးကြီး နေသေးတယ်....”

“ဒီပစ္စည်းတွေကို အလောင်းနဲ့အတူ ရေခဲ အခေါင်းတွေထဲမှာ ထားလေ့ရှိတယ်။ အလောင်းကို နှစ်ထောင်ပေါင်းများစွာ မပုပ်သိုးသွားအောင်

အာမခံချက် ပေးနိုင်တယ်။ ငွေတောင်ပံ ငရဲ ရေခဲ ပိုးကောင်တွေက အရမ်း အစွမ်းမထက်လို့ ရေခဲ အခေါင်းထဲက ရုန်းထွက်ဖို့ ခက်တယ်။ နှစ်ပေါင်း တစ်ထောင် ကျော်သွားရင် ငွေတောင်ပံ ငရဲ ရေခဲ ပိုးကောင် အများစုက သေဆုံး သွားတတ်ကြတယ်....”

“အဆင့် (၇) ငွေတောင်ပံ ငရဲ ရေခဲပိုးကောင်က နှစ်ပေါင်း ငါးထောင်ကျော် ရှင်သန် နိုင်တယ်...”

“ဒါပေမဲ့ အဆင့် (၇) ငွေတောင်ပံ ငရဲ ရေခဲ ပိုးကောင် ဖြစ်နေလည်း ရေခဲ အခေါင်းထဲက

မထွက်နိုင်ဘူး။ အဆင့် (၈) ငွေတောင်ပံ ငရဲ ရေခဲပိုးကောင်မှ ရေခဲ အခေါင်းထဲမှ ထွက်နိုင်လိမ့်မယ်။ အဲ့ အဆင့် ဆိုရင် ငွေတောင်ပံ ငရဲ ရေခဲ ပိုးကောင်တွေက အနှစ် တစ်သောင်းကျော်အထိ ရှင်သန် နိုင်နေပြီ....”

“ ကူချမ်ယင်ကို ငွေတောင်ပံ ငရဲ ရေခဲ ပိုးကောင်တစ်ကောင် ကိုက်လိုက်တာ ဖြစ်လိမ့်မယ်...... ကံကောင်းတာက အဲ့အကောင် အဆင့် (၈) ပဲ ရှိသေးတယ်.... အဆင့် (၉) ဖြစ်နေရင် တစ်ခါတည်း တန်း သေသွားလိမ့်မယ်...”

"မဟာသခင်ချင်..... ရှောင်ယင်ကို ငွေတောင်ပံငရဲ ရေခဲ ပိုးကောင် အမှန်တကယ် ကိုက်လိုက်တာဆိုရင် ရှောင်ယင် ပြန်နိုးလာအောင် လုပ်ပေးနိုင်မလား...."

"နောက်ဆက်တွဲ အကျိုး သက်ရောက်မှုတော့ မရှိနိုင်ဘူး မဟုတ်လား....."

ကူချမ်ချင်းက ကမန်းကတန်း မေးလိုက်သည်။

ချင်ယန်က တစ်ချက် ပြုံးလိုက်ပြီး ပေါ့ပေါ့ပါးပါး အမူအရာနှင့်......

“နန်းတော်မှူး ... နောက်ဆက်တွဲ အကျိုးသက်ရောင်မှုကြောင့် နောက်ပိုင်းမှာ ကူချမ်ယင်က ပိုအေးစက် လာလိမ့်မယ်။ ဒါပေမဲ့ သူမရဲ့ ခွန်အား ဆက်ပြီး တိုးတက် နေမယ်ဆိုရင် ဒီပြဿနာကို ဖယ်ရှား ပစ်နိုင်တယ်။ နန်းတော်မှူး.... မင်းအတွက်ပဲ စိတ်ပူရလိမ့်မယ်.... အချိန်တန်ရင် ကူချမ်ယင်ရဲ့ ခွန်အားက မင်းကို ကျော်သွားလိမ့်မယ်.....”

“ငွေတောင်ပံ ငရဲ ရေခဲ ပိုးကောင်တွေက ရေခဲ အခေါင်းထဲမှာပဲ နှစ်တစ်သောင်းကျော် အသက်

ရှင်နိုင်တယ်။ လူတွေကို ကိုက်တာကလည်း သူတို့ရဲ့ အသွေးအသားကို ဆက်လက် ထိန်းသိမ်းနိုင်မယ့် နည်းလမ်း တစ်ခုပဲ…”

“ကိုက်ခံရသူရဲ့ ခန္ဓာကိုယ်ထဲကို သူ့ရဲ့ခွန်အား ထိုးသွင်းလိုက်တယ်။ အကိုက်ခံရတဲ့ လူက အချိန်တိုလေး အတွင်းမှာ ဒီလိုမျိုး အိပ်ပျော် သွားလိမ့်မယ်။ ပုံမှန်ဆိုရင်တော့ တစ်နှစ်အတွင်းမှာ အကိုက်ခံရတဲ့ လူက သေဆုံး သွားလိမ့်မယ်။ တစ်ချိန်တည်းမှာပဲ ငွေတောင်ပံ ရေခဲပိုးကောင်က

အကိုက်ခံရသူရဲ့ ခန္ဓာကိုယ်ထဲမှာ ရှိနေပြီးတော့ ပြန်လည် မွေးဖွား လာတတ်တယ်....”

ကူချမ်ချင်း၏ မျက်လုံးထဲတွင် ထိတ်လန့်သွားသော အမူအရာများ ပေါ်လာပြီး....

“မဟာသခင်ချင်... ရှောင်ယင်က အနှစ် (၂၀) ရှိနေပြီ.. ဒါက....”

ချင်ယန်က တစ်ချက် ပြုံးလိုက်ပြီး....

“နန်းတော်မှူး.... ငွေတောင်ပံ ငရဲ ရေခဲပိုးကောင်မှာ ရေခဲ ဂုဏ်သတ္တိ ရှိတယ်။ ဒါပေမဲ့

ပြန်လည် မွေးဖွားနေတဲ့ ဖြစ်စဉ်အတွင်းမှာ အအေးဓါတ်ကို ကြောက်တယ်”

“မင်းက ကူရှောင်ယင်ကို ရေခဲ ကုတင်ပေါ် အိပ်ခိုင်းထားတဲ့အပြင်. . ဒီနေရာမှာ ရေခဲမြက်လည်း ရှိနေသေးတယ်။ ဒါကြောင့် ငွေတောင်ပံ ငရဲ ရေခဲ ပိုးကောင်ရဲ့ စွမ်းအားက ကူချမ်ယင်ရဲ့ ကိုယ်ပိုင်း စွမ်းအားကို လုံး၀ မတားဆီးနိုင်ဘူး။ ငွေရောင် တောင်ပံ ငရဲ ရေခဲ ပိုးကောင်ရဲ့ စွမ်းအားတွေကို ကူရှောင်ယင်ရဲ့ ကိုယ်ပိုင် စွမ်းအားတွေက ဖြည်းဖြည်း မြိုချနေတယ်..”

"ကူချမ်ယင်ရဲ့ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟူနယ်ပယ် ဟုတ်တယ် မဟုတ်လား..."

"အင်း.... ယွမ်ဟူနယ်ပယ် ရောက်ရုံပဲ ရှိသေးတယ်..."

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်.....

"ကူချမ်ယင် ပြန်နိုးလာတဲ့ အချိန်ကျရင် သူ့ရဲ့ ခွန်အားက ယွမ်ဒန်နယ်ပယ်ကို တစ်ခါတည်း ရောက်သွားနိုင်တယ်။ ပြီးတော့ ကူချမ်ယင် နိုးလာတဲ့ အချိန်မှာ ပိုတောင် ကောင်းလာအုံးမယ်။ နှစ်ဝက်အတွင်း ဒါမှမဟုတ် နေ့မယ်ဆိုရင်

တစ်နှစ်လောက်မှာ ငွေတောင်ပံ ငရဲ ရေခဲ ပိုးကောင်ရဲ့ စွမ်းအားကို ချေဖျက်ပြီးတော့ အဆင့် (၇) ဓမ္မကလေးငယ် အဆင့်ကို ရောက်သွားလိမ့်မယ်”

ကူချမ်ချင်း၏ မျက်လုံးထဲတွင် စိတ်လှုပ်ရှားသော အမူအရာများ ပေါ်လာသည်။

ခဏအကြာ ကူချမ်ချင်း၏ စိတ်ခံချက်များက ငြိမ်ကျသွားသည်။ ယခုလက်ရှိတွင် ကူရှောင်ယင်က မနိုးသေးပေ။

"မဟာသခင်ချင်..... ရှောင်ယင် ပြန်နိုးလာဖို့ပဲ လိုတာပါ.... သူမ ကောင်းကောင်း၊ မကောင်းကောင်း ငါ ကျေနပ်ပါတယ်...."

"အရင်တုန်းက မဟာသခင်ချင် အပေါ်မှာ သိပ်ပြီး မကြင်နာခဲ့မိဘူး။ ငါ မှားသွားပါတယ်..... မဟာသခင်ချင်က ဒီ ကလေးမလေးကို ကယ်တင်ပေးဖို့ တောင်းပန်ပါတယ်....."

ကူချမ်ချင်းက အလေးအနက်ထားပြီး အရိုအသေ ပေးလိုက်သည်။

ချင်ယန်က ချောင်းတစ်ချက် ဟန့်လိုက်ပြီး...

"အပျွတ်.... နန်းတော်မှူး..... ကူရှောင်ယင် ပြန်နိုးလာဖို့ဆိုရင် သူ့ကို အပ်စိုက်ပေးပြီး နှိပ်နယ်ပေးဖို့ လိုအပ်တယ်.... ဒါပေမဲ့ မင်းမြင်ရင်...."

အကယ်၍ အထူး အဆင့် (၇) ဆေးလုံးများ ရှိပါက ထိုကဲ့သို့ ပြုလုပ်ရန် မလိုအပ်ပေ။ သို့သော် လိုအပ်သည့် ကုန်ကြမ်း ပစ္စည်းများကို ကူချမ်ချင်း လဝက်အတွင်း ရှာပေးနိုင်မည် မဟုတ်ပေ။ အကယ်၍ လိုအပ်သော ကုန်ကြမ်း ရပါကလည်း

အဆင့် (၇) ဆေးကို သန့်စင်ရန် ချင်ယန်က အချိန် တစ်ရက်၊ နှစ်ရက်ခန့် လိုအပ် နေသေးသည်။

ချင်ယန် တွေးနိုင်သည့် အမြန်ဆုံး နည်းလမ်းမှာ အပ်စိုက် ကုထုံးနှင့် အထူး နှိပ်နယ်ပေးခြင်း ဖြစ်သည်။ သို့သော် ပြဿနာက ကူချမ်ယင်က မိန်းကလေး တစ်ယောက် ဖြစ်နေသည်။

“ ဒီလို လုပ်မှ ရမှာလား....”

ကူချမ်ချင်း အနည်းငယ် မျက်မှောင် ကြုတ်သွားသည်။

ကူရှောင်ယင်က ရေခဲကဲ့သို့ ကြည်လင်ပြီး ကျောက်စိမ်းကဲ့သို့ သန့်စင်နေဆဲ ဖြစ်သည်။

"နန်းတော်မှူး၊ ကူချမ်ယင် အိပ်ပျော်နေတာ အရမ်း ကြာနေပြီ.... အပ်စိုက် ကုသရုံနဲ့ သူမရဲ့ အသွေးအသားနဲ့ အသက်ဓါတ် ပြန်လည် ပြည့်ဝဖို့ မလုံလောက်ဘူး... ဒါကြောင့် နန်းတော်မှူးက ကူရှောင်ယင်ကို မြန်မြန်ဆန်ဆန် နိုးထစေချင်ရင် စိတ်ဝိညာဉ် အရည်အချို့ လိုအပ်တယ်။ ဒါမှ ကူရှောင်ယင်ရဲ့ နလန်ထနှုန်းက ပိုမို မြန်ဆန် လာလိမ့်မယ်..."

"ဘယ်လောက် ကြာမလဲ....."

ချင်ယန်က ခတ္တမျှ စဉ်းစားပြီးနောက်.....

"စိတ်ဝိညာဉ် အရည် မရှိရင် သုံးနာရီ၊ လေးနာရီလောက် ကြာမယ်.... စိတ်ဝိညာဉ် အရည် ဘယ်လောက် ရှိလဲအပေါ် မူတည်ပြီး တစ်နာရီကနေ နှစ်နာရီကြား ဖြစ်သွားနိုင်တယ်..."

ကူချမ်ချင်း၏ အတွေး တစ်ချက်နှင့် သူ့လက်ထဲတွင် အရောင် တောက်ပနေသော ကျောက်စိမ်း ပုလင်းတစ်လုံး ပေါ်လာသည်။

ထိုပုလင်းထဲတွင် စိတ်ဝိညာဉ် အရည် တစ်ဝက်ခန့် ပါနေသည်။

"တစ်နာရီရှိနဲ့ လုံလောက်တယ်...."

ချင်ယန်က ပြောလိုက်သည်။

ကူချမ်ချင်းက အသက် ခပ်ပြင်းပြင်းလေး ရှူလိုက်ပြီး....

"မဟာသခင်ချင်... ငါ့ကလေးကို မင်းလက်ထဲ အပ်ခဲ့မယ်.... တစ်နာရီလောက်ဆို ပြန်နိုးလာဖို့ မျှော်လင့်ပါတယ်...."

ထို့နောက် ကူချမ်ချင်းက ကျောက်စိမ်းပုလင်းကို ပေးပြီး ထွက်ခွာသွားသည်။ ဒီနေရာတွင် ချင်ယန်က သူ့သမီး၏ အဝတ်အစားများ ချွတ်မည်ဖြစ်သဖြင့် သူ ရှိနေ၍ အဆင်မပြေချေ။

"အဖေကောင်း တစ်ယောက်ပဲ...."

ချင်ယန်က ကူချမ်ယင်ကို ကြည့်ပြီး စိတ်ထဲမှ တိတ်တိတ်လေး ပြေးလိုက်သည်။ အကယ်၍ ကူချမ်ချင်းသာ ဤမျှ မကြိုးစားခဲ့ပါက ယခု အချိန်လောက်ဆို ကူရှောင်ယင်က သေနေပြီ....

ယခုမူ မသေရုံသာမက ပင်ကိုယ် ပါရမီ၏ အလားအလာကလည်း ကြီးကြီးမားမား တိုးတက်လာအုံးမည်။

ငွေတောင်ပံ ငရဲ ရေခဲပိုးကောင်က အဆင့် (၈) ဖြစ်နေသဖြင့် ကူရှောင်ယင်က အဆင့် (၈ ) သို့ သေချောပေါက် ရောက်လိမ့်မည်။ အဆင့် (၉) ရောက်နိုင်သည့် အခွင့်အရေးကလည်း မနည်းလှပေ။

ချင်ယန်က စိတ်ထဲတွင် ထိုကဲ့သို့ စဉ်းစားရင်း ကူချမ်ယင်၏ အဝတ်အစားများကို အမြန် ချွတ်လိုက်သည်။

ကူချမ်ယင်၏ ရုပ်ရည်နှင့် ခန္ဓာကိုယ်က ဆွဲဆောင်မှု အားကောင်းသော်လည်း ချင်ယန်က လောင်လန်နာနှင့် ဟွာဝမ်ရိုတို့၏ စိတ်ဆွမှုကို ခံလာရသဖြင့် သမာဓိ အားကောင်းနေသည်။

ယခုလက်ရှိ ကူရှောင်ယင်၏ ခန္ဓာကိုယ်က တောင့်တင်း နေသဖြင့် ချင်ယန်က အလောင်းတစ်ခု ကဲ့သို့ သဘောထားပြီး ကုသ ပေးနေခဲ့သည်။

ချင်ယန်က အသက်ခပ်ပြင်းပြင်းလေး ရှူလိုက်ပြီး မျက်နှာ အမူအရာက လေးနက်လာကာ ကုသမှုကို စတင်လိုက်သည်။ ကူချမ်ယင်၏ ခန္ဓာကိုယ်

ပျော့ပြောင်း လာစေရန် အသက်ခါတ်များ မြင့်တက်လာစေရန် အရင်ဆုံး နှိပ်ပေးရမည်။ ထိုကဲ့သို့ မဟုတ်ပါက အပ်စိုက်လိုက်သည့် အချိန်တွင် သေဆုံး သွားနိုင်သည်။

မိနစ်များ၊ စက္ကန့်များ တရွေ့ရွေ့ ကုန်ဆုံးလာပြီး အခန်းအပူချိန်က နိမ့်ကျနေသော်လည်း ချင်ယန်၏ မျက်နှာပေါ်တွင် ချွေးများ စီးကျနေသည်။ ယွမ်ချီများကို ဆက်တိုက် အသုံးပြုပြီး နှိပ်ပေးနေရသည့် ကိစ္စက လွယ်ကူသော ကိစ္စ မဟုတ်ပေ။

ကူချမ်ယင်က ကူချမ်ချင်း ငုံးထားမတတ် ချစ်မြတ်နိုးရသည့် ပုလဲလုံးလေး ဖြစ်သည်။ အကယ်၍ ကူချမ်ယင်သာ တစ်ခုခု ဖြစ်သွားပါက သွေးနတ်ဘုရားဂူက အလုပ် ရှုပ်နေစရာ မလိုတော့ဘူးဟု ချင်ယန်က ခန့်မှန်း လိုက်မိသည်။

## အခန်း(၂၉၈) - ဖုံးကွယ်ထားခြင်း

မသိလိုက်ဘဲ တစ်နာရီ ကြာမြင့်သွားသည်။

ချင်ယန်က ကူချမ်ယင်၏ အဝတ်အစားများကို ပြန်ဝတ် ပေးထားသည်။ ချင်ယန်က ကူချမ်ယင်၏ လက်ကောက်ဝတ်ကို လက်ချောင်းနှင့် ဖိထားပြီး စဉ်းစားမရသော ပုံစံမျိုး ဖြစ်နေသည်။

သူ့ သုံးသပ်ချက်အရ ကူရှောင်ယင်က နိုးလာသင့်နေပြီ.....

"ကူချမ်ယင်... ထတော့...."

ချင်ယန်က အော်ပြောလိုက်သည်။

ကူချမ်ယင်၏ မျက်တောင်က အနည်းငယ် လှုပ်သွားသော်လည်း မျက်လုံးက မပွင့်လာသေးပေ။

"အဟွတ်... နိုးနေပြီဆိုလည်း မျက်လုံးဖွင့်ပြီး ထတော့...."

"အနှစ် (၂၀) လောက် အိပ်နေတာ မလုံလောက်သေးဘူးလား..."

ချင်ယန် စကားပြောပြီးသော အခါ ကူချမ်ယင်၏ မျက်လုံးက ရုတ်တရက် ပွင့်လာသည်။ သူမ မျက်လုံးက ရုတ်တရက် နှစ်ခုနှင့်တူပြီး အလွန် လှပလွန်းသည်။ သို့သော်လည်း သူမ မျက်လုံးထဲတွင် သံသယစိတ်များ ပြည့်နေပြီး....

"မင်း ဘယ်သူလဲ.... မင်းရဲ့အကြံက ဘာလဲ.... ငါ ပြောလိုက်မယ်... ငါ့အဖေက ရင်ဆိုင်ဖို့ ခက်တယ်နော်....."

ကူချမ်ယင်က သတိထားသော မျက်လုံးများနှင့် ချင်ယန်ကို ကြည့်နေသည်။

အိပ်ပျော်နေချိန်တွင် အချိန် ကုန်ဆုံးသွားကြောင်း မသိရသဖြင့် ကူရှောင်ယင်က သူမ အိပ်ပျော်နေသည်မှာ နှစ် (၂၀) ခန့် ရှိနေပြီကို လုံးဝ မသိသေးပေ။

ဒါက မည်ကဲ့သို့ ဖြစ်နိုင်မည်နည်း......

"ကူရှောင်ယင်... မင်းအဖေ ဝင်လာလိမ့်မယ်... မင်းအဖေနဲ့ စကားပြောလိုက်....."

ချင်ယန်က အပြင်ဘက်သို့ သတင်းစကား လှမ်းပြောလိုက်သည်။

ထူထဲသော ကျောက်တံခါးက ချက်ချင်း ပွင့်လာပြီး ကူချမ်ချင်း ဝင်လာသည်။

ကူချမ်ယင်က သူ့အဖေကို မမျှော်လင့်ဘဲ ရုတ်တရက် တွေ့လိုက်ရသဖြင့် ချက်ချင်း ထထိုင်ပြီး...

"အဖေ.. မင်း.."

ကူရောင်ယင်က ကူချမ်ချင်းကို အံ့အော မှင်သက်စွာ ငေးကြည့်နေသည်။ သူမ အဖေ၏ အသက်ကို မယုံကြည်နိုင် ဖြစ်နေခြင်းပင်။

ကူချမ်ချင်းက အသက်ကြီး သော်လည်း ကျင့်ကြံခြင်း အဆင့် မြင့်မားသည်။ ကူချမ်ယင် အိပ်ပျော်သွားသည့် အချိန်တွင် ကူချမ်ချင်းက အသက် လေးဆယ်ကျော် လူလတ်ပိုင်း အမျိုးသား တစ်ယောက်နှင့်သာ တူသေးသည်။

ယခုအခါ အသက် (၆၀) ကျော်အရွယ် အဘိုးအို တစ်ယောက်ကဲ့သို့ ဖြစ်နေသည်။ နှစ်တွေ ကြာလာသည်နှင့် အမျှ သူ့ခန္ဓာကိုယ်က လိမ်မရတော့ပေ။

မူလ ပထမတွင် ကူချမ်ချင်း၏ ကျင့်ကြံခြင်း အဆင့်အရ နှစ် (၂၀) အတွင်းတွင် ဘာမှ မဖြစ်နိုင်ပေ။ ဤမျှ မြန်မြန်ဆန်ဆန် အိုမင်းသွားမည် မဟုတ်သလို ယခင်ကထက် အများကြီး ပြောင်းလဲသွားမည် မဟုတ်ပေ။

သို့သော် ကူချမ်ယင် မတော်တဆ ဖြစ်သွားသည့်နောက်တွင် ကူချမ်ချင်းက နှစ် (၂၀) အတွင်း၌ စိတ်ပန်း၊ လူပန်းဖြစ်ပြီး စိတ်ထောင်း ကိုယ်ကြေ ဖြစ်ခဲ့ရသည်။

ကူချမ်ချင်းက ချမ်ဂျူး အကယ်ဒမီ၏ နန်းတော်မှူး ဖြစ်နေလျှင်ပင် အဆင့် (၇) ဆေးဆရာ တစ်ယောက်ကို ဌားရမ်းရန် လွယ်ကူခဲ့မည်လော... မည်သို့ပင် ဆိုစေကာမူ ထိုလူများ အတွက်လည်း ဝန်ဆောင်ခ ပေးရသေးသည်။

ကူချမ်ချင်းက အဆင့် (၇) ဆေးဆရာ သုံးယောက်နှင့် အဆင့် (၆) ဆေးဆရာ တစ်ဒါဇင်ကျော်ကို လာရောက်အောင်

ဖိတ်ခေါ်နိုင်ရန် မည်မျှ ကြိုးစား ခဲ့ရသည်ကို ကောင်းကင်ကသာ သိလိမ့်မည်။

"ရှောင်ယင်.. ရှောင်ယင်..."

ကူချမ်ချင်းက သူ့သမီး ကူချမ်ယင်ကို စိုက်ကြည့်ရင်း မျက်ရည်များ စီးကျလာသည်။

ဒီနှစ်များအတွင်း မည်မျှ ခံစားခဲ့ရလဲ ဆိုသည်ကို သူကိုယ်တိုင်သာ သိသည်။

"အဖေ... ငါ အိပ်နေတာ တကယ်ပဲ နှစ် (၂၀) ရှိနေပြီလား...."

ကူချမ်ယင်က မယုံကြည်နိုင် ဖြစ်နေသည်။

“ဟုတ်တယ်... နှစ် (၂၀) ရှိနေပြီ.....”

ကူချမ်ချင်းက ချင်ယန်ကို လေးလေးနက်နက် အရိုအသေ ပေးလိုက်ပြီး....

“မဟာသခင်ချင်... ကျေးဇူး တင်ပါတယ်။ ကျေးဇူး အများကြီး တင်ပါတယ်။ ငါ ကူချမ်ချင်း ဒီဘဝမှာ ငါနဲ့ ငါ့သမီးအပေါ်မှာ မင်းထားခဲ့ ကြင်နာမှုကို လုံးဝ မမေ့ပါဘူး..”

"နန်းတော်မှူးကူက အားနား နေပါပြီ။ နန်းတော်မှူးကူ.. အခုချိန်က မင်း အဆင့် (၇) တက်ဖို့ အချိန်ကောင်းပဲ။ အဆင့် (၇) ဓမ္မကလေးငယ် အဆင့်ကို မင်းတက်ချင်လား..."

ချင်ယန်က ပြုံးပြီး ပြောလိုက်သည်။

ကူချမ်ချင်း၏ မျက်လုံးထဲတွင် စိတ်လှုပ်ရှားသော အမူအရာများ ပေါ်လာပြီး.....

"ထုံးစံအတိုင်း တက်ချင်တာပေါ့..... မဟာသခင်ချင်က ဒီ ရှုထောင့်ကိုလည်း ကူညီပေးနိုင်လား..."

ချင်ယန်က ရယ်မောလိုက်ပြီး.....

"ကူရှောင်ယင် ပြန်ကောင်းလာလို့ နန်းတော်မှူးကူရဲ့ နှလုံးသားထဲက အနှောင်အထုံးလည်း ပြေပျောက်သွားပြီ။ ပြီတော့ နှစ်ပေါင်းများစွာ စုဆောင်းလာတဲ့ အရာက အလကား မဖြစ်ပါဘူး.... မင်းရဲ့ နှလုံးသားထဲက အနှောင်အထုံးလည်း ပျောက်ပြီး လှုံ့ဆော်မှု နည်းနည်းလောက်

လုပ်ပေးလိုက်တာနဲ့ နန်းတော်မှူးကူက ဒီညမှာပဲ အဆင့် တက်နိုင်ပါတယ်…”

“ဒါဆိုရင် မဟာသခင်ချင်ကိုပဲ ဒုက္ခ ပေးရတော့မယ်….”

“နန်းတော်မှူး…. မလှုပ်နဲ့….”

ချင်ယန်က ရွှေရောင် အပ် အနည်းငယ်ကို ထုတ်ယူပြီး ကူချမ်ချင်း၏ ခန္ဓာကိုယ်ကို ထိုးစိုက်လိုက်သည်။

နောက်ထပ် အခိုက်အတန့်တွင် ကူချမ်ချင်းသည် သူ့တစ်ကိုယ်လုံး ပေါ့ပါးသွားပြီး စိတ်ထဲ အေးချမ်းသွားသလို ခံစားလိုက်ရသည်။

ရှောင်ကျူယင်က သူမ အဖေကို တအံ့တအောငေးကြသည်။ ကြည့်နေရင်း ကူချမ်ချင်းက ငယ်ရွယ်လာပြီး...

တစ်နှစ်...

နှစ်နှစ်....

"မဟာသခင်ချင်.... အဆင့် တက်တော့မယ် အခွင့်အရေး ရောက်လာပြီလို့ ခံစားရတယ်..."

"မဟာသခင်ချင်... ငါ အရင် သွားနှင့်အုံးမယ်...."

"ရှောင်ယင်... မဟာသခင်ချင်နဲ့ စကား ပြောနေအုံး..."

ကူချမ်ချင်းက ဘေးဘက်တွင် ရှိနေသော လေ့ကျင့်ရေး အခန်းထဲ အမြန်ဝင်သွားပြီး စတင် လေ့ကျင့်လိုက်သည်။ အဆင့်တက်မှု အောင်မြင်ရန်

အသုံးပြုသော ဆေးကိုလည်း သောက်သုံး လိုက်သည်။

အဆင့်တက်နိုင်မည့် အခွင့်အရေး တစ်ဝက် ရှိနေသော်လည်း အန္တရာယ်က မသေးလှပေ။

ယခုအခါ အဆင့်တက်နိုင်ရန် အခွင့်အရေး ရောက်လာပြီ ဖြစ်သဖြင့် ဆေးသောက် လိုက်ပါက တစ်ရာ ရာခိုင်နှုန်း ကျိန်းသေ သွားတော့သည်။

"မဟာသခင်ချင်... ကျေးဇူး တင်ပါတယ်..."

"နင့်ကို အထင်လွဲခဲ့ မိပါတယ်...."

ကူရှောင်ယင်က ထိုကဲ့သို့ ပြောနေရင်း မျက်နှာက နီရဲလာသည်။

အမှန်ဆို ချင်ယန်က သူမအင်္ကျီကို ပြန်ဝတ်ပေးနေသည့် အချိန် ကတည်းက နိုးလာခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း သူမက ရှက်လွန်း၍ အိပ်ချင်ယောင် ဆက်ဆောင်နေခဲ့ခြင်းပင်။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်......

"အင်း.. အများကြီး မတွေးပါနဲ့..... ငါက ဆေးဆရာ တစ်ယောက်ပါ.... မင်းက လူနာ

တစ်ယောက်။ မင်းက အိပ်ရာထဲ အကြာကြီး လဲနေခဲ့တော့ မင်းအဖေက အရမ်း ခံစားခဲ့ရတယ်.... ဒါက အရေးအကြီးဆုံး အချက်ပဲ။ ဒါနဲ့ စကားမစပ် ကုတင်ပေါ်က ထပြီး လမ်းလျှောက်ဖို့ ကြိုးစား ကြည့်ပါလား.. အချိန်ယူလိုက်ပေါ့...."

"ဟုတ်ကဲ့ပါ... မဟာသခင်ချင်...."

ကူရှောင်ယင်က ကုတင်ပေါ်မှ ဖြည်းဖြည်းခြင်း ထပြီး လမ်းပတ်လျှောက် နေသည်။ သာမန် လူတစ်ယောက် ဆိုပါက ချက်ချင်း ထပြီး လမ်းပတ်လျှောက်ရန် မဖြစ်နိုင်ပေ။ သို့သော် သူမက

သာမန်လူ တစ်ယောက် မဟုတ်ဘဲ ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် တစ်ယောက် ဖြစ်နေသောကြောင့်ပင်။

“မဟာသခင်ချင်.. ငါ့ ကျင့်ကြံခြင်း အဆင့်က....”

ကူရှောင်ယင်က သူမ ကျင့်ကြံခြင်း အဆင့်၏ မှုမမှန်မှုကို အမြန် ရှာတွေ့သွားပြီး သူမ မျက်နှာပေါ်တွင် ကြောက်လန့်နေသော အမူအရာများ ပေါ်လာသည်။ သူမ ခန္ဓာကိုယ်ထဲတွင် ကိုယ်ပိုင် ဆေးလုံးတစ်လုံး ရှိနေသကဲ့သို့ ခံစားနေရသည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်....

"မင်းက နှစ် (၂၀) လုံး အလကား အိပ်နေခဲ့တာ မဟုတ်ဘူး.... မင်းကို ကိုက်လိုက်တဲ့ ငွေတောင်ပံငရဲ ရေခဲ ပိုးကောင်ရဲ့ စွမ်းအားကို စုပ်ယူနေခဲ့တာ. အခုဆို မင်းရဲ့ ကျင့်ကြံခြင်း အဆင့်က ယွမ်ဒန်နယ်ပယ် ရောက်နေပြီ... ဒါပေမဲ့ အပျော်မစောနဲ့အုံး..... မင်းရဲ့ တိုက်ခိုက်ရေး အစွမ်းက ယွမ်ဒန်နယ်ပယ် အဆင့်တူ တန်ခိုးရှင်တွေထက် အများကြီး ညံ့ဖျင်းသေးတယ်....."

"ယွမ်ဒန် နယ်ပယ်...."

ကူရောင်ယင်က အနည်းငယ် ထူးဆန်း နေသလို ခံစား နေရသည်။

ထိုအချိန်တုန်းက သူမ၏ ကျင့်ကြံခြင်းအဆင့်က ယွမ်ဟူနယ်ပယ် ရောက်ရုံသာ ရှိသေးသည်။ သူမ ပြန်နိုးလာသောအခါ ယွမ်ဒန် နယ်ပယ်ထဲ ရောက်နေသည်။

"မင်းကိုယ်မင်း အသားကျအောင် ဖြည်းဖြည်းခြင်း ကြိုးစား..."

ချင်ယန်က တင်ပျဉ်ခွေထိုင်ပြီး စတင် လေ့ကျင့်လိုက်သည်။ သူက ကူရောင်ယင်ကို ကုသ

ပေးခဲ့သလို ကူချမ်ချင်းကို အပ်စိုက် ပေးခဲ့ရသဖြင့် စွမ်းအားများ အလွန် ကုန်ဆုံးသွားခဲ့သည်။

မသိလိုက်ဘဲ မနက် မိုးလင်းသွားသည်။

"ဟား... ဟား... ဟား.."

ချင်ယန်နှင့် ကူချမ်ယင်တို့က ကူချမ်ချင်း၏ ရယ်မောသံကို ရုတ်တရုတ် ကြားလိုက်ရသည်။ ထိုရယ်သံထဲတွင် အားအင် ပြည့်ဝနေပြီး ပျော်ရွှင်မှုများ ပြည့်နှက်နေသည်။

"မဟာသခင်ချင်.. မင်းကို ဘယ်လို ကျေးဇူးတင်ရမှန်းတောင် မသိတော့ဘူး...."

မကြာခင် ကူချမ်ချင်းက ချင်ယန်တို့ ရှိနေသည့် နေရာသို့ ပြန်ရောက်လာပြီး နှုတ်ဆက်လိုက်သည်။

ချင်ယန်က မတ်တပ် ထရပ်လိုက်ပြီး တစ်ချက် ပြုံးလိုက်ကာ....

"နန်းတော်မှူး.. ရပါတယ်.... ကူရှောင်ယင် ပြန်ကောင်းလာတဲ့ အကြောင်းကို အပြင်ဘက်ကို အရင်ဆုံး မပြောနဲ့အုံး.... ကူရှောင်ယင် ပြန်ကောင်းလာတဲ့ အကြောင်း ပြင်ပက သိသွားရင်

ငါ့ကို တိုက်ခိုက်ချင်တဲ့ လူတွေကို ဘယ်လိုလုပ်ပြီး ရုတ်တရက် အံ့အောသွားအောင် လုပ်တော့မလဲ....”

ကူချမ်ချင်းက ခေါင်းခါလိုက်ပြီး...

“မဟာသခင်ချင်... ငါ ချမ်ဂျူး အကယ်ဒမီရဲ့ နန်းတော်မှူး တစ်ယောက်အနေနဲ့ မင်းကို ကူညီပေးသင့်တယ်...”

ကူချမ်ချင်းက ပြုံးပြီး ပြောလိုက်သည်။ ယခုလက်ရှိတွင် သူက သွေးနတ်ဘုရားဂူကို မကြောက်တော့ပေ။ သွေးနတ်ဘုရား ဂူ၏

ဂူသခင်ကြီးက သူ့ရှေ့တွင် ရှိနေလျှင်ပင် ကူချမ်ချင်းက မကြောက်တော့ချေ။

အဆင့်တူပါက ကူချမ်ချင်း၏ ခွန်အားက အလွန်အားကောင်းသည်။

သွေးနတ်ဘုရားဂူ၏ ဂူသခင်ကြီး အဆင့် (၇) ဖြစ်နေသည့် အချိန်မှာပင် ကူချမ်ချင်း၏ ခွန်အားက သူ့ထက် အများကြီး အားမနည်းခဲ့ပေ။

ယခုမူ ကူချမ်ချင်းက အဆင့် (၈) ဓမ္မကလေးငယ် အဆင့်သို့ ရောက်ရှိသွားပြီ။ အကယ်၍ သွေးနတ်ဘုရားဂူ၏ ဂူသခင်ကြီး မထွက်ပြေးဘူး

ဆိုပါက အကွက်တစ်ရာ အတွင်း အနိုင်ယူနိုင်မည်ဟု ယုံကြည်နေသည်။

“နန်းတော်မှူးက ဒီလောက် ကူညီပေးတာပဲ လုံလောက်ပါပြီ....”

“မလုံလောက်ဘူး.... မလုံလောက်ဘူး...”

ကူချမ်ချင်းက ခေါင်းခါလိုက်သည်။

ကူချမ်ချင်းက အမြင်တွင် သူ့သမီး ကူရှောင်ယင်ကို ပြန်နိုးလာအောင် လုပ်ပေးပြီး သူ့ကို အဆင့် (၇) ဓမ္မကလေးငယ် အဆင့်

ရောက်အောင် လုပ်ပေးခဲ့သည့် ကျေးဇူး အကြွေးက မြင့်မိုရ် တောင်ထက်မက မြင့်မား လွန်းနေသည်။

ထို့အပြင် ကူချမ်ယင်က နိုးထလာပြီး တစ်နှစ်အတွင်းမှာပင် အဆင့် (၇) ခမ္မကလေးငယ် အဆင့်သို့ ရောက်ရှိ နိုင်သေးသည်။

"မဟာသခင်၊ အခုလက်ရှိ ငါ့လက်ထဲမှာ ပစ္စည်းကောင်းတွေ အများကြီး မရှိဘူး။ ဒီနှစ်တွေ အတွင်းမှာ တော်တော်လေး ငွေကုန်ခဲ့တယ်...."

"ဒါပေမဲ့ အခု ငါက အဆင့် (၇) ဓမ္မကလေးငယ် အဆင့် ရောက်နေပြီ... အချိန်တန်ရင် မင်းအတွက် ပစ္စည်းကောင်းလေးတွေ ပို့ပေးလိုက်မယ်...."

ကူချမ်ချင်းက သူ့ကိုယ်သူ အလွန် ယုံကြည်မှု ရှိနေသည်။

"နန်းတော်မှူး.. အခုလက်ရှိ ပြဿနာကိုပဲ အရင် ဖြေရှင်းရအောင်.... အဲ့ကိစ္စကို နောက်မှ ထပ်ပြောကြမယ်..."

"မင်းတို့ သားအဖလည်း ပြောစရာတွေ အများကြီး ရှိမှာပေါ့..... ဒါပေမဲ့ ဒီအကြောင်းကို အပြင်လူတွေ မသိစေနဲ့အုံး..."

ကူချမ်ချင်းက ခေါင်းညိတ် လိုက်သည်။

ချင်ယန်က လျှို့ဝှက် အခန်းထဲမှ ထွက်ခွာသွားသည်။

"ဟူး...."

ကူချမ်ချင်း၏ အစေခံ အချို့က စိတ်ထဲမှ ကြိတ်ပြီး သက်ပြင်း ချလိုက်ကြသည်။ ချင်ယန်က

အပြင် ပြန်ထွက်လာသော်လည်း ကူချမ်ချင်းက လိုက် မပို့ပေးခဲ့သဖြင့် အကျိုး အသက်ရောက်မှု မရှိဘူးဟု ယူဆ လိုက်ကြခြင်းပင်။

.......

"သခင်လေး....."

ချင်ယန်က အိမ်ကို ပြန်ရောက်သွားသည်နှင့် ရှောင်ကျူဝမ်နှင့် အခြားလူများက ချက်ချင်း နှုတ်ဆတ် လိုက်ကြသည်။ သူတို့ အားလုံးက ချင်ယန် ပြန်လာမည့် အချိန်ကို စောင့်နေကြပြီး လုံးဝ မအိပ်ခဲ့ကြပေ။

"ချင်ယန်.... ဘယ်လိုလဲ..."

ရှောင်ကျူဝမ်က စိုးရိမ် ပူပန်နေသော အမူအရာနှင့် မေးလိုက်သည်။

ချင်ယန်က လေးနက်သော အမူအရာနှင့်.....

"လူတိုင်းပဲ ကောင်းကောင်း ပြင်ထားကြ။ နန်းတော်မှူးကူက ငါတို့ကို လိုက်ပို့ပေးမယ်လို့ ကတိပေးခဲ့တယ်။ ဒါပေမဲ့ သွေးနတ်ဘုရားဂူမှာ ငါတို့ကို ရှာတွေ့နိုင်မယ့် နည်းလမ်း ရှိတယ်။ မနက်ကျရင် ကြမ်းတမ်းတဲ့ တိုက်ပွဲ တစ်ခုကို ရင်ဆိုင်ရလိမ့်မယ်...."

ချင်ယန်က ထိုစကား ပြောပြီးနောက် ချမ်ဟိုင်နှင့် အခြားလူများကို တစ်ချက် ကြည့်လိုက်ပြီး....

"ချမ်ဟိုင်... အရင်တုန်းက မင်းတို့ လုပ်တာ ကောင်းရင် သုံးနှစ်လို့ ပြောခဲ့တယ်။ ဒါပေမယ့် ခု အခြေအနေကြောင့် သုံးနှစ်ထက် စောပြီး လွှတ်ပေးလိုက်မယ်..."

"တကယ်လို့ ထွက်သွားချင်တယ် ဆိုရင် အခု ထွက်သွားလို့ ရပြီ...."

"ဒီတစ်ကြိမ် သွေးနတ်ဘုရားဂူက တန်ခိုးရှင်တွေ သေတဲ့ကိစ္စက မင်းတို့နဲ့ မပက်သက်ဘူး..

မင်းတို့က အစောင့်သက်သက်ပဲ။ မင်းတို့သာ တခြား အင်အားကြီး အင်အားစုနဲ့ လက်တွဲလိုက်ရင် သွေးနတ်ဘုရားဂူက မင်းတို့ကို အရှက်ခွဲနိုင်မှာ မဟုတ်တော့ဘူး...”

“မင်းတို့ ထွက်သွားဖို့ ရွေးချယ်တယ်ဆိုရင် ငါရဲ့ လျှို့ဝှက်ချက်ကို မပြောနိုင်အောင် စိတ်ညှို့ ရလိမ့်မယ်။ တကယ်လို့ လွန်ကျူးတဲ့ လုပ်ရပ်ကို လုပ်ထားရင်တော့ တစ်ခုခု ဖြစ်လာလိမ့်မယ်...”

"သူဌေး.. ငါတို့က ဘာဖြစ်လို့ ထွက်သွားရမှာလဲ... ငါတို့ သေရုံလေးပဲ မဟုတ်လား..."

ချမ်ဟိုင်က ချက်ချင်း ပြန်ပြောလိုက်သည်။

"သူဌေး၊ မင်းသေရင် ငါလည်း လိုက်သေမယ်...."

ရှန်ကွမ်ယင်ကလည်း ပြောလိုက်သည်။

နန်ရွှမ်နှင့် ကျွမ်းစစ်တို့က သူတို့၏အမြင်ကို ချက်ချင်းထုတ် မပြောနိုင်ဘဲ တွေဝေ နေကြသည်။

ချမ်ဟိုင်က သူတို့ နှစ်ယောက်ကို ခတ္တမျှ စိုက်ကြည့်လိုက်ပြီး....

"နန်ရွှမ် ၊ ကျွမ်းစစ်၊ သူဌေးက ငါတို့အပေါ် ဘယ်လို ဆက်ဆံခဲ့လဲ... ဒီတစ်ကြိမ် သူဌေး ဒုက္ခရောက်တာနဲ့ သူဌေးကို စွန့်သွားချင်ပြီလား...."

ချင်ယန်က လက်ခါပြလိုက်ပြီး....

"ချမ်ဟိုင်... သူတို့ကို လွှတ်ပေးထားလိုက်..... ဒီလို အခြေအနေမှာ အတွေးမတူကြတာ ပုံမှန်ပဲ...."

“နန်ရွှမ်၊ ကျွမ်းစစ်… တကယ်လို့ ငါတို့ သေသွားရင် ရှန်းမိသားစု၊ စတဲ့ အရာတွေကို စောင့်ရှောက်ပေးလိုက်ပါ”

နန်ရွှမ်နှင့် ကျွမ်းစစ်တို့က ဒူးထောက် ချလိုက်ပြီး….

“သူဌေး… တောင်းပန်ပါတယ်….”

ချင်ယန်က ခေါင်းခါလိုက်ပြီး….

“တောင်းပန်စရာ မလိုပါဘူး….”

"မင်းတို့က ငါ့နောက်လိုက်ပြီး ကြိုးစားခဲ့ကြတယ်။ သွေးခင်းလမ်းကို လျှောက်ခဲ့ကြတယ်..."

"အခု မင်းတို့ ထွက်သွားတော့မယ်... နောင်တစ်ချိန်မှာ တောက်ပတဲ့ အနာဂါတ် တစ်ခုကို ရပါစေလို့ ဆုတောင်းပေးတယ်.."

"ချမ်ဟိုင်၊ ရှန်ကွမ်ယင် ထပ်စဉ်းစား အုံးမလား.... မင်းတို့က အစောင့်တွေပဲ အသက် ရှင်နိုင်သေးတယ်"

ချမ်ဟိုင်နှင့် ရှန်ကွမ်ယင်တို့က ပြတ်ပြတ်သားသား ခေါင်းခါ လိုက်ကြသည်။

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်ပြီး စိတ်ထဲ တော်တော်လေး ကျေနပ်သွားသည်။

‘ငါ့အသက် သေရေး၊ ရှင်ရေးကို ဂရုစိုက်တဲ့လူ နှစ်ယောက်တော့ ကျန်ခဲ့သေးတာပဲ…’

## အခန်း(၂၉၉) - သစ္စာဖောက် ခံရခြင်း

“နန့်ရွှမ်၊ ကျွမ်းစစ်၊ နောက်ပိုင်း မပြောသင့်တဲ့ စကားတွေ မပြောမိရအောင် မင်းတို့ကို စိတ်ညှို့ရလိမ့်မယ်....”

“ဒါနဲ့ စကားမစပ်၊ မင်းတို့က တခြား အင်အားစုတွေနဲ့ ပူးပေါင်းလို့ ရပေမဲ့ ဒီအချိန် မတိုင်ခင် တခြား အင်အားစုတွေနဲ့ ပူးပေါင်းထားမယ်ဆိုရင်တော့ ဒါက သစ္စာဖောက်ပဲ”

ချမ်ဟိုင်တို့ လေးယောက်က ခေါင်းညိတ်လိုက်ကြသည်။

ချင်ယန်က နန်ရှမ်ကို အရင်ဦးဆုံး အိပ်မွေ့ချလိုက်သည်။ နန်ရှမ်၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟူနယ်ပယ်သာ ရှိပြီး ချင်ယန်၏ ယခုလက်ရှိ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟိုင်နယ်ပယ် အဆင့် (၅) ဖြစ်နေသဖြင့် အလွယ်တကူ စိတ်ညှို့နိုင်ခဲ့သည်။

"နန်ရှမ်၊ အခုအချိန် မတိုင်ခင် တခြား အင်အားစုတွေနဲ့ ဆက်သွယ်ခဲ့သေးလား..... ကျန်တဲ့

အင်အားစုတွေနဲ့ သဘောတူမှု လုပ်ခဲ့သေးလား.. ဒါမှမဟုတ် မပြောသင့်တဲ့ စကားကို ထုတ်ပြော ထားသေးလား..”

ချင်ယန်က မေးလိုက်သည်။

“မရှိဘူး…”

“တခြား အင်အားစုက မင်းကို ဆက်သွယ် လာသေးလား…”

“ဘယ် အင်အားစု တွေလဲ…..”

"ရန်မိသားစု၊ ထောင် မိသားစု၊ မိုးကြိုးဖုံး အင်ပါယာနဲ့ ရှောင်မိသားစု...."

ချင်ယန်က မေးခွန်းများစွာ မေးခဲ့သည်။ တစ်မိနစ်ခန့် ကြာပြီးနောက် စိတ်ညှို့ခြင်း လုပ်ငန်းစဉ်လည်း ပြီးဆုံးသွားသည်။ ချင်ယန်က မပြောင်သင့်သည့် စကားများကို ထုတ် မပြောနိုင်စေရန် စိတ်ညှို့ ထားလိုက်သည်။ အကယ်၍ တစ်ဖက်လူ၏ စိတ်ညှို့မှုက ချင်ယန်ထက် ပိုမို သန်မာခြင်း မရှိပါက

လှို့ဝှက်ချက်များကို ထုတ်ပြောရန် ခက်ခဲလွန်းသည်။

ချင်ယန်က ယွမ်ဟိုင်နယ်ပယ် အဆင့် (၅) သာရှိသော်လည်း သူ၏ အာဒိကပ္ပ စိတ်ဝိညာဉ်က အားကောင်း လွန်းနေသည်။ စိတ်ညို့ခြင်းက အစွမ်းထက်သော သိုင်းဝိညာဉ်ကိုလည်း အသုံးပြုရသေးသည်။ ထို့ကြောင့် ယွမ်ဒန် နယ်ပယ်တန်ခိုးရှင် တစ်ယောက်ကပင် နန်ရွှမ်ကို စိတ်ညို့ပြီး လှို့ဝှက်ချက်များ ထုတ်မေးရန် ခက်ခဲလွန်းလှသည်။

အကယ်၍ စိတ်ညှို့ပြီး စစ်ဆေးမေးမြန်းမည့် တန်ခိုးရှင်က ခမ္မကလေးငယ် အဆင့် မဟုတ်ပါက မည်သည့်အရာမှ မေးနိုင်မည် မဟုတ်ပေ။

“ကျွမ်းစစ်... မင်း အလှည့်....”

ချင်ယန်က ကျွမ်းစစ်ကို လျှင်မြန်စွာ စိတ်ညှို့လိုက်သည်။ ကံကောင်းသည်မှာ သူကလည်း သစ္စာ မဖောက်ခဲ့ပေ။ ဤကဲ့သို့ အခြေအနေမျိုးတွင် ထွက်သွားချင်စိတ် ရှိခြင်းက ပုံမှန်သာ ဖြစ်သဖြင့် ချင်ယန်က လက်ခံ ပေးနိုင်သည်။

"သူဌေး... ငါတို့ကိုလည်း စိတ်ညို့ပြီး မေးလေ.."

ချမ်ဟိုင်က ပြောလိုက်သည်။

ရှန်ကွမ်ယင်၏ မျက်နှာက အနည်းငယ် မှုပျက်သွားသည်။ အခြားလူများက သတိ မထားမိသော်လည်း ချင်ယန်က သေသေချာချာ သတိထားလိုက်မိသည်။

"ချမ်ဟိုင်၊ လိုအပ်သေးလို့လား.."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ချမ်ဟိုင်က ရယ်မောလိုက်ပြီး.....

“သူဌေး.. စစ်ဆေးကြည့်ရင် ပိုကောင်းမယ်လို့ ထင်တယ်.... သူဌေး ငါ့ကို စိတ်ချနိုင်မှ ငါတို့က အကျိုးအမြတ် ပိုရနိုင်မှာ....”

“ဒါဆိုလည်း ကောင်းပြီလေ..... ရှန်ကွမ်ယင်... မင်း အရင်လာလိုက်....”

ရှန်ကွမ်ယင်က ခေါင်းညိတ် လိုက်သော်လည်း သူမစိတ်ထဲမှ ကြိတ်ပြီး ဆုတောင်း နေမိသည်။

မကြာခင် ချင်ယန်က ရှန်ကွမ်ယင်ကို စိတ်ညို့လိုက်သည်။

"ရှန်ကွမ်ယင်.... မင်းငါ့ကို သစ္စာဖောက်ခဲ့သေးလား.."

ချင်ယန်က တိုက်ရိုက် မေးလိုက်သည်။

ရှန်ကွမ်ယင်၏ အမူအရာက အနည်းငယ် ရှန်းကန်နေသော အမူအရာမျိုး ဖြစ်နေသည်။ သူမတွင် စိတ်ညှို့ခြင်းကို ခုခံနိုင်သော အမူအရာမျိုး ရှိနေသည်။

အကယ်၍ ချင်ယန်၏ ခွန်အားက ယခင်အတိုင်းသာ ရှိနေမည် ဆိုပါက သူမ၏ မှုမမှန်မှုကို သတိထားမိမည် မဟုတ်ပေ။ သို့သော်

ယခုလက်ရှိ ချင်ယန်၏ ခွန်အားက အများကြီး တိုးတက်လာသည်။ သူမတွင် စိတ်ညို့ခြင်းကို ခုံခံနိုင်သော အရိပ်အမြွတ်များ ရှိနေသော်လည်း မထိန်းနိုင်ခဲ့ပေ။

"ရှန်ကွမ်ယင်… သူ.."

နန်ရှွမ်နှင့် အခြားလူများက ရှန်ကွမ်ယင်ကို ကြည့်ပြီး တုန်လှုပ် နေကြသည်။

ရှောင်ကျူဝမ်နှင့် အခြားလူများကလည်း ရှန်ကွမ်ယင်ကို မယုံကြည်နိုင်စွာ ကြည့် နေကြသည်။ ချမ်ဟိုင်တို့ လေးယောက်ထဲတွင်

သူမက ချင်ယန်ထံမှ အကျိုးအမြတ် အများဆုံး ရရှိခဲ့သည့် မိန်းမတစ်ယောက် ဖြစ်သောကြောင့် ပိုလည်း ဂရုစိုက်ခံရသည်။ သို့သော် ယခုလက်ရှိ အခြေအနေအရ သူမက သစ္စာဖောက်ခဲ့သည့် ပုံစံမျိုး ဖြစ်နေသည်။

ရှန်ကွမ်ယင်၏ မူလ နတ်ရတနာက သာမန်သာ ဖြစ်သည်။ ချင်ယန်က ပိုက်ဆံ အများကြီး အကုန်ကျခံခဲ့သဖြင့် ယခုလက်ရှိ ရှန်ကွမ်ယင်၏ နတ်ရတနာက ‘ သွေးလောင်ကျွမ်းခြင်း’ နတ်ရတနာ ဖြစ်သွားခဲ့ခြင်းပင်။

နတ်ရတနာ ပိုမို အားကောင်း လာသည်နှင့် အမျှ ရှန်ကွမ်ယင်၏ ခွန်အားကလည်း သံသယ ရှိစရာ မလိုအောင် မြင့်တက် လာခဲ့သည်။

"ရှန်ကွမ်ယင်... မင်း သစ္စာဖောက် ပြီးပြီလား...."

ချင်ယန်က လေးနက်စွာ ပြောလိုက်သည်။ သူ့ အသံက မြင့်တက်သွားပြီး ရှန်ကွမ်ယင်၏ စိတ်ထဲတွင် မိုးကြိုး ပစ်နေသည့်အလား သူမ၏ ခံနိုင်ရည်များကို တစ်ခုပြီးတစ်ခု ဖျက်ဆီးနေသည်။

"ဟုတ်တယ်...."

ရှန်ကွမ်ယင်က ပြန်ဖြေလိုက်သည်။

ချမ်ဟိုင်က မီးတောက်နေသော မျက်လုံးများနှင့် ရှန်ကွမ်ယင်ကို စိုက်ကြည့် နေသည်။ နန်ရွှမ်၊ ကျွမ်းစစ်တို့က ထွက်သွား ကြတော့မည်... သို့သော်လည်း သူတို့နှစ်ယောက်က သစ္စာ မဖောက်ခဲ့ပေ။

"ဘယ်သူလဲ.. ဘာတွေ ကမ်းလှမ်းခဲ့လဲ...."

ချင်ယန်က အသံက အမှန်တကယ် အရေး မစိုက်သလို ဖြစ်နေသော်လည်း စိတ်ထဲ နေ၍ မကောင်းပေ။

ချမ်ဟိုင်တို့ လေးယောက်ထဲတွင် သစ္စာဖောက်ရန် မဖြစ်နိုင်ဆုံးလူက ရှန်ကွမ်ယင်ဟု ထင်ခဲ့သည်။ သို့သော်လည်း တစ်ဦးတည်းသော သစ္စာဖောက်က သူမသာ ဖြစ်နေသည်။

"ထောင်မိသားစု၊ ထောင်ဇီမန်က ငါ့ကို သူရဲ့ ဇနီးမယားအနေနဲ့ လက်ထပ်မယ်လို့ ပြောတယ်.."

"သူက ကျိန်ဆိုခဲ့တယ်...."

ထောင်ဇီမန်နှင့် ပက်သတ်သည့် အချက်အလက်များက ချင်ယန် စိတ်ထဲတွင် ချက်ချင်း ပေါ်လာသည်။ သူက ထောင်ကွမ်ယွီ၏ မြေး

ဖြစ်သည်။ အကြီးဆုံး မြေး မဟုတ်သော်လည်း ယခုလက်ရှိတွင် ချမ်ဂျူး အကယ်ဒမီ၏ အဓိက ကျောင်းသား ဖြစ်ပြီး အလွန် ချောမောသည်။ ချမ်ဂျူး အကယ်ဒမီရှိ မိန်းကလေး တော်တော်များများ၏ အိမ်မက် မင်းသားလေး တစ်ယောက်ပင်.....

"ဘယ်တုန်းက သစ္စာ ဖောက်ခဲ့တာလဲ...."

"သူဌေး.. ပြန် မရောက်ခင်က..."

ချင်ယန်က လေးနက်သော လေသံနှင့်.....

“အရေးကြီးတဲ့ လျှို့ဝှက်ချက်... ဘာတွေ ပြောခဲ့သေးလဲ....”

“မင်းရဲ့ စွမ်းအားက သူတို့ သိတာထက် အများကြီး ပို သန်မာတယ်လို့ ပြောခဲ့တယ်.... တိတိကျကျတော့ မပြောရသေးဘူး...”

ချင်ယန်က အသက် ခပ်ပြင်းပြင်းလေး တစ်ချက် ရှူလိုက်ပြီး.....

“ရှန်ကွမ်ယင်၊ အခုချိန်ထိ မင်းတို့ လေးယောက်ထဲမှာ သစ္စာဖောက် မဖြစ်နိုင်ဆုံးလူက မင်းပဲလို့ ငါ ထင်ခဲ့တာ။ မင်းက ငါ့ကို

အံ့အောသင့်စေတယ်။ မင်း သစ္စာဖောက်ရတဲ့ အကြောင်းအရင်း ငါ သိချင်တယ်.. ငါ ချင်ယန် ဘာတွေ မပေးနိုင်လဲဆိုတာ သိချင်တယ်...”

ရှန်ကွမ်ယင်က ပြိုးကျသွားသော မျက်နှာ အမူအရာနှင့်....

“သူဌေး... မင်းက ငါ့အပေါ် အရမ်း ကောင်းတယ်။ ဒါပေမဲ့ ငါ မသေချင်သေးဘူး... တကယ့် မိန်းမအစစ် တစ်ယောက်လည်း ဖြစ်ချင်တယ်။ ကိုယ်ပိုင် ကလေးလည်း လိုချင်တယ်...”

"သူဌေးက ငါ့အပေါ် အရမ်း ကောင်းတယ်။ တကယ်လို့ သူဌေးသာ ငါ့ကို မိန်းမတစ်ယောက် ဖြစ်အောင် လုပ်ပြီး ကလေးတစ်ယောက် မွေးဖို့ အခွင့်အရေးပေးရင် သူဌေးနောက်ကို အမြဲတမ်း ပျော်ပျော်ရွှင်ရွှင် လိုက်မိမှာပဲ.... ဒါပေမဲ့ သူဌေးက ဒီအကြောင်းကို ဘယ်တုန်းကမှ မတွေးဘူး။ ဒီတစ်ကြိမ် အခက်အခဲကို သူဌေး မဖြတ်ကျော်နိုင်မှာ ငါ ကြောက်မိတယ်..."

ချင်ယန်က မချိပြုံး ပြုံးလိုက်မိသည်။

ချမ်ဟိုင်နှင့် အခြားလူများလည်း အံ့အော မှင်သက် နေကြသည်။

ချင်ယန်က ရှန်ကွမ်ယင်ကို ဘာညာ ဘာမှ မလုပ်ခဲ့သဖြင့် သူမတွင် သစ္စာဖောက်ရန် စိတ်ကူး မရှိခဲ့သော်လည်း အဆုံးတွင် သစ္စာဖောက်ရန် ရွေးချယ် သွားခဲ့သည်။

"ကိုယ်ရဲ့ လက်အောက်ငယ်သား မိန်းကလေး အပေါ် အခွင့်အရေး မယူတာက သူ့ဒွေးကောင်း မဟုတ်ဘူးလား...."

ချင်ယန်က စိတ်ပင်ပန်း နေသည်။

"ရှန်ကွမ်ယင်... အရင်က ထောင်ဇီမန်ကို တွေ့ဖူးလား။ မင်းက သူ့ကို အထင်ကြီးလို့လား..."

ရှောင်ကျူ့ဝမ်က ပြောလိုက်သည်။

"မြင်ဖူးတယ်..."

စိတ်ညို့ခံနေရသဖြင့် ရှန်ကွမ်ယင်က မလိမ်နိုင်ပေ။

ရှောင်ကျူ့ဝမ်က.....

"ချင်ယန်... သူမ သစ္စာဖောက်ရတာ အကြောင်းပြချက် အများကြီး ရှိလိမ့်မယ်။ မင်းက

သူဌေးကောင်း တစ်ယောက်ပါ..... ဒါက သူမရဲ့ ကိုက်ပိုင် ပြဿနာပဲ”

ချမ်ဟိုင်က လေးနက်သော လေသံနှင့်....

“သူဌေး.. ချက်ချင်း သတ်လိုက်မယ်....”

“မလိုဘူး...”

ချင်ယန်က ခေါင်းခါလိုက်သည်။

“ရှန်ကွမ်ယင်.. ကိုယ့်ကိုယ်ကိုယ် အဆုံးသတ်လိုက်...”

ချင်ယန်၏ အမှန်တကယ် အရေးမစိုက်သော အသံက ထွက်ပေါ်လာသည်။ ရှန်ကွမ်ယင်က သစ္စာဖောက်သွားပြီ ဖြစ်သဖြင့် ရန်သူသာ ဖြစ်သည်။ ညှာတာပေး၍ လုံး၀ မရပေ။

"ဖူး...."

ချင်ယန်၏ စိတ်ညို့မှု အောက်တွင် ရှန်ကွမ်ယင်က သူမ၏ နှလုံးကို ဖျက်ဆီးလိုက်ပြီး သွေးများ ချက်ခြင်း အန်ထွက်လာသည်။ စိတ်ညို့ထားသော အကျိုး သက်ရောက်မှုလည်း ရပ်တန့်သွားသည်။

"သူဌေး ငါ တောင်းပန်ပါတယ်. ငါ... ငါ..."

ရှန်ကွမ်ယင်က စကားကို ဆုံးအောင် ဆက်မပြောနိုင်ဘဲ လဲကျသွားသည်။ သေချင်စိတ် မရှိသဖြင့် သူမ၏ လှပသော မျက်လုံးများက ပြူးကျယ် နေသေးသည်။ သို့သော် သူမ၏ မျက်နှာပေါ်တွင် စိတ်သက်သာရာ ရခြင်း၊ နောင်တရခြင်း စသည့် စိတ်ခံစားချက်များနှင့် ရှုပ်ထွေးနေသည်။

ခဏကြာသည့် တိုင်အောင် ချင်ယန်တို့ အဖွဲ့ထဲတွင် မည်သူမျှ စကား မပြောကြပေ။ မည်သူမှ ထိုရလဒ်ကို မမျှော်လင့် ထားခဲ့ကြချေ။

"သူဌေး.. ငါ့ကို စိတ်မညို့ရသေးဘူး.."

တိတ်ဆိတ်နေသော အခြေအနေကို ချမ်ဟိုင်က ဖြိုခွဲလိုက်သည်။

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်ပြီး ချမ်ဟိုင်ကို လျင်မြန်စွာ စိတ်ညို့လိုက်သည်။ ကံကောင်းသည်မှာ ချမ်ဟိုင်တွင် မည့်သည့် ပြဿနာမှ မရှိခဲ့ပေ။

"ငါ အနားယူတော့မယ်.. ချမ်ဟိုင်... ရှန်ကွမ်ယင်ရဲ့ အလောင်းကို ကောင်းကောင်း သင်္ဂြိုလ်ပေးလိုက်...... နန်ရှမ်၊ ကျွမ်းစစ် မင်းတို့ ထွက်သွားလို့ ရပြီ...."

ချင်ယန်က စကား ပြောပြီးသည်နှင့် အခန်းထဲ တန်း ဝင်သွားသည်။

လေးယောက်တွင် နှစ်ယောက် ထွက်သွားပြီး နှစ်ယောက် ကျန်နေခဲ့သည်။ သို့သော် ကျန်ခဲ့သည့် နှစ်ယောက်တွင် တစ်ယောက်ကလည်း

သစ္စာဖောက်ခဲ့သဖြင့် ချင်ယန်အတွက် ထိုးနှက်ချက်ကြီး ဖြစ်သွားသည်။

"ကြည့်ရတော ပတ်ဝန်းကျင်၊ ခွန်အား တိုးတက်မှု စတဲ့ အရာတွေက လူတွေကို တကယ် ပြောင်းလဲ သွားစေတာပဲ...."

"ဟူး....."

ချင်ယန်က စိတ်ထဲမှ သက်ပြင်းချလိုက်သည်။ ချင်ယန် ပြန်လည် မမွေးဖွားခင်က ချမ်ဟိုင်တို့ လေးယောက်၏ ပင်ကိုယ်ပါရမီနှင့် စရိုက်

ကောင်းမွန်ကြောင်း သိခဲ့သဖြင့် ဝယ်ယူပြီး ခွန်အား မြှင့်တင်ပေးခဲ့ခြင်း ဖြစ်သည်။

အစောပိုင်း အခြေအနေတွင် ရှန်ကွမ်ယင်နှင့် အခြားလူများက ကောင်းကောင်း လုပ်ဆောင်ခဲ့ကြသည်။

ဤတစ်ကြိမ်တွင် မမျှော်လင့်စွာဖြင့် ရှန်ကွမ်ယင်က သစ္စာဖောက်ခဲ့သည်။

ချင်ယန်က ပြန်လည် ဝင်စားသူတစ်ယောက် ဖြစ်နေလျှင်ပင် လူတို့၏ အတွင်းစိတ် သဘော အပြောင်းအလဲ အချို့ကို ထိန်းချုပ်ရန် မဖြစ်နိုင်ပေ။

"ချင်ယန်..."

လောင်လန်နာနှင့် ရှောင်ကျူဝမ်တို့က ချင်ယန် အခန်းထဲ ဝင်လာကြသည်။

"ဒီကို ဘာလာ လုပ်ကြတာလဲ..."

ရှောင်ကျူဝမ်က...

"ချင်ယန်၊ သိပ်ပြီး စိတ်မဆိုးပါနဲ့... ရှန်ကွမ်ယင်က ခွန်အား အများကြီး တိုးလာလို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု မြင့်တက်လာတယ်။ ဒါကြောင့် သူ့အတွက် သူ ကြည့်လာတယ်။

ပိုကြီးတဲ့ ရန်သူတွေနဲ့ ရင်ဆိုင်ရတဲ့ အချိန်မှာ သွေးဆောင်မှုကို မခံနိုင်တာက သူမရဲ့ ကိုယ်ပိုင် ပြဿနာပဲ....”

“ငါ အဆင်ပြေပါတယ်....”

ချင်ယန်က ခေါင်းခါပြီး ပြောလိုက်သည်။ သူ ပြန်လည် မမွေဖွားခင်က သစ္စာဖောက်မှု အများကြီးနှင့် ကြုံခဲ့ဖူးသည်။ တစ်ကြိမ်၊ နှစ်ကြိမ် မကပေ။

ဤတစ်ကြိမ်တွင် ရှန်ကွမ်ယင်၏ သစ္စာဖောက်မှုမျှသာ ဖြစ်သော်လည်း ချင်ယန်၏ မျှော်လင့်ချက်ကို လုံးဝ ကျော်လွန် သွားခဲ့သည်။

“ချင်ယန်၊ ငါ့ကို စိတ်မညို့တော့ဘူးလား....”

လောင်လန်နာက ဝင်ပြောလိုက်သည်။

ချင်ယန်က မျက်လုံးမှေး သွားသည်။ ချမ်ပိုင်နှင့် အခြားလူများ အကြောင်းကို သူ သိပ်မသိသော်လည်း လောင်လန်နာကိုမူ သူမ ခန္ဓာကိုယ်၏ တစ်လက်မတိုင်းကို သိနေသည်။

ချင်ယန် ပြန်လည် မမွေးဖွားခင်တွင် လောင်လန်နာက သူ့ကို ထားခဲ့သော်လည်း သစ္စာမဖောက်ခဲ့ပေ။ အခြား ယောက်ျား တစ်ယောက်လည်း မရှိခဲ့ချေ။ ကိစ္စတစ်ခုခုကြောင့်သာ သူမ ထွက်သွားခဲ့သည်ကို ချင်ယန် သိနေသည်။

ထို့ကြောင့် လောင်လန်နာကို စိတ်ညှို့ရန် အားစိုက်ထုတ် ရမည်ကိုပင် ပြင်းနေသည်။

"ချင်ယန်... ကောင်းကင်ကြီးက ကောင်းကောင်း မလင်းသေးဘူး..."

"ဒီတစ်ခေါက် အပြင်ထွက်ရင် သေဖို့ အလားအလာ အရမ်း များနေတယ်။ ဒါကြောင့် မင်းကို တကယ့် ယောကျ်ား တစ်ယောက် ဖြစ်အောင် လုပ်ပေးဖို့ မင်းနဲ့ အတူတူ အိပ်မယ်..."

လောင်လန်နာက ချစ်စရာကောင်းအောင် ပြုံးပြီး ပြောလိုက်သည်။

ချင်ယန်က လောင်လန်နာကို တစ်ချက် ကြည့်လိုက်သည်။

သူ့ခွန်အား တိုးတက်လာသည်ကို ရှောင်ကျူဝမ်နှင့် အခြားလူများက မသိသော်လည်း

လောင်လန်နာက သိနေသည်။ ယခုလက်ရှိ သူတို့ ခွန်အားနှင့် ဆိုလျှင် ထွက်ပြေး လွတ်မြောက်နိုင်မည့် အခွင့်အလမ်းက မနိမ့်ကျပေ။

ရှောင်ကျူဝမ်က လောင်လန်နာ ပြောနေသည့် စကားကို ကြားလျှင် သူမလည်း စိတ်ပါလာသည်။

အကယ်၍ သူမသေရမည် ဆိုလျှင်ပင် သူမ မသေခင် သူမ၏ အပျိုစင်ဘဝကို ချင်ယန်အား ပေးအပ်နိုင်ရန် မျှော်လင့်နေမိသည်။

"ချင်ယန်.. ငါလည်း လုပ်မယ်...."

ရှောင်ကျူဝမ်က ခရမ်းချဉ်းသီး တစ်လုံးကဲ့သို့ နီရဲနေသော မျက်နှာနှင့် ပြောလိုက်သည်။

## အခန်း(၃၀၀) - အရှုံးထဲမှ အမြတ်ထုတ်ခြင်း...

"လောင်လန်နာ ပြဿနာ မရှာနဲ့.."

"စီနီယာ အစ်မ၊ ငါတို့ အဆင်ပြေမှာပါ.. ငါ ကတိပေးပါတယ်။ ဒါပေမဲ့ တခြား ဘယ်သူ့ကိုမှ မပြောပြပါနဲ့...... ဒီလိုမှ မဟုတ်ရင် အကုန်လုံး မူပျက်နေပြီး သွေးနတ်ဘုရားဂူ သတိထားမိသွားလိမ့်မယ်...."

ရှောင်ကျူဝမ်က ချင်ယန်ကို ဇဝေဇဝါ လှမ်းကြည့်လိုက်သည်။

ချင်ယန်က လေသံ တိုးလိုက်ပြီး...

“ကူချမ်ယင် နိုးလာပြီ။ နန်းတော်မှူးကူလည်း အဆင့် (၇) ဓမ္မ ကလေးငယ် အဆင့်ကို ရောက်နေပြီ..... သွေးနတ်ဘုရာဂူရဲ့ ဂူသခင် ကိုယ်တိုင် လာရင်တောင် နန်းတော်မှူးကူရဲ့ ပြိုင်ဘက် ဖြစ်မှာ မဟုတ်ဘူး....”

"စီနီယာ အစ်မ.... ဒီအကြောင်းကို မင်းစိတ်ထဲမှာပဲ ထား... အခု လောလောဆယ် ကျူယင်နဲ့ တခြားသူတွေကို မပြောပြနဲ့အုံး...."

ရှောင်ကျူဝမ်၏ မျက်လုံးထဲတွင် မမျှော်လင့်ထားသဖြင့် အံ့အော သင့်နေသော အမူအရာများ ပေါ်လာသည်။ မကြာခင် သူမ ပြောခဲ့သည့် စကားကို ပြန်တွေးမိပြီး မျက်နှာ တစ်ခုလုံး နီရဲလာသည်။

"ထားလိုက်တော့... နင်က လူလိမ်ပဲ..."

ရှောင်ကျူဝမ်က ရှက်စိတ်နှင့် ထွက်ပြေးသွားသည်။

“ချင်ယန်… နင်က ယောက်ျား မဟုတ်ဘူး….’

လောင်လန်နာက ချင်ယန်ကို ကြာ ကြည့်တစ်ချက်ကြည့်ပြီး တင်ပါးကိုလှုပ်၍ လမ်းလျှောက်ထွက်သွားသည်။

မိန်းမလှလေး နှစ်ယောက်က စားချင်တိုင်းစားပါဟု ခွင့်ပေးနေသော်လည်း တကောင့်သားက ဘုရားဖြစ်မည့် အုတ်ခဲ လုပ်နေသည်။

"အပြင်ရောက်ရင်.. ငါ အနားယူနေတဲ့ အကြောင်း ပြောလိုက်....."

"ဒီရက်ပိုင်းအတွင်း မအိပ်ရသေးဘူး...."

ချင်ယန်က တော်တော်လေး ပင်ပန်းနေသော အမူအရာနှင့် လှမ်းအော်လိုက်သည်။ သူ၏ ကျင့်ကြံခြင်းအဆင့်နှင့် ဆိုလျှင် ရက်ပိုင်းခန့် မအိပ်ခြင်းက ပြဿနာ ကြီးကြီးမားမား မရှိပေ။ သို့သော် ဝူလန် အင်ပါယာ ရတနာသိုက်တွင် ထောင်မိသားစုနှင့် တိုက်ခိုက်ခဲ့ရပြီး ပြန် ရောက်လာသည့် အချိန်တွင် ကူချမ်ယင်ကို

ကုသပေးခဲ့ရသလို ကူချမ်ချင်းကိုလည်း အဆင့်တက်နိုင်အောင့် အပ်စိုက် ပေးခဲ့ရသေးသည်။

"ကောင်းကောင်း အနားယူလိုက်ပါ...."

လောင်လန်နာက ထိုကဲ့သို့ ပြောပြီး ထွက်သွားသည်။ သူမလည်း အနားယူ ရအုံးမည်......

.........

"သွေးနတ်ဘုရားဂူက ဒီလို နည်းလမ်းကို တကယ် အသုံးပြုတာပဲ.. အရမ်း ကောင်းတယ်...."

ထောင်ကွမ်ယွီ၏ မျက်လုံးထဲတွင် အလင်းရောင်များ တောက်ပနေသည်။ ချင်ယန်က အလစ်ချောင်း တိုက်ခိုက်လာမည်ကို ကြောက်လန့်နေသဖြင့် မိုးလင်းသွားသည့် တိုင်အောင် အချိန်ဆွဲပြီး ဖြည်းဖြည်းခြင်း ပြန်လာခဲ့ခြင်း ဖြစ်သည်။

မိုးလင်းသည့် အချိန်မှ ထောင်ကွမ်ယွီနှင့် အခြားလူများက ချမ်ဂျူးမြို့သို့ ပြန်ရောက်လာခဲ့ကြသည်။

ထောင် အိမ်တော်သို့ ပြန်ရောက်သည်နှင့် လူတစ်ယောက်က ထောင်ကွမ်ယွီကို ယခုလက်ရှိ အခြေအနေအား တင်ပြ လာခဲ့သည်။

“အဖေ...... ဒီခရီးစဉ်မှာ ချင်ယန်နဲ့ မတွေ့ခဲ့ဘူးလား.....”

ထောင်ကွမ်ယွီ ရှေ့တွင် လူလတ်ပိုင်း အမျိုးသား တစ်ယောက် မတ်တပ်ရပ်နေပြီး ထိုအမျိုးသားက မေးလိုက်သည်။ သူက ထောင်ကွမ်ယွီ၏ အကြီးဆုံးသား ထောင်ကျီ ပင်.....။ ဒီတစ်ကြိမ် ထောင်ကွမ်ယွီတို့ အပြင်ထွက်သွားသည့်

ရည်ရွယ်ချက်ကို သိနေသဖြင့် မေးလိုက်ခြင်း ဖြစ်သည်။

ထောင်ကွမ်ယွီတို့ အဖွဲ့က ချင်ယန်ကို သတ်ခဲ့သင့်သော်လည်း ချင်ယန်က အသက်ရှင်လျက် ပြန်ရောက်နေပြီး ထောင်ကွမ်ယွီတို့က ယခုမှ ပြန်ရောက်လာခဲ့ကြသည်။

ထောင်ကွမ်ယွီက အနည်းငယ် မျက်နှာပျက်သွားသည်။

"အဘိုး.."

လူတစ်ယောက်က အော်ဟစ်ရင် အမြန် ပြေးဝင်လာသည်။ သူက ထောင်ကွမ်ယွီ၏ မြေး ထောင်ဇီမန် ဖြစ်ပြီး ထောင်ကွမ်ယွီ၏ အချစ်ဆုံးမြေး တစ်ယောက်ပင်။

“ဘာ ကိစ္စလဲ....”

စကား လမ်းကြောင်း ပြောင်းသွားသဖြင့် ထောင်ကွမ်ယွီက ဝမ်းသာသွားသည်။

ထောင်ဇီမန်က ပြုံးလိုက်ပြီး...

"အဘိုး..... ချင်ယန်ရဲ့ အစောင့် ရှန်ကွမ်ယင်နဲ့ တိတ်တိတ်လေး ဆက်သွယ်ခဲ့တယ်။ သူမက ငါတို့ ထောင်မိသားစုရဲ့ အဖွဲ့ဝင် ဖြစ်လာတော့မှာ။ အခုလက်ရှိတော့ ချင်ယန်တို့ဘက်မှာ အတွင်းသူလျှို လုပ်ပေးနေတယ်။ ချင်ယန် အကြောင်း အများကြီး သိလာတဲ့ အချိန်ကျရင် ချင်ယန်ကို ကိုယ်တွယ်ဖို့ ပိုလွယ်လာတော့မယ်..."

ထောင်ဇီမန်၏ အမြင်တွင် သူပြောပြီးသည်နှင့် သူ့အဘိုးက ဝမ်းသာ သွားလိမ့်မည် ထင်ခဲ့သော်လည်း သူ့ မျှော်လင့်ချက်နှင့်

ဆန့်ကျင်ဘက် ဖြစ်နေပြီး ထောင်ကွမ်ယွီ၏ မျက်နှာက လဒမှိုင် မှိုင်ကျသွားသည်။

'ချင်ယန်ကို သွားရန်စဖို့ ငါတို့ ထောင်မိသားစုက အရမ်သန်မာ နေပြီလို့ ထင်နေတာလား..'

"ဘာတွေ လျှောက်လုပ် နေတာလဲ..."

"သွေးနတ်ဘုရားဂူက လှုပ်ရှားတော့မယ်။ ချင်ယန်က အသက်ရှင် နိုင်ပါအုံးမလား... တောက်စ် သက်သက် အရှုပ်တွေ လုပ်နေတယ်..."

ထောင်ကွမ်ယွီက ပြောလိုက်သည်။

ထောင်ဇီမန်က အားပျော့သွားသော လေသံနှင့်.....

“ဒါပေမဲ့ အဘိုး.... ရှန်ကွမ်ယင်က ချင်ယန်ရဲ့ လျှို့ဝှက်ချက်တွေ အများကြီး သိထားတယ်။ ငါက သူ့ကို ရည်းစားစကား ပြောထားတော့.... ဒါက အချိန်တန်ရင် ကောင်းတဲ့ကိစ္စ ဖြစ်လာမှာ မဟုတ်လား.... ပြီးတော့ အရင်ကပဲ အဘိုးက သူမကို ရအောင်ပိုးပြီး အိမ်အပါ ခေါ်ခဲ့လို့ ပြောထားတာလေ...”

ထောင်ကွမ်ယွီက ဆွံ့အနေသည်။

"အဖေ... တစ်ခုခု ဖြစ်ခဲ့လို့လား...."

ထောင်ကျီက တစ်ခုခု မှားနေပြီဟု ခံစားလာရသည်။ ထောင်ကွမ်ယွီက သူ့သား ထောင်ဇီမန်အပေါ် တင်းကြပ်လေ့ ရှိသော်လည်း မြေးတစ်ယောက်ကဲ့သို့ ချစ်ချစ်ခင်ခင် ဆက်ဆံသည့် အချိန်က ပိုများသည်။ အထူးသဖြင့် ချစ်ခင်အောင် ပြောဆိုတတ်သည့် ထောင်ဇီမန်ကို ထောင်ကွမ်ယွီက မြေးများထဲတွင် အချစ်ဆုံးပင်....

ထောင်ကွမ်ယွီက တိတ်ဆိတ်နေပြီး ထုတ်မပြောနိုင် ဖြစ်နေသည်။

ဒီကိစ္စကို ထောင်ကျီတို့ ရှေ့တွင် ဖုံးကွယ်ထားစရာ မလိုပေ။

"ဒီတစ်ကြိမ် ချင်ယန်တို့ နောက်ကို လိုက်သွားခဲ့တယ်... ဒါပေမဲ့ ငါတို့ဘက်က ကြီးကြီးမားမား ဆုံးရှုံးလာတယ်...."

"ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် ငါးယောက် သွားတာ ငါနဲ့ ရန်စန်းပဲ ပြန်ရောက်လာတယ်။ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် (၁၅) ယောက်မှာ

(၁၁) ယောက်သေတယ်။ နှစ်ယောက်က ထွက်ပြေးသွားပြီ။ နှစ်ယောက်ပဲ ငါနဲ့ ပြန်ပါလာတယ်....”

ထောင်ကွမ်ယို့ စကား ပြောပြီးသောအခါ အခန်းတစ်လုံး တိတ်ဆိတ် သွား၏။

ထောင်ကျို၊ ထောင်ဇီမန်နှင့် အခြားလူများက အံ့အောစိတ်နှင့် မျက်လုံးများ ပြူးနေကြသည်။ ဤမျှ အင်အား တောင့်တင်းသော အဖွဲ့နှင့် လိုက်သွားခဲ့သော်လည်း ဤမျှ ဆုံးရှုံးမှု ကြီးမား ခဲ့သေးသည်။

"ချင်ယန်ရဲ့ ခွန်အားက ငါတို့ ခန့်မှန်းထားတာထက် အများကြီး ပို သန်မာနေတယ်...."

"ရှောင်မိသားစု၊ မီးနဂါး အင်ပါယာနဲ့ သွေးနတ်ဘုရားဂူက တန်ခိုးရှင်တွေကို ချင်ယန် သတ်ခဲ့တာ ဖြစ်နိုင်တယ်။ ကျန်ခဲ့လူတွေကိုလည်း ချင်ယန် သတ်ခဲ့တာပဲ ဖြစ်ရမယ်..."

ထောင်ကွမ်ယွီ၏ စိတ်ထဲတွင် ခါးသီးနေသည်။

အဆုံးတွင် ထောင်ဇီမန်က အသိစိတ် ပြန်ကပ်လာပြီး တုန်ယင်နေသော လေသံနှင့်....

“ အဘိုး... ငါတို့ ထောင်မိသားစုက ဘာဆက်လုပ် ကြမလဲ..”

ထိုဆုံးရှုံးမှုက ကြောက်စရာ ကောင်းလွန်းလှသည်။ အိပ်မက် ဆိုးကြီးပင်.....

ထောင်ကွမ်ယွီက လေးနက်သော လေသံနှင့်.......

“ချင်ယန်နဲ့ ငြိမ်ချမ်းရေး လုပ်ခဲ့တယ်။ ငါတို့ ထောင်မိသားစုနဲ့ ချင်ယန်တို့ အဖွဲ့က တစ်ယောက်ကို တစ်ယောက် ထပ်ပြီး မတိုက်ခိုက်တော့ဘူး။ အခု ငါပြောခဲ့တဲ့

စကားတွေကို တင်းတင်းကြပ်ကြပ် လျှို့ဝှက်ထား....
ဒီလိုမှ မဟုတ်ရင် သွေးနတ်ဘုရားဂူက ချင်ယန်ကို
တိုက်ခိုက်တော့မှာ မဟုတ်ဘူး....”

ထောင်ကျီက အံကြိတ်လိုက်ပြီး သွားကြားထဲမှ
လေသံနှင့်.....

“အဖေ၊ ချင်ယန်တို့ အဖွဲ့က ကျိန်းသေပေါက်
သေလိမ့်မယ်။ ကျွန်တော် သိသလောက်တော့
ဒီတစ်ကြိမ် ဦးဆောင်တဲ့လူက သွေးနတ်ဘုရားဂူရဲ့
ဂူသခင် (၂)၊ တန်ခိုးရှင်တွေလည်း အများကြီး

ခေါ်လာတယ်.......။ ချင်ယန်တို့ လွတ်မြောက်သွားဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး....”

ထောင်ကွမ်ယွီက ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။

ထောင်ကျီက......

“ဒါနဲ့ စကားမစပ်..... အဖေ... တစ်ခုတော့ ရှိတယ်။ ချင်ယန် ပြန်ရောက်လာပြီးတော့ နန်းတော်မှူးဆီ သွားခဲ့တယ်။ နန်းတော်မှူးက ဝေ့ဝူရှန်းကို ခေါ်ခိုင်းလိုက်တာ....။ သတင်းကြားတာကတော့ ကူချမ်ယင်ရဲ့ အခြေအနေကို

စစ်ဆေးဖို့ လျှို့ဝှက် အခန်းထဲ ဝင်သွား ခဲ့သေးတယ်.....”

“တိုးတက်လာလား....”

ထောင်ကျီက....

“အဖေ၊ ဒါတော့ မဖြစ်နိုင်ဘူး။ ချင်ယန်က သူတစ်ယောက်တည်း ပြန်ထွက်လာတာ...... နန်းတော်မှူးကူ က လိုက်တောင် မပို့ပေးဘူး...”

ထောင်ကွမ်ယွီက ပေါ့ပေါ့ပါးပါး အမူအရာနှင့်.....

“ဒါက ပုံမှန်ပဲ........ အဆင့် (၇) ဆေးဆရာ သုံးယောက် စစ်ဆေးခဲ့သေးတယ်။ အဆင့် (၆) ဆေးဆရာ တစ်ဒါဇင်ကျော်လည်း ခေါ်ပြ ခဲ့သေးတယ်.....။ တကယ်လို့ ချင်ယန်သာ ဖြေရှင်းနိုင်ရင် အနောက်ဘက်က နေထွက် လာလိမ့်မယ်။ ထောင်ကျီ...... ရန်မိသားစုဆီကို စာတစ်စော င် သွားပေးလိုက်.....”

“ဟုတ်ကဲ့ အဖေ.......”

ထောင်ကျီက စိတ်ထဲမှ ကြိတ်ပြီး သက်ပြင်းချ လိုက်သည်။ ထောင်မိသားစု၏ ယခုလက်ရှိ

အခြေအနေအရ သူ့အဖေက နန်းတော်မှူး ရာထူးအတွက် မျှော်လင့်ချက် မရှိတော့ကြောင်း သိနေသည်။

ယခု ပေးခိုင်းသော စာကလည်း ထောင်မိသားစု အကျိုးအတွက်သာ ဖြစ်နိုင်သည်။ သို့သော် ထိုအကျိုးက နန်းတော်မှူး ဖြစ်လာနိုင်သည့် အကြီးမားဆုံးသော အကျိုးအမြတ် မဟုတ်တော့ပေ။

နာရီဝက် ကြာပြီးနောက်.........

"ကောင်းတယ်... ကောင်းတယ်.. ကောင်းတယ်..."

ရန်ခွန်က အလွန် စိတ်လှုပ်ရှား နေသည်။ သူ့လက်ထဲတွင် ထောက်ကွမ်ယွီ ရေးထားသော စာ ရှိနေသည်။ ထောင်ကွမ်ယွီက စာထဲတွင် သူ နန်းတော်မှူး ဖြစ်လာအောင် အပြည့်အဝ ထောက်ခံပေးမည့် အကြောင်း ရှင်းရှင်းလင်းလင်း ရေးသားထားသည်။ သူ ပြန်ပေးရမည့် စျေးနှုန်းမှာ ရတနာ အချို့သာ ဖြစ်သည်။

ထိုရတနာများက ထူးမြတ်သော ရတနာများ ဖြစ်သည်။ ရန်ခွန်က ထိုရတနာများကို မပေးချင်သော်လည်း ထိုရတနာများ ပေးပါက သူ နန်းတော်မှူး ဖြစ်လာစေရန် ထောက်ကွမ်ယွီက အပြည့်အဝ ထောက်ပံ့ပေးမည် ဖြစ်၍ စိတ်ကျေနပ်စရာပင်......

ထောင်ကွမ်ယွီက အပြည့်အဝ ထောက်ခံနေသရွေ့ ကူချမ်ချင်းက သူ့ကို တော်တော်လေး မကြိုက်လျှင်ပင် နန်းတော်မှူး ဖြစ်လာနိုင်သည်ဟု ရန်ခွန်က ယုံကြည်နေသည်။

ကူချမ်ချင်းက ဝေ့ဝူရှန်းကို ရွေးချယ်လိုက်မည်ဆိုပါက ချမ်ဂျူး အကယ်ဒမီတွင် ကူချမ်ချင်း မမြင်ချင်သည့် ကိစ္စမျိုး သေချာပေါက် ဖြစ်လာလိမ့်မည်။

"အစ်ကိုထောင်... မင်း သေချာလား...."

မကြာခင် ရန်ခွန်က ထောင်ကွမ်ယွီထံ ရောက်လာသည်။

"သေချာတာပေါ့..."

ထောင်ကွမ်ယွီက ခေါင်းညိတ်လိုက်ပြီး....

"ဒါ အမှန်အတိုင်း ပြောနေတယ် ဆိုတာ ငါ့ဝိညာဉ်နဲ့ တိုင်တည်ပြီး ကျိန်ဆိုပေး နိုင်တယ်..."

"အရမ်း ကောင်းတယ်... အစ်ကိုထောင်က ဒီလို ပြောနေတယ် ဆိုမှတော့ အစ်ကိုထောင်ကို ယုံကြည်ပါတယ်...."

ရန်ခွန် လက်ထဲတွင် သိုလှောင် လက်စွပ် တစ်ကွင်း ပေါ်လာပြီး........

"အစ်ကိုထောင်... ဒီထဲမှာ မင်းလိုချင်တဲ့ ရတနာတွေ ရှိတယ်..... အစ်ကိုထောင်... ငါ

မေးချင်တာက အစ်ကိုထောင်က ဘာဖြစ်လို့ ဒီလိုမျိုး ရွေးချယ် လိုက်တာလဲ....”

ထိုအချက်ကို ရန်ခွန်က အမှန်တကယ် မစဉ်းစားတတ်ပေ။

အချိန်တန်၍ နန်းတော်မှူး ဖြစ်သွားပါက အကျိုးအမြတ် အများကြီး သေချာပေါက် ရလာလိမ့်မည်။

ထောင်ကွမ်ယွီက  သက်ပြင်း ချလိုက်ပြီး.....

"တချို့ ကိစ္စတွေ ဖြစ်သွားတယ်... နောက်ပိုင်းကျရင် သိလာပါလိမ့်မယ်...."

"အဒီကိစ္စကို အခု လောလောဆယ် ဖုံးကွယ်ထားတာ ပိုကောင်းတယ်..."

ရန်ခွန်က ခေါင်းညိတ်လိုက်ပြီး....

"ဒီလိုပဲ လုပ်ကြမယ်.... ငါတို့ အရောင်းအဝယ် လုပ်လိုက်တဲ့ အကြောင်းကို နန်းတော်မှူး သိသွားရင် စိတ်ထဲ ခုသွားနိုင်တယ်...."

"အစ်ကိုထောင်... ဒါဆို ငါ အရင်ပြန်နှင့်တော့မယ်..."

"ကျေးဇူး အများကြီး တင်ပါတယ်..."

ရန်ခွန်က ထွက်ခွာသွားသည်။

ထောင်ကွမ်ယွီက ကြိတ်ပြီး စိတ်သက်သာရာ ရသွားသည်။ ရန်ခွန်နှင့် ညှိနှိုင်းပြီးနောက် ပစ္စည်းကောင်း အများကြီး ရရှိခဲ့သည်။ ရန်မိသားစုတွင် ပစ္စည်းကောင်း အများကြီး လျော့နည်းသွားသဖြင့် ရန်ခွန်က နန်းတော်မှူး

ဖြစ်လာလျှင်ပင် သူတို့ ထောင်မိသားစု၏ အခြေအနေက တည်ငြိမ် နေအုံးမည်။

"ချင်ယန်.. ချင်ယန်.. မင်း ငါတို့ ထောင်မိသားစုက တန်ခိုးရှင်တွေကို အများကြီး သတ်လိုက်လည်း ဘာဖြစ်လဲ..."

"မင်းရဲ့ ပင်ကိုယ်ပါရမီက အရမ်း အားကောင်းလဲ ဘာဖြစ်လဲ...."

"မင်းရဲ့ ရတနာတွေ အများကြီး ကုန်သွားပြီ..... ငါတို့ ထောင်မိသားစုထက် စာရင် သွေးနတ်ဘုရားဂူက လွှတ်လိုက်တဲ့ တန်ခိုးရှင်တွေက

ပိုများလိမ့်မယ်။ ရှောင်မိသားစုလည်း ပါအုံးမယ်....။ ဒါကို ဘယ်လို ကိုင်တွယ်မှာလဲ....."

ထောင်ကွမ်ယွီက လျှောင်ရယ် နေလိုက်သည်။ နောက်ဆုံးတွင် အသက်ရှင်နိုင်သည့် သူသာ နောက်ဆုံး ရယ်မောနိုင်သူ မဟုတ်ပါလား။